www.burmeseclassic.com

# ရှင်မိုး

၊ဆေးတက္ကသိုလ်၊

ပန်းတစ်ပွင့်ရဲ့ဖန်ဆင်းရှင်



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်လှိုင်

**စေတနာစာပေ**

မှစီစဉ်ထုတ်လုပ်သည်

## ရှင်မိုး (အေးတက္ကသိုလ်)

# ပန်းတစ်ပွင့်ရဲ့ဖန်ဆင်းရှင်

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား
ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





ရည့်ပရိုတ်သတ်အားလုံးရဲ့ အာရုံက . . သတို့သား သတို့သမီးဆီမှာ . . ရှိနေချိန်မှာ သူမကတော့ အများနဲ့မတူပဲ အာရုံက သတို့သမီးရဲ့ လက်ကိုင်ပန်းအိုးကလေးထဲမှာ . .

လှပသော ငွေလင်ဗန်းကလေးထဲတွင် တောင်ကျွန်းမို့မို့လေးလို ကနုတ်ပန်းကနုတ်ဦးမို့ကလေးလို သေသပ်စွာ ဖန်တီးထားသော မင်္ဂလာအောင်စံပယ်ပန်းကုံးနှစ်လုံးထည့်ရာ ပန်းဗန်းကလေးကို . . ချစ်စဖွယ်ကိုင်ဆောင်ပေးသော သတို့သား သတို့သမီးရှေ့က သမီးငယ်လေးလက်ထဲက . . အောင်စံပယ်ပန်းကုံးများကိုလဲ သူမ . . တစိမ့်စိမ့်ကြည့်မဝ

မင်္ဂလာစင်မြင့်ရှေ့မှာ အစီအရီချထားသော ပန်းအိုး



www.burmeseclassic.com

www.burmeseclassic.com



ကြီးသုံးအိုးထဲက. . သစ္စာပန်းလှလှကြီးတွေကိုလဲ. . အာရုံတွေ . . တရစ်ဝဲဝဲ။

အို. . ဘာကြောင့်ဖြစ်မလဲ. . လို့အဖြေပေးရရင်အဲဒါ. . သူမရဲ့လက်ရာတွေလေ. . သူမကိုယ်တိုင် ထိုးဖော်ပြင်ဆင်ဖန်တီးပေးထားတဲ့ လက်ရာတွေပါပဲ. . .

မင်္ဂလာပွဲပေါင်း. . အခမ်းအနားပေါင်း. . ဘယ်လောက်ပဲများပြားစွာ ဖြတ်သန်းပြီးပါစေ. . သူမကတော့ ယခုထိတိုင်. . သူမရဲ့လက်ရာပန်းအလှအပြင်အဆင်များကို မရိုးနိုင်စွာ ကြည်နူးကျေနပ်စွာ ငေးမောနေတတ်စမြဲ။

မင်္ဂလာအခမ်းအနားအပြီးမှာ သတို့သား သတို့သမီးကို အားလုံးက နှုတ်ဆက်ပြီး ထွက်ကြတဲ့အခါ သူမအလှည့်နှုတ်ဆက်တော့. . .

"ပန်းတွေ. . သိပ်လှတာပဲ. . ကျေးဇူးအရမ်းတင်တယ်နော်. . ပန်းအလှပြင်ဆင်ပေးတာ သိပ်စေတနာပါတယ်လို့ ဆွေမျိုးတွေအားလုံးက ချီးကျူးနေကြတယ်. . သိလားလူလဲလှသလို ပန်းတွေရွေးတာလဲလှတယ် ပန်းပြင်တာလဲသိပ်လှတာပဲ. .

အရမ်းကျေးဇူးတင်တယ်နော်"

သတို့သမီးလေးက လှိုက်လှိုက်လှဲလှဲ. . လက်တွဲနှုတ်ဆက်ရင်း. . ကျေးဇူးတင်စကားပြောနေရာ. . သူမကနံဘေး၌ ရပ်စောင့်နေသော ညီ့သည်တွေကြားမှာ မျက်နှာမထားတတ်အောင် ရှက်ရွံ့နေလျှက်. . အသံတိတ်ပြုံးပြရုံသာတုံ့ပြန်မိလေသည်။ ကိုယ်က. . နောက်ကွယ်မှာ အလှတရားတစ်ခုကို ဖန်တီးပေးနေရရင် ကျေနပ်တတ်သူ. . အခုလို လူကြားသူကြားထဲ ထင်ထင်ပေါ်ပေါ်အသိပြုခံရတာကို. . ဘာကြောင့်ရယ်မသိ မနေတတ်. . မထိုင်တတ်. . မတုံ့ပြန်တတ်။

"မင်္ဂလာပွဲလာတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျား"

သတို့သားက ဤမျှနှုတ်ဆက်တတ်ပုံရသည် တစ်ချိန်လုံး ပြုံးလို့သာနေသည်။ စကားလဲ အတော်နည်းပုံရ၏.





ဧတနာဆယ်

www.burmeseclassic.com

www.burmeseclassic.com



"ခွင့်ပြုပါဦးနော်.."

"ဟုတ်ကဲ့.. နောက်လဲဘာအခမ်းအနားတွေပဲ ရှိရှိ အမြဲသတိရမယ်နော်..ပန်းတွေလာပြင်နိုင်ဦးမှာပဲ"

"ရင်းနှီးတဲ့ သူတွေဆို.. မငြင်းတတ်ပါဘူးရှင်.."

သူမ..ပြုံးလျှက် နှုတ်ဆက်ထွက်ခွာလာခဲ့ပါသည်။ ခန်းမအပြင်မှာ ရပ်ထားသော သူမရဲ့ဆလွန်းကားကလေးဆီ တည်ငြိမ်အေးဆေးစွာ လျှောက်သွားစဉ်..သူမ၏ နောက်ကျောသို့ စူးညှို့စွာစိုက်ကြည့်နေသော မျက်ဝန်းတစ်စုံပိုင်ရှင် တစ်ဦးက..သူမအား ငေးမောနစ်မြောကျန်ရစ်ခဲ့ခြင်းအလား..သူမ, လုံးဝ မသိလိုက်ချေ။

မြင်မြင်ချင်းတစ်ခါမှ ရင်ထဲမှာ အေးချမ်းသွားသလို ခံစားလိုက်ရတာမျိုး မရှိခဲ့ဖူးပါ။ ဒါ..ပထမဆုံး အကြိမ်ပဲ လို့ ကိုယ့်..ခံစားချက်ကိုယ်..အတည်ပြုရင်း ကိုယ်သူမကို တချိန်လုံး နစ်မြောနေခဲ့ပါရဲ့။

ကိုယ်..ကိုသူမ မျက်လုံးတွေတစ်ချက်လေးမှ ခစ်





စိုက်စိုက်ကြည့်စေချင်ပြီ။

သို့ပေမဲ့ သူမလေးက မင်္ဂလာခန်းမထဲမှာရှိတဲ့, မည်သည့် လူတစ်ဦးတစ်ယောက်ကိုမှ စိတ်ဝင်တစားမရှိပဲ ခန်းမစင်မြင့်ထက်က ပန်းအိုးကြီးတွေဆီပဲ..အာရုံက မပြောင်းနိုင် ပန်းတွေများ..ဘာဆန်းသလဲ..

မြင်နေကျ.. ပန်းထိုးပုံမျိုး..ပန်းအပြင်အဆင်မျိုး ပြီးတော့ မြင်နေကျ သစ္စာပန်းတွေ ရှုံးပန်းတွေ ဘာဆန်းသလဲ..ထူးထူးခြားခြားကိုမရှိလှ..ဒါကို သူမ စိတ်ဝင်စားသတဲ့..

တခြား အမျိုးသမီး ငယ်ငယ်..ပျိုပျိုရွယ်ရွယ် အကြီးအလတ်မရွေးတို့က လာသမျှဧည့်ပရိတ်သတ်ကို စိတ်ဝင်စားနေချိန်မှာ သူမကတော့ တခြား အမျိုးသမီးတွေနဲ့မတူ ပန်းအိုးတွေကိုမှ စိတ်ဝင်စားတာ.. ဆန်းလှချည်လား..ဘေးကကိုယ့်မိတ်ဆွေကို စကားပြန်ပြောနေရပေမဲ့..ကိုယ့် စိတ်တွေက သူမထံမှ ပြန်ရုတ်သိမ်းမရဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဖြူဖြူစင်စင်လန်းလန်းဆန်းဆန်းကလေး ကို မြင်ရသလိုပဲ သိပ်နူးညံ့အေးမြတာပဲ. . ကောင်မလေးရယ်. .

သတို့သား. . သတို့သမီးပွဲထုတ်တော့လဲ အများနည်းတူ သတို့သားသတို့သမီးစုံတွဲကို ကြည့်တော့ကြည့်သား. . ဒါပေမဲ့ ကိုယ်ထင်တာပြောရရင် သူမကသတို့သမီးရဲ့ လက်ကိုင်ပန်းကိုပဲ ပိုပြီးတော့များ အာရုံစူးစိုက်နေ သလား လို့. . .

သတို့သားသတို့သမီးရှေ့က. . သမီးငယ်လေး လက်ထဲမှာ လှပစွာ ဖန်တီးထားတဲ့. . မင်္ဂလာစံပယ်ပန်းကုံး တွေကိုပဲ. . ပိုပြီး စိတ်ဝင်စားနေသလားလို့. .

ဘာလို့. . ပန်းတွေကို စိတ်ဝင်စားသနည်း ဤအဖြေ ကို ရှာမရဖြစ်နေခဲ့သည်။

နောက်တော့. . သိပ်မကြာ. . ကိုယ် အဖြေသိခဲ့ရလေပြီ။ သူမရဲ့ခြေလှမ်းတွေနောက်က ထပ်ကြပ်မကွာ လိုက်ခဲ့သော ကိုယ်က သူမနဲ့ သတို့သမီးတို့ရဲ့စကားသံတွေကို အကုန်ကြားသိခွင့်ရလိုက်ပြီ။





ကြည့်စမ်း. . မင်္ဂလာဆောင်ခံပွဲတွေမှာ ပန်းအလှပြင်ပေးသူကလေးကို. . ဒါကြောင့် သူမရဲ့လက်ရာတွေကို တစိမ့်စိမ့် ကြည်နူးနေတာ. . .

သူမ ဘယ် သူ ဖြစ် မလဲ . . ကြားဖူးနေ ကျနာမည် ကြီး ပန်းအလှပြင်သူတစ်ဦးပဲလား. . ခက်ခက်ခဲခဲမစုံစမ်းလိုက်ရပါ. . သတို့သားနဲ့ ရင်းနှီးသလို သတို့သားမိသားစုနဲ့ ရင်းနှီးလှသော ကိုယ်ဟာ သူမဘယ်သူဆိုတာ သိခွင့်ရလိုက်ပြီ။

"ဘာလဲ ပန်းအလှပြင်ထားတာ. . . ဆန်းနေလို့ မေးတာလား. . ထူးထူးဆန်းဆန်းပဲ ပန်းအလှပြင်တာဘယ်သူလဲလို့ မေးတာ ယောက်ျားတွေထဲမှာ ခင်ဗျားတစ်ယောက်ပဲ ရှိတယ်ဗျို့. . "

ကိုယ်. . မလုံမလဲပြုံးပြရင်း

"ကိုယ်လဲ. . ပန်းအလှပြင်ပညာနဲနဲလေ့လာဖူးလို့ သိနေတယ်. . ပြင်ဆင်ပုံတစ်မျိုးမို့လို့ပါ" မှတ်သားသုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



ခပ်မြန်မြန်ရှောင်ထွက်လာခဲ့ပါသည်။ တကယ့်တကယ် ကိုယ်ပန်းတွေကို စိတ်မဝင်စားပါ. . ကိုယ်. စိတ်ဝင်စားတာက ဆလွန်းအဖြူလေးစီးသွားတဲ့ မန်းအလှပြင်သူလေးကိုပါ. . ။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၁)





## (၁)

'မေမေရယ်. . ဘွားအေကြီးရယ်သာရှိသော မိသားစုလေးထဲမှာ . . လေဘာဝတီက တစ်ဦးတည်းသော ကလေးငယ်လေးပဲဖြစ်လေသည်။

"ကျုပ်က လေဘာဝတီမမြရင်. . သီချင်းတွေဆိုပြီးသိပ်မှ မြေးက အိပ်တယ် မြေးဘယ်လောက်ငိုနေနေ. . လေဘာဝတီသီချင်းတွေ ဖွင့်ပေးလိုက်ရင် အငိုတိတ်ပြီး ငြိမ်နားထောင်နေတတ်လို့ နေ့နံ့လဲသင့်တဲ့ "လေဘာဝတီ" ဆိုတဲ့ နာမည်ပေးတာ. . ညည်းအမေက ကန့်ကွက်ချင်သေး. .



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ သူများအစခံရမတဲ့.. ကျုပ်က နားမထောင်ပါဘူး.. ညည်းကျောင်းအပ်တော့ ညည်းအမေ, မဦးခင် ကျုပ်ဦးအောင်သွားအပ်ပစ်လိုက်တယ်.. ဒါနဲ့ပဲ ကျောင်းနာမည် လေဘာ့တီဟာ အတည်ဖြစ်သွားတာပေါ့ ကဲ.. ခုခေတ်ကျတော့ ညည်းတို့နာမည်အဆန်းပေးပုံနဲ့ ညည်းနာမည်က ဆန်းမနေပြီလား.. ရိုးရိုးလေးနဲ့ ဆန်းတယ်ဆိုတာ အဲဒါမျိုးပေါ့.. မြေးရဲ့အမှန်က "လေဘာတီ မမြရင် လို့ ပေးလိုက်ရင် ပိုတောင်ဆန်းဦးမယ်"

"တော်ပါပြီအဘွားရယ်.. ကျောင်းမှာ ဆရာမနာမည်ခေါ်ရတာနဲ့တင်.. တို့နာမည်ရှည်လို့ သူမောတယ်ဆိုပြီး ဆူနေပါမယ်.."

မေမေက မြေးအဘွားတွေကို လှမ်းကြည့်ရင်း "အမေ.. နာမည်ပေးကောင်းတာ တက္ကသိုလ်တတ်တော့ သမီးခများ နာမည်နဲ့တင် ဟိုလူစိတ်ဝင်စား ဒီလူစိတ်ဝင်စား Notice မှာ အစခံရ၊ သိရေတာရှေ့ ကျောက်သင်ပုန်းမှာ





မနက်ကျောင်းရောက်လို့ အတန်းထဲဝင်တိုင်း တစ်မျိုးမဟုတ်တစ်မျိုး အရေးခံရ.. လေဘာတီ သီချင်းတွေဆိုကြတာ.. ခံရနဲ့.. တနေ့တနေ့ မရိုးနိုင်ဘူးကျောင်းကပြန်လာရင် ကြားရတာနော် အံမယ်လေး.. ကျောင်းမြန်မြန်ပြီးသွားပေလို့မဲ့နောက်မို့ ကျောင်းသားထပ်တက်နေရရင်.. အဲဒီနာမည်ပြဿနာက ... ပြီးဆုံးဦးမှာ မဟုတ်သေးဘူးရှင်"

"အို.. မြေးက လှလဲလှတာကိုး.. ကျုပ်မြေးမို့ ကျုပ်ပြောတာမဟုတ်ဘူး.. မိန်းကလေးတော်တော်များများလဲလှကြတာပဲ ဒါပေမဲ့ မြေးရဲ့အလှက အေးချမ်းပြီး မြင်လိုက်ရတဲ့ သူကို စိတ်နှလုံးနူးညံ့သွားစေတယ်.."

"အဟီးဟီး.. အဘွားမြှောက်တာနဲ့ တီခြေများတွေကြမ်းပြင်နဲ့ တောင်လွတ်သွားပြီထင်တယ်.. မှန်း.."

"ကြည့်စမ်း.. ခွေးကလေး ဘွားအေကို နောက်စရာလား.."

မေမေကား.. တရင်းစာအုပ်ကိုဖိတ်ရင်း..



www.burmeseclassic.com

"ဟိုနေ့က. . မတင်သမီးမင်္ဂလာဆောင်မှာကွယ်. သမီးပြင်ပေးတဲ့ပန်းကို မတင်သမီးလေးဟာ သဘောကျလွန်းလို့ တဖွဖွ ချီးကျူးမဆုံးဖြစ်နေတယ်. . သမီး ဒီလောက်လက်ဖြစ်တာနော်. . ဒါတောင် စီးပွားဖြစ် လုပ်သေးတာ မဟုတ်ဘူး. . ရင်းနှီးခင်မင်တဲ့လူတွေကတဆင့် လာအပ်ကြတာတောင် သမီးမှာနေ့တိုင်း အလုပ်လက်ခံနေရတယ်. . . တကယ်သာ လုပ်ဖြစ်လို့ကတော့ လက်တောင်လည်မှာ မဟုတ်ဘူး. ."

" မေမေနဲ့အဘွားက. . တီ့ ပင်ပန်းမှာ စိုးလို့ဆို. ."

"ဟုတ်တယ်. . ဒါကြောင့် မလုပ်ခိုင်းတာ. . သမီးပျော်သလောက်လုပ်ဆိုပြီး ခွင့်ပြုတာပါ. . သမီးအတွက်က အလုပ်မရှားပါဘူး. . ဒီအလုပ်ငြီးငွေ့ရင်ပဲ မေမေ့ပါတီတ်ဆိုင်လာထိုင်လဲဖြစ်တယ်. ."

"တီ.. ကဝါသနာပါလို့ သင်တန်းတွေပေါင်းစုံနဲ့ အောင် တက်ထားတာ. . ပန်းထိုးပညာဆို တီ. . မတက်ဖူးတဲ့ သင်တန်းတောင်မရှိသလောက် ဖြစ်နေပြီ. . ဒါကြောင့် တီ့ပညာတွေကိုလက်တွေ့ အသုံးချချင်လို့ . . အလုပ်လက်ခံနေတာပါ. . မေမေရဲ့. ."

လေဘာတီသည် တင်ပျဉ်ခွေထိုင်နေရာ သူမ၏ နက်မှောင်ပျော့အိထွေးသော ဆံပင်ရှည်များက . . ကြမ်းပေါ်တွင် ပုံကျနေလေသည်။

ဆံပင်ရှည်များကို နှစ်ဘက်ခွဲလျက် ရှေ့ဘက်ပေါင်ပေါ်လက်ဖြင့် ဆွဲသိမ်းလိုက်တော့ ဆံပင်တွေက ပေါင်ပေါ်မှာ ပုံကျနေပါသည်။

မတ်တပ်ရပ်လျှင်. . ဒူးခေါက်ခွက်ထိရောက်သော ဆံပင်ရှည်များကို အိမ်မှာသာ ဖါးလျားချနေလေ့ရှိပေမဲ့ အပြင်သွားတဲ့အခါတိုင်း အမြဲကျစ်ဆံမြီးတစ်ချောင်းတည်းကျစ်လေ့ရှိသည်။

"ကိုယ်က ဆံပင်ရှည်ကို မြတ်နိုးလို့ထားတာ သူများတွေက ဖါးဖါးဝေဝေမြင်ပြီး လူကြည့်ချင်စရာအဖြစ် မခံနိုင်ပါ

www.burmeseclassic.com



ဘူး..

ကျစ်ဆံမြီးကျစ်ထားရင် သိပ်သတိမထားမိ ရင်းနှီးသူတွေက အိမ်မှာ ဆံပင်ရှည်ဖါးလျားလေးနဲ့ပါ ပိုကြည့်ကောင်းတယ်.. ပြောလျှင် လေဘာတီက ဤသို့ ပြန်ပြောရှင်းပြလေ့ရှိပါသည်။

"ကုမ္ပဏီတစ်ခုက အစည်းအဝေးကြီးတစ်ခုအတွက်တဲ့ နိုင်ငံတော်အကြီးအကဲတွေလဲ လာမှာမို့ အခမ်းအနားမှာ ပန်းအိုးအလှထိုးချင်သတဲ့ အဲဒါအဲဒီ ကုမ္ပဏီလုပ်ငန်းရှင်က သမီးဆီမှာ ပန်းထိုးဖို့ အပ်ချင်လို့တဲ့.."

"အဲဒီလူက.. တို့ကို သိလို့လား.."

"မတင်သမီးမင်္ဂလာဆောင်မှာ သူတို့က တပြောပြောဖြစ်နေတော့.. ကြားဖူးနားဝနဲ့ ပန်းအလှပြင်ပေးဖို့ သမီးကိုပဲ သတိရပြီး ငှါးတာဖြစ်မှာပါ.."

"ပန်းထိုးပေးရတာ ဘာမှ အပန်းမကြီးလှပါဘူး.. တခြားရင်းနှီးတဲ့ လူတွေရဲ့ မိတ်ဆွေတွေလဲ ဒီလိုလာအပ်နေ







ကျပါပဲလေ..

ဒါပေမဲ့.. ပန်းအလှထိုးထားရင်ပြီးရော.. ပုံစံနဲ့လာငှါးရင်တော့ သိပ်မလုပ်ပေးချင်ပါဘူး.. တချို့က လက်ရာကြိုက်လို့အပ်တာ.. အဲဒါမျိုးဆို ပန်းထိုးရတာပိုလုပ်ပေးချင်တယ်"

"ဒါပေမဲ့.. ငါ့သမီးက ပန်းအလှပြင်ဖို့ဆို အမြဲ ထက်ကြွနေတာပဲမဟုတ်လား.."

"အင်း.."

"ဒါဖြင့်လဲ ..အဲဒီအခမ်းအနားအတွက် သမီးသဘောနဲ့ သမီးဆုံးဖြတ်ပေါ့.. အလုပ်အပ်မဲ့လူကတော့ လူကိုယ်တိုင်အိမ်လာအပ်ပါ့မယ်တဲ့.. မှာလိုက်တယ်..

ဒီတစ်ရက်.. နှစ်ရက်အတွင်း လာဖြစ်လိမ့်မယ် သမီးက အိမ်မှာအမြဲရှိတဲ့လူပဲ..

အရေးတယူစောင့်နေစရာတော့ မလိုပါဘူး.."

"ရက်သိပ်ကပ်မှ လာရင်.. ပန်းမှာရမှာလိုချင်ဘာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နေလိမ့်မည်. . "

"သူတို့သိမှာပါ. . မတင်ရဲ့သမီးတုန်းကလဲ ကြိုပြော ကြိုအပ်တာပဲ. . ဒီလူတွေလဲကြိုပြီး လာအပ်မှာပါ. . "

လေဘာတီက. . ထိုးလက်စပန်းအိုးကို အစသတ်ပြီး သည့်အခါ. . ပီတိဖြစ်လျှက် ငေးလို့ကောင်းဆဲ. .

ပန်းတွေကို ချစ်သော. . မြတ်နိုးသော လေဘာတီ က သူမ၏ ပန်းများမည်သည့်အခန်းအနားမှာမဆို တင့်တယ် ခမ်းနားစွာ လှပ[illegible]မည်ဖြစ်ကြောင်း ပန်းတွေအလှဆင်ပေးဖို့ ဘယ်သောအခါမှ ငြင်းဆန်လိမ့်မှာ မဟုတ်ချေ။

* * *

အဲဒီနေ့က မင်္ဂလာပွဲတစ်ခုအတွက် ပန်းအလှပြင် ပေးနေတာဖြစ်သည်။ မင်္ဂလာပွဲက နေ့လယ်တစ်နာရီစမှာ ပေးမဲ့ လေဘာတီက မနက်ငါးနာရီပန်းလာပို့ကတည်းက စပြီး မထတန်း ပန်းထိုးနေသည်မှာ မနက်ကိုးနာရီ ထိုးခါနီးတော့ လက်စသတ်ခါနီးနေပြီ။





ပေအစိတ်ပေခြောက်ဆယ်တိုက်ခန်းကျယ်ကြီးမှာ မိသားစုသုံးယောက်နဲ့ ပစ္စည်းပစ္စယတွေ မကျပ်သိပ်လှပေမဲ့ အဲဒီနေ့ နံနက်ခင်းကတော့ ဧည့်ခန်းကျယ်ကြီး တစ်ခုလုံး မှာ. . . လေဘာတီရဲ့ ပန်းအိုးတွေ ပန်းတွေ ကပ်ကြေးတွေ ဓါးတွေနဲ့ နေရာပြည့်လျှက်။

ဒါက. . ပွဲတစ်ပွဲအတွက် ပန်းပြင်ရတဲ့ နေ့တိုင်းမြင် နေကျမြင်ကွင်းဖြစ်နေလေပြီ။

"တံခါးဘဲလ်သံကြားတယ်. . ဘယ်သူပါလိမ့်. . ဒီ အချိန်ဧည့်သည်မလာပါနဲ့နော်. . ဧည့်ခန်းက ခုံတွေမှာ ထိုင် ချင်ရင် ပန်းအိုးတွေကျော်သွားရလိမ့်မယ်. . ပန်းအိုးတွေက ပြီးနေပြီ ဒီမှာ. . ဘိုကေးပဲ အစသတ်ဖို့ ကျန်တော့တာ. . "

လေဘာတီက တစ်ယောက်တည်း ရေရွတ်နေစဉ် အဘွားက တံခါးသွားဖွင့်နေသည်။ မေမေက ဆိုင်သွားဖို့ ပြင် ဆင်နေရာ. . အိမ်မှာ တံခါးဖွင့်ဖို့ တာဝန်. . ဖုန်းကိုင်ဖို့ တာ ဝန်မှာ အဘွား. . ယူထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းအလှပြင်တဲ့ မလေဘာတီတို့ အခန်းပါလားခင်ဗျား.."

"ဟုတ်ပါတယ်ကွယ်.."

"ကျွန်တော် ( - ) ကုမ္ပဏီကပါ အခမ်းအနားတစ်ခုအတွက် ပန်းအလှပြင်ပေးဖို့ အလုပ်အပ်ချင်လို့ပါ.. ဒေါ်မမတင်တို့ရဲ့ မိတ်ဆွေပါခင်ဗျာ.. ပြောထားပြီးပြီထင်တယ်.." "သြော်.. ဟုတ်ပြီ.. သမီးကြီးရေ ဒီမှာ ညည်းမိတ်ဆွေရဲ့ အဆက်အသွယ်နဲ့လာတဲ့ ကုမ္ပဏီကတဲ့.. မတင်ရဲ့အသိတဲ့ လာခဲ့ပါဦး.."

မေမေထွက်လာလိမ့်မည်။ မေမေနဲ့အရင်စကားပြောလိမ့်မည်။ လေဘာတီက.. အလုပ်မပြီးမချင်းမော့ကိုမကြည့်ချင်။ အာရုံပျက်တယ်..ဘိုကေးဆိုတာ.. အရေးအကြီးဆုံး..။ သတို့သမီးရဲ့ လက်ထဲမှာ အလှပအတင့်တယ်ဆုံးနေရာပေးခဲ့ရမှာ.. ဒီတစ်ခုကျမှ အာရုံအပျက်မခံနိုင်ချေ။

"ကျွန်တော့်နာမည် ဘုန်းတေဇောပါခင်ဗျာ





ကုမ္ပဏီက M.D ပါ.."

"ဟုတ်ကဲ့ရှင်.. ဝင်ထိုင်ပါ.. သြော် ဝင်ထိုင်ပါပြောရတာအားနာဖို့ကောင်းနေပြီ.. သမီးက နေ့လည်တစ်နာရီမင်္ဂလာပွဲအတွက် ဆယ်နာရီအပြီးလုပ်ပေးနေရလို့ ဧည့်ခန်းတစ်ခုလုံး ပန်းအိုးတွေနဲ့ ပြည့်နေပြီး.."

"ရပါတယ်.."

ကိုယ်သည်.. မြင်လိုက်ရသော မြင်ကွင်းအတွက်အသက်ရှုမှားတော့မတတ်.. သူမကို ပိုပြီး မြတ်နိုးသွားရပါတယ်လို့ ဝန်ခံရင်ကိုယ်လွန်ပြီလားမသိ။

ကြည့်စမ်း.. ကျစ်ဆံမြီးနဲ့ တစ်ခါသာတွေ့ဖူးသောဆံပင်အရှည်ကြီးဟာ ဒီလို ဖါးလျားဝေနေတော့ ပိုပြီးတော့တောင်လှလွန်းပြီလား..။

အိမ်နေရင် လက်ပြတ် ဂါဝန်ရှည်ပေါ်တွင် ရှေ့ဘက်ကို စွဲ၍ ချထားသော ဆံပင်နက်နက်များက ပေါင်ပေါ်မှာပုံကျနေတာများ.. ဒီလို လှပကြည့်ကောင်းလွန်းတဲ့ မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးဟာ ပန်းချီကားတစ်ချပ်ပဲဖြစ်ဖို့တောင်ကောင်းနေပြီ။

"ထိုင်ပါ"

"ဟုတ်ကဲ့. . အန်တီကျေးဇူးပါဘဲ. . "

"သမီး. . ဘိုကေးပြီးရင် ခဏလောက် ဒီအလုပ်ကိစ္စလေးကို ဆွေးနွေးလိုက်ပါဦး. . "

လေဘာတီက ဒီလူကောင်းတယ်ဟု စိတ်ထဲမှာ မှတ်ချက်ချလေသည်။ သူလဲဝင်အထိုင် ဘိုကေးကလေးကလဲ စိတ်ကြိုက်လက်စသတ်အပြီးမို့ သူ့ကို စိတ်ပါလက်ပါ စကားလက်ခံပြောလို့ရသွား၍တည်း. . ။

ဒီတော့မှ ခေါင်းမော့စဉ် အရင်ထဲက ရှမ်းနီးနေသလို မျက်လုံးတွေဖြင့် ပြုံးနေသော ထိုသူ့ကို အံ့ဩစွာ တွေ့လိုက်ရလေသည်။

ဘုရားရေ. . ဘယ်လိုပါလိမ့်။ သူဖြင့် သိလဲမသိဖူးပါပဲ. . ကြည့်နေလိုက်ပုံများ. . မိတ်ဟောင်းဆွေဟောင်းတွေကျနေတာပဲနော်. . လေဘာတီသည် ထိုသူနဲ့ မျက်နှာ





ချင်းဆိုင်တွင်. . မေမေ့ထိုင်ရာ နံဘေးခုံမှာ ဝင်ထိုင်လိုက်ပါသည်။

ဆံပင်ရှည်ကြီးများကို. . ရှေ့ဘက်နှစ်ခြမ်းခွဲဆွဲလျှက် ပေါင်ပေါ်တွင် တင်ထားပြီး တစ်ချက်ထပ်ကြည့်လိုက်ပြန်တော့လဲ. . ထိုသူ့မျက်လုံးတွေက ပြုံးနေဆဲ။ ဟင်း. . ပြုံးပဲပြုံးနိုင်လွန်း။

"ကျွန်တော် ဘုန်းတေဇောပါ. . မလေဘာတီ"

"ဟုတ်ကဲ့. . "

"ကုမ္ပဏီစာချုပ်ချုပ်ဆိုပွဲ အခန်းအနားမှာ လူကြီးတွေတင်မကဘူး. . ဥလိုက်ပါမယ်. .

နိုင်ငံတော်အကြီးအကဲတွေလဲ. . တတိ်နိုင်တွေကို လာလှတွေပါ. . ထိုးချင်ကြတယ်. . အဲဒါ ပန်းအိုးဘယ် နှစ်အိုးလောက်သုံးရသလဲ မသိဘူး. . မလေဘာတီရဲ့ အကြံဉာဏ်ပဲ. . လုပ်ရလိမ့်မယ်. . "

"အခမ်းအနားက ဟိုတယ်ထဲမှာလား. . "



www.burmeseclassic.com

www.burmeseclassic.com



ခမ်းမ တစ်ခုခုမှာလား . . ကုမ္ပဏီရုံးခန်းမှာလား . . "

"အင်းလျားလိတ်မှာပါ . . "

"ဘယ်နေ့လဲ"

"နောက်ဆယ်ရက်လောက်မှာ . . "

"ရက်တော့ကပ်တယ်နော် . . "

"မဖြစ်ဘူးလား . . "

"လိုချင်တဲ့ပန်း ရမရပေါ်မူတည်လို့ ပြောတာပါ ဦးဘုန်းတေဇောက ဘယ်လိုပန်းမျိုးသုံးချင်လဲ . . "

လက်ခံပြောဆယ်တကယ်တော့ ကိုယ်က . . ပန်းနာမည်နဲ့ ဒီတော့မှ မသိပါဘူး . . . လေဘာတီရယ်။ မျက်လုံး . . . နားတွေကိုလဲ စိတ်မဝင်စားဘူး . . ဝန်းအလှပြင်တယ်ဆိုတာ . . ကိုယ့်အတွက်တော့ မြင်နေကျပန်းထိုးထားတာမျိုးကလွဲရင် ဘာမှ ပိုမမြင်တတ်ပါဘူး . . ။

"ကျွန်တော် သိပ်မသိဘူးခင်ဗျ . . မလေဘာတီပဲ ကြည့် . . . အဆင်ပြေမဲ့ ပန်းပဲထိုးပေးပါလား . .





ကျွန်တော်တို့ ဘာမှ ဂျီးမများတတ်ပါဘူး . . အဆင့်အတန်း မြင့်မြင့်လေးလုတဲ့ ပန်းအိုးမျိုးလိုချင်တာပဲသိတယ် . . "

နားထင်တစ်ဘက်ကို လက်ညှိုးဖြင့် ကုတ်ကာ . . စဉ်းစားနေသော သူမကို အားမနာတမ်းငေးနေချင်သည်။ ဘေး . . . သူမရဲ့မိခင်ရှိနေ၍ ကိုယ်က အကြည့်တွေ ပန်းအိုးတွေဆီပို့လိုက် သူမမေမေဆီပို့လိုက် . . သူမကိုခိုးငေးလိုက် . . ကိုယ့် အပြုအမူတွေလူကြီး မဆန်တော့သလို ဖြစ်နေပြီ လေဘာတီရယ် . . ကိုယ် မင်းကို မြင်မှ အရှူးအမူးစွဲလန်း မြတ်နိုးတယ်ဆိုတဲ့ စကားကို လက်ခံချင်နေပြီ။

"ကျွန်မ အဆင်ပြေသလိုကြည့်စီစဉ်လိုက်ပါမယ် . . အခမ်းအနားစမဲ့အချိန်ရယ် . . ကျွန်မရဲ့ပန်းအိုးတွေကို လာသယ်မဲ့ အချိန်ပြန်ပို့ပေးမဲ့ အချိန်ရယ် သိရရင် ကျွန်မအတွက် ပိုအဆင်ပြေလိမ့်မယ် . . "

"ဟုတ်ပြီ . . ဒါဆို ကျွန်တော်အားလုံးပြောခဲ့ပါမယ် အလုပ်လက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ် . .



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိစ္စဆွေးနွေးပြီးတော့. . ကိုယ်က ထမပြန်ချင်စကားစမြည်ပြောလိုသည်။ သို့သော်. . သူမ,က မအားလပ်တော့ချေ။

မင်္ဂလာပွဲအတွက် ပြင်ဆင်ထားသော ပန်းအိုးတွေလာယူကြသူတွေ. . ဘိုကေးလာယူသူတွေ ရောက်လာတော့သူမကိုယ်တိုင်ဝင်စီမံပြသနေရသဖြင့်. . ကိုယ်သည် အလိုက်တသိ နှုတ်ဆက်၍ ထပြန်ခဲ့ရတော့၏. .

လေးလွှာတိုက်ခန်းအမြင့်မှာ ကျန်ရစ်ခဲ့သော သူမဆီမှာ ကိုယ့်ရဲ့ခန္ဓာကိုယ်ထဲက အစိတ်အပိုင်းတချို့ ကျန်ရစ်ခဲ့သလို ခံစားနေရလျှင်. .

"ဟားဟား. . ကိုယ်တော့ ရူးနေပြီထင်တယ်. ."

ဟု . . တစ်ချက် အသံထွက်ရေရွတ်လိုက်မိသတဲ့။

* * *





(၂)

ကိုယ်တိုင် ပန်းအိုးတွေသွားယူတာတော့ သိပ်သိက္ခာကျလွန်းနေလိမ့်မယ်ဟု. . တွေးမိလျှင် လူက. . သူမရဲ့မျက်နှာလေးကို နောက်တစ်ကြိမ်ထပ်တွေ့ခွင့်ရမည့် အခွင့်အရေးအား နှမြောတသစိတ်ဖြင့် ဖိစီးနှိပ်စက်မှုခံရတော့သလိုပင်။

သူမနဲ့ကိုယ်. . ထပ်မံတွေ့ဆုံခွင့်ကို ကိုယ်ဘယ်လိုဖန်တီးရပါ့. .

"ပန်းအိုးတွေ. . အဆင်သင့်ပါပဲရှင်. . ယူလို့ ရပါ

www.burmeseclassic.com

www.burmeseclassic.com



ပြီ. . "

ဟု. . သူမကိုယ်တိုင်ဖုန်းဆက်သံမှာ ကိုယ်များစွာ နစ်မြောသွားခဲ့သေးသည်။

"ကုမ္ပဏီက ချာတိတ်တွေလွှတ်လိုက်မယ် ကုမ္ပဏီ တံဆိပ်ပါတဲ့ Toyo Ace ကား နံပါတ် ၃ခ(-) နဲ့လာလိမ့်မယ်.

မလေဘာတီလိုအပ်တာရှိရင် တခါတည်း သူတို့ကို ညွှန်ကြားလိုက်နိုင်ပါတယ်. . "

"လိုအပ်တာကတော့ ကျွန်မ ပြင်ဆင်ပေးလိုက်တဲ့ ပန်းတွေအနေအထားလုံးဝမပြောင်းစေပဲ ဂရုတစိုက်သယ်ပေး ဖို့ တစ်ခုပါပဲ. . ကျွန်မလက်ရာ ပျက်သွားထားတော့ ကျွန်မ မကြိုက်ဘူးရှင့်. . . "

" ဒီ့အတွက်စိတ်ချပါ. . ကျွန်တော်သေသေချာချာ မှာလိုက်ပါ့မယ်. . စိတ်မပူပါနဲ့ ဗြော်. . ဒါနဲ့ လက်ခကျန်ငွေ ကို ကျွန်တော်. . ကိုယ်တိုင်တခေါက်လာရှင်း. . . လား. . ချာတိတ်တွေနဲ့ ဆိုရင်. .





စိတ်တော့ချရပါတယ်. . ဒါပေမဲ့ပေးထားတဲ့ ပန်းတွေ လာရှင်းမှ လေးစားရာကျမယ်ထင်လို့တဲ့ ပုံစံနဲ့ တသသလုပ်နေ

"ေ ါတယ် ကျွန်မအဲဒီ့

ဘူး. . ဦး. . တေဇော အနွေးတွေ မြတ်နိုးတတ်မှန်း ကိုယ်က ကျွန်မ အလုပ်ကိစ္စလေးတွေရှိလို့ထူးအဆန်းမဖြစ်ခဲ့ချေ။ သူမဘက်ကစပြီး ဖုန်းချသွားခဲ့ပါ၊ ဆက်နေတာပဲနော်. . "

အဆင်ပြေသလို စီစဉ်ပါတဲ့. . ဆိုခဲ့သည့် ချာတိတ် တိုင် တစ်ခေါက်ထပ်လာတွေ့ပြီး စရံလက်ကျန်ငွေတွေထောင်သွား ရမှ. . ကိုယ့်အတွက် တော်တော်အဆင်ပြေလိမ့်မယ်

" ဟော့ကောင်တွေ. . ဒီအိမ်လိပ်စာအတိုင်းသွားလျှား ပန်းအိုးတွေ နဲ့နဲလေးမှ အနေအထားမပျက်စေပဲ ဒီကို သယ် ခဲ့ လာကြ. . ငါအသေအချာမှာလိုက်တယ်နော်. . ကဲသွား" ရုံးဝန်ထမ်းကောင်လေးတွေကို စေလွှတ်ရင်း

"ဗြော်. . နေကြဦး. . ပန်းအလှပြင်ပေးတဲ့ အမျိုး သမီးကို ပြောခဲ့ဦး. . စရံကျန်ငွေကိစ္စကို ငါကိုယ်တိုင်ရှင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



ပြီ..."

ဟု.. သူမကိုယ်စိတ်ကူးနဲ့ကိုယ်.. ပြုံးမြနေရာ နစ်မြောသွားခဲ့သေးသည်။ ဂ်လိုပါလိမ့်ဟု စူးစမ်းနေကြလေ

"ကူမွကြီက ချာတိတ်ငါ့ခံတိုင်းပြုံးခဲရယ်ခဲသော ကိုယ် တံဆိပ်ပါတဲ့ Toyo Ace ကားနှင့် သူတို့ ထူးဆန်းနေကြခြင်းပင်။

မလေဘာတီလို့အသွားအပြန်က သိပ်မကြာ။ လေး ညွန်ကြားလိုက်နှင့်ရောက်ပဲကြာပါသည်။ အင်းလျားလိပ်ကို တခါ

"လို့အိုးတွေဝင်ထားခဲ့ဖို့ပါ မှာလိုက်ပေမဲ့.. ဘယ်လို ပန်းတွေအရှေလိုက်ကြသည်မသိ။ ကိုယ့်အခန်းထဲသူတို့ ရောက်လာဖို့ တစ်ခု ကိုယ်ပင် အခမ်းအနားတက်ဖို့ ပြင်ဆင်နေဆဲ။

"ဆရာ.. အားလုံးပြီးခဲ့ပါပြီ အဆင်လဲ,ပြေပါတယ်... ပန်းအလှပြင်တဲ့ အမျိုးသမီးကိုလဲ ဆရာမှာလိုက်တာ သေသေချာချာပြောခဲ့ပြီးပါပြီခင်ဗျာ.."

"ဘာပြန်ပြောလဲ"

"ခေါင်းပဲညိတ်တယ်.. အမျိုးသမီးက ငွေကြေးကိစ္စ





ထက် သူအခကြေးငွေယူပြီး ပြင်ဆင်ပေးထားတဲ့ ပန်းတွေလောင်း ဘယ်ဟာမှ အရေးမကြီးတဲ့ ပုံစံနဲ့ တသသလုပ်နေတယ်.."

သူကလေးက ပန်းတွေ မြတ်နိုးတတ်မှန်း ကိုယ်က ရိပ်မိထားတာကြာပြီမို့.. အထူးအဆန်းမဖြစ်ခဲ့ချေ။

" ဆံပင်ရှည်ကြီးက ဟက်နေတာပဲနော်.."

ကိုယ် အခန်းအပြင်မှာ ကျန်ရစ်ခဲ့သည့် ချာတိတ် တချို့၏ ခပ်သဲ့သဲ့အသံကြောင့် ကိုယ့်နားရွက်တွေထောင်သွားသလို ခံစားလိုက်ရ၏။

ကြည့်စမ်း.. သူမရဲ့ အိမ်နေရင်း ဆံပင်တွေဖါးလျားဝေတဲ့ ပုံစံကို ဒီကောင်တွေမြင်ခဲ့ပြီးပြီပေါ့။ သူကိုယ်တိုင် ပန်းအိုးတွေသွားမသယ်မိတာပဲ မှားနေပြီလားဟု နောင်တရချင်သွားပါသည်။

"တခါမှ ဒီလောက်အေးချမ်းတဲ့ အလှမျိုးမမြင်ဖူးဘူး သိပ်လှတယ်လို့ ဆိုနိုင်တာထက် ရင်ထဲကို အေးသွားစေ



E - 3 (A)

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ကျက်သရေရှိတယ်လို့ ပြောရမယ်. . ”

“ငါနဲ့ရွယ်တူလောက် ဖြစ်မယ်ထင်တယ်. . ”

“မမပါကွ. . မမ”

“မဟုတ်ဘူး. . ညီမလေး. . ဖောဖော. . ”

“ရှူး. . ပော့ကောင်တွေတိုးတိုးလုပ်ကွာ ဆရာ့အခန်းရှေ့ ဆူလို့ အကောခံနေရဦးမယ်. . ”

“ပန်းအလှပြင်ကိစ္စကို ဆရာပဲ စီစဉ်တာဆို ကေန္တ့ဆရာက ပန်းအိုးတွေထက်. . ပန်းအလှပြင်တဲ့လူကို ပိုစိတ်ဝင်စားသွားလို့ဖြစ်မယ်. . ”

ကိုယ်က. . စေ့ထားမှန်တံခါးရှေ့ရောက်တော့မှ ချာတိတ်တွေဆူဆူညံညံ အသံများ မီးကိုရေနဲ့ ဖြန်းလိုက်သလို ငြိမ်ကျသွားခဲ့ပါသည်။

မြင်လိုက်သူတိုင်း . . ဒီလောက်သဘောတကျငေးသွားရတဲ့ သူကလေးဆီမှာ ချစ်သူဆိုတဲ့ လူတစ်ယောက်ယောက်များ ရှိနေလေမလား။





မရှိနေပါစေနဲ့. . ရှိတော့ရှိခဲ့ဖူးနိုင်ကောင်းပါရဲ့. . ။ သို့သော် ခုလောလောဆယ် သူ့မန်ဘေးမှာ သက်ဆိုင်သူ တစ်ယောက်မှ ရှိမနေဖို့ကို ပိုပြီး မျှော်လင့်တောင့်တနေမိပါသည်။

ကိုယ်. . မင်းကိုမြန်မြန်ချဉ်းကပ်မှ ဖြစ်မယ်. . လေဘာတီ. . မင်းကို ကိုယ် ပိုင်ဆိုင်လိုသော ချစ်ခြင်းနဲ့ ချစ်နေခဲ့ပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိလား . . အဟင်း . . "

ရုတ်တရက်တော့ လေဘာတီက ငေးသွားသဖြင့် သူက မနေတတ်တော့သလို စကားတစ်ခွန်းစဲလိုက်လေသည်။

ဒီလူ့မျက်လုံးတွေ မရိုးဘူးလို့ စမြင်မြင်ချင်းသိလိုက်ကတည်းက နောက်ထပ်ဆက်လာမဲ့ ခြေလှမ်းတွေကို အလိုလို ကြိုမြင်သလိုလိုဖြစ်နေခဲ့ပြီမို့ အခုလို ပါတိတ်ဆိုင်ရှေ့သူ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခြင်းအား ထူးပြီး အံ့သြနေစရာလဲ မရှိချေ။

အမျိုးသမီးအများစု ... ရှိတဲ့ ပါတိတ်ဆိုင်ရှေ့လာ





ရပ်ရဲသော သူ့ရဲ့သတ္တိကိုတော့ အံ့သြချင်သည် . .

" ဈေးထဲဖြတ်ရင်း . . ဖြတ်ကနဲလှမ်းတွေ့လိုက်တော့ တူပါတယ်လို့ ထင်ပြီးလာနှုတ်ဆက်တာပါ . . ကျွန်တော်လူတော့ မမှားနိုင်ပါဘူးနော် . . မလေဘာတီ"

"မမှားပါဘူး . . "

"တစ်ယောက်တည်းဆိုင်ထိုင်နေလား . . "

"မေမေ, ရှိပါတယ် . . ဒီကအစ်မလိုချင်တဲ့ အဆင်မျိုး ကျွန်မတို့ဆီမှာ မရှိလို့ ဟိုဘက်က အဒေါ်ဆိုင်မှာသွားယူနေတာနဲ့ . . "

"စီးပွားရေးထဲ နစ်နေတယ်နော် . . အထည်ဆိုင်လဲဖွင့်ထားတယ် . . ပန်းအလှပြင်လုပ်ငန်းလဲလုပ်တယ် . . "

"ပန်းအလှပြင်တာက လုပ်ငန်းတစ်ခုရယ်လို့ မသတ်မှတ်ပါဘူး . . ကျွန်မက တမင်ပဲ စွဲစွဲမြဲမြဲမလုပ်တာပါ . . သိပ်ရင်းနှီးတဲ့ မိတ်ဆွေတွေရယ် . . အဲဒီမိတ်ဆွေတွေရဲ့ အခေါ်အသွယ်တွေရယ်ကိုပဲ အလုပ်လက်ခံတာပါ . . "



www.burmeseclassic.com

www.burmeseclassic.com



လေဘာတီက ပြေပြေပြစ်ပြစ်ပြန်တုံ့ပြန်မိပေမဲ့. . သူ. . ခုထိဆိုင်ရှေ့က ထွက်မသွားပဲ ရပ်ပြီးစကားပြောတဲ့ အထိ ဖြစ်နေတာကို မကြိုက်လှ။ မြန်မြန်သွားစေချင်လှပြီ။

ဘေးဆိုင်. . အရှေ့ဆိုင်က မိန်းမတွေစာရင်းပြုစုနေ ယသို လေဘာတီကို လာပိုးပန်းသော လူစာရင်းထဲ. . သူပါ ပါလာတော့မည်ဆိုတာ သေချာနေလောက်ပြီ။ ပြီးတော့. . မြင့်လိုက်ရုံနဲ့ သူဟာ ဘယ်အဆင့်အတန်းလောက် ကလဲ ဆို တာ ခန့်မှန်းလို့ ရနိုင်တာမို့ လေဘာတီကို နာလိုသူ၊ မနာလို သူတွေအတွက် သူဟာ အလွန်အမင်း အမှတ်ပေးချင်စရာ ဖြစ်နေခလာက်ပြီ။

လေဘာတီသည် မိန်းမတိုင်း ဂုဏ်ယူဝင့်ကြွားတတ်သော မိမိအား အဘယ်ယောကျ်ားက ဘယ်လိုချဉ်းကပ်တာ ဟူသည့် လက်မထောင်တတ်ခြင်းမျိုး ဝါသနာမပါ။ အဲဒီ့စရိုက် က လေဘာတီ့ထံမှာ ဆင်းရဲလှ၍ လေဘာတီ့က ကိုယ့်ကို လာချဉ်းကပ်သူတွေ သူတို့သင့်တော်တာတွေနဲ့ တွေ့ကာ





မြန်မြန်ခွာသွားက ခွါစေချင်သူတည်း. . .

"ဟဲ့. . ဘယ်ကသည့်သည်လဲ သမီး. . ခုပေးထိုင်ခိုင်း လိုက်လေ. . ဘယ်နှယ့် မိတ်ဆွေကို ဒီအတိုင်း မတ်တပ်ထား ရလား. ."

"ရပါတယ်. . အန်တီ. . ခဏရပ်ပြီး နှုတ်ဆက်တာ ပါ. . ကျွန်တော့်ကို အန်တီမှတ်မိလားခင်ဗျာ"

"နေပါဦး. . သိတော့သိတယ်. . ဘယ်မှာမှန်း စဉ်းစားမရဘူးကွဲ့. . စိတ်မရှိနဲ့နော်. ."

"ကျွန်တော်. . ဘုန်းဇော်လေ. .

ကုမ္ပဏီအခမ်းအနားတစ်ခုအတွက် ပန်းလာအပ်ဖူး တယ်. . ကျွန်တော်တို့နှစ်ခါတောင်ဆုံဖူးပါတယ်. ."

"ဩော်. . ဟုတ်ပြီ. . ဟုတ်ပြီ. . ထိုင်ပါဦး လက်ဘက်ရည်သောက်သွားပါဦး မှာလိုက်မယ်. ."

တကယ်တော့ ကိုယ်အကြာကြီး ထိုင်နေချင်တာပေါ့ ဒါပေမဲ့. . အဲဒီလောက်ကြီး မျက်နှာပြောင်လို့ မဖြစ်သေးဘူး

www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုယ့်ကိုယ်ကို ဆုံးမကာ လက်ဘက်ရည်သောက်ဖို့ကို ငြင်းဆိုလိုက်ရပါသည်။

"ကျေးဇူးပါပဲ. . အန်တီ ကျွန်တော်အချိန်မရလို့ မထိုင်နိုင်တော့ဘူး. . နောက်ကြုံမှပဲ သောက်ပါတော့မယ်. . အခုတော့ ခွင့်ပြုပါဦးခင်ဗျာ. ."

"သြော်. . ဖြစ်ရလေအေးကွယ်. . အလုပ်ကိစ္စတွေများမှာပေါ့. . ကုမ္ပဏီကြီးတစ်ခုလုံးရဲ့ M.D တောင် လုပ်နေတာပဲ. ."

"မိသားစုပိုင်မို့လို့ MD ဖြစ်တာပါဗျာ. . ခွင့်ပြုပါဦး အ[illegible]ပြုပါဦး မလေဘာတီ. ."

ဟုတ်ကဲ့. ."

ကျစ်ဆံမြီးကြီး တစ်ချောင်းတည်းအဲရှည်ကြီး ကျစ်ထားလဲလုတာပဲ လေဘာတီရယ်. . တစ်ချက်နစ်ကနဲကြည့်ကာ မြန်မြန်သံယောဇဉ်ဖြတ်ထားခဲ့ရပါသည်။ ကိုယ်. . သူမအပေါ် တိမ်းညွတ်နေတာကို သူမလည်း ရိပ်မိပုံရနေသည်။





အမှန်စင်[illegible] စဉ်းစားကြည့်ရင် မိန်းမပိုးတယ်ဆိုတာ အတော်မျက်နှာပြောင်တိုက်ပြီး အရှက်နည်းရတဲ့ အလုပ်ကြီးပဲ. . တက္ကသိုလ်ကျောင်းသားဘဝတုန်း. . လူငယ်ဘဝတုန်းကတော့ ဘယ်ကဘယ်လိုထားဖြစ်သွားသည် မသိသော ရည်းစားလိုလို၊ ဘာလိုလို၊ ရည်းစားတိတိကျကျဖြစ်ဖူးသူတွေရော. . သုံးလေးယောက် လောက်တုန်းက ရည်းစားစကားပြောရသည့် ကိစ္စကို ထမင်းစားရေသောက်လုပ်ရဲခဲ့တဲ့ သတ္တိကို ပြန်လိုချင်ပါရဲ့။

ဒီပုံအတိုင်းဆို ရှေ့ဆက်ရမည့် ခြေလှမ်းတွေအတွက် အားရစရာမရှိလှသူမှာ ကိုယ်ကိုယ်တိုင်ပဲဖြစ်နေလေပြီ။

သူမနဲ့ မတွေ့၊ တွေ့အောင် ဖန်တီးဖို့ဆိုတာ ဆိုင်ကို အကြောင်းမရှိ အကြောင်းရှာလာမှ ဒါတောင် သူမ[illegible]ဆိုင်လိုက်လာတဲ့ ရက်နဲ့ ကြုံမှ တွေ့ခွင့်ရမည်[illegible]အိမ်သွားလည်ဖို့ကလဲ အဲတော့ကို မျက်နှာပူစရာ ဘယ်တုန်းကမှ အရင်းအ[illegible] မရှိဖူးပါပဲ. . ဝင်ထွက်ဖို့ဆိုတာ ခက်လွန်းပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့ အမြန်ဆုံးကြဲ့စည်မှုပါ.. တစ်ခုခုကို ပေါ့.. အဆင်ပြေဆုံးတစ်ခုကိုပေါ့..

* * *





(၃)

ဒီလောက်ကြီး မြန်မြန်ဆန်ဆန် ကြားရဖို့ မပြောနဲ့ ဒီအဆင့်ထိတောင် ရောက်လာလိမ့်ဦးမည်လို့ မမျှော်မှန်းခဲ့တာမို့...လေဘာတီသည် ကြားလိုက်ရသော..စကားသံတွေကို...မဖြစ်နိုင်ဘူးဟု ထပ်တလဲလဲ ငြင်းကြည့်ချင်နေသေးသည်။

"မတင်ရယ်....အံ့ဩဖါရဲ့....တကယ်။

ကျွန်မဖြင့်..အလုပ်လာအပ်ဖူးတဲ့လူတစ်ဦး အဖြစ်ပဲ ထင်နေတာ..တစ်ခုတော့ရှိတယ်၊ ကိုယ့်သမီးမို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး. . . သမီးက ကြည့်ကောင်းတော့ မြင်ဖူးတဲ့ ကောင်လေးတွေတိုင်း သဘောကျသွားလို့ ကြည့်တဲ့အကြည့်မျိုးနဲ့ သူ့လိုပဲ ကြည့်တာ. . . . ခဏတဖြုတ်လို့ သတ်မှတ်ထားတာတော့ရှိပါတယ်. . . မတင်ရယ်. . . . ဒါပေမယ့်. . အင်းအံ့ဩလွန်းလို့ ပြောစရာစကားလုံးတောင် ပျောက်ကုန်ပြီ"

"ဟုတ်ပါရဲ့. . . တင်တင်ရယ်. . . ကြီးကြီးလဲ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး. . . ဒီလိုမျိုးစကားကမ်းလှမ်းတဲ့အထိ ဖြစ်သွားတာကို ယုံတောင်မယုံဘူး"

"တစ်ဦးတည်းသောသမီး. . . တစ်ဦးတည်းသော မြေးမို့ ငယ်သေးတယ်ဆိုပြီး နှမြောကြမယ်မှန်း. . . ကျွန်မလဲ ရိပ်မိပါတယ်. . .

ဒါပေမယ့်. . . မောင်တေဇောရဲ့မိဘတွေ ကိုယ်တိုင်က. . . သူတို့ရဲ့သားတော်မောင် နားပူနားဆာလုပ်လွန်းလို့ ကျွန်မကိုအရင်လာတိုင်ပင်ကြတယ်. . . ကောင်လေးမိဘတွေကဆို. . . လေဘာတို့ကို နာမည်သာသိနေတာ မြင်တောင်





မမြင်ဖူးလို့ ကျွန်မဆီမှာရှိတဲ့ ကျွန်မသမီးမင်္ဂလာပွဲတုန်းက ဓာတ်ပုံထဲမှာလိုက်ရှာကြည့်ရတယ်. . ဖြစ်ပုံများ. . . ."

ဒွေ့တာ ဘယ်လောက်ကြာသေးလို့လဲ. . နှစ်လလောက်ပဲရှိသေးတာ. . . သုံးခါပဲစကားပြောဆိုဖူးတာကလဲ သာမန်လောက်နဲ့. . . . ဘာလို့များ ဒီလောက်အမြန်ကြီးလက်ထပ်ဖို့အထိ စဉ်းစားမိသွားသလဲ"

"မောင်တေဇောဘက်ကိုတော့ တင်တင်ပဲ အာမခံရဲပါတယ်. . . ရိုးရိုးရယ်. . . . မျိုးရိုးကောင်း. . . လူရည်သန့်တွေပါ. . . မိသားစုဝင်တွေအားလုံး စာရိတ္တလည်း ကောင်းကြပါတယ်. . . ချမ်းသာတာတော့ ပြောမနေနဲ့. . . ရန်ကုန်မှာသူတို့ပိုင်တဲ့လုပ်ငန်းတွေ. . . တိုက်တွေခြံတွေ လက်ညှိုးထိုးမလွဲပဲ. . . ဒါပေမယ့်. . . မာနမရှိကြဘူး၊ စိတ်သဘောထားဖြောင့်မတ်ကြတယ်"

"မတင်ရယ်. . . အောင်သွယ်ခ ဘယ်လောက်တောင်များ ပေးလိုက်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေဖက်သူငယ်ချင်းတွေလဲ ဖြစ်သည်မို့ ဒေါ်မမတင်က အပြုံးမပျက်ချေ။ ပိုပြီးအံ့ဩစရာကောင်းသည်မှာ. . . .

"အောင်သွယ်ခ. . . ဆိုတာ ခုမှသူတို့နဲ့တွေ့မှ ကြားဖူးမြင်ဖူးတော့တယ်. . . ရီရီရေ. . . ကိုယ့်အချင်းချင်းမို့ ပွင့်ပွင့်လင်းလင်းပြောပြမယ်သိလား. . . အခုလို ရီရီတို့ဆီကို တင်တင်က အရင်လာဝင်တွေ့ပေးလို့. . . လက်ဆောင်တဲ့ နီလာနားကပ်တစ်ရံ အရည်ကောင်းကောင်းကြီးတစ်ခု. . . အတင်း လက်ထဲထိုးထည့်သွားတာ. . . အားနာဖို့ကောင်းတယ်. . . ဘယ်လိုမှငြင်းမရလို့ ကိုယ်မျက်နှာပူပူနဲ့ လက်ခံထားလိုက်ရတယ်လေ. . . သူတို့ပါ လာတွေ့စကားပြောခွင့်ရပြီး. . . ဒီကိစ္စအဆင်ပြေရင်တဲ့. . . . တင်တင့်ကို နီလာ လော့ကတ်တစ်ခု ထပ်လက်ဆောင်ပေးဖို့တောင် စဉ်းစားထားသတဲ့. . . . ကိုယ်လဲ ရင်တောင်ဖိုယူရတယ်"

ဘွားအေကြီးမှာ. . . မြေးဖြစ်သူ၏ အေးစက်နေ





သော လက်ဖဝါးတစ်စုံကို. . . . နှစ်သိမ့်သလို ဆုပ်ကိုင်လိုက်ရင်း. . . . သက်ပြင်းတွေချနေတော့သည်။

"ရီရီ့သမီးဆိုတာက. . . ကိုယ့်သမီးလိုပါပဲ. . . လူကောင်းသူကောင်းလေးနဲ့ တင့်တင့်တယ်တယ် ဖြစ်စေချင်တဲ့ဆန္ဒလည်း ပါလို့. . . တင်တင်. . . ဒီလောက်စိတ်ပါ လက်ပါ ပြောနေတာပါ. . . တင်တင့်ကို ဒီလက်ဆောင်တွေပေးလို့ သူ ့ကို အကောင်းပြောတာမဟုတ်ဘူး. . . အတွင်းသိ အစင်းသိတွေချင်းနှစ်ဘက်စလုံးနဲ့ ရင်းနှီးပေမယ့် သူတို့ကိုလဲ အရမ်းပင့်ပြီးမပြောပါဘူး. . . လေဘာတို့အကြောင်းလဲ သူတို့ မေးတော့. . သိသင့်သမျှပဲ. . . ပြောပြပါတယ်. . . ကိုယ်

ကြားထဲက အချောင်ဝင်ပါရပေမယ့်. . . . နှစ်ဖက်စလုံးကို မျှမျှတတပဲ. . . . ပြောပေးပါတယ်"

"ကောင်လေးက. . . အသက် ဘယ်လောက်လဲ"

"သုံးဆယ့်တစ်ထဲမှာ. . . . သားအကြီးဆုံးလေ သူ့အောက်က ညီမတွေ. . . ညီတွေလဲ ဘယ်သူမှ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



မပြောသေးဘူး . . . မောင်နှမသုံးယောက်ရှိတယ်"

သူ့ကိုမြင်လိုက်ရတော့ လူငယ်လေးတစ်ယောက်လိုပဲ . . . ကြည့်စမ်း . . သူက တကယ့်ကိုရင့်ကျက်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေပါလား။

"သမီးက . . အခုမှ နှစ်ဆယ့်လေးပြည့်ပြီးတာ၊ ပြီးတော့ တစ်ယောက်တည်း . . . နှမြောသေးတယ် . . . မတင်ရယ်"

"သမီးသဘောကရော . . . "

"ရှင် . . . . "

လေဘာတီသည် . . အလန့်လန့်အထိတ်ထိတ်ဖြင့် မျက်လုံးပြူးနေကာ . . . မေမေ့ကိုလုမ်းအကူအညီတောင်းသလို ကြည့်နေခဲ့သည်။

"သမီးသဘောတဲ့ . . . ပြောလိုက်လေသမီး"

"မေမေကလဲ . . . . တီ . . . မသိလို့ မေမေ့ကြည့်ပါတယ်ဆိုမှနော် . . . တီ့ဘက်ပြန်လှည့်ပေးနေပြီ . . . "





"ကဲ . . . မသိဘူးတဲ့ . . . မတင်ရေ"

"အေးလေ . . ဘယ်သိနိုင်ပါ့မလဲကွယ် . . . အလုပ်သဘောအရ၊ သာခဏတွေ့ဖူးတော့ သမီးလဲ ချက်ချင်း ဘယ်ဆုံးဖြတ်နိုင်ပါ့မလဲ . . . အန်တီ နားလည်ပါတယ် . . . ဒါဖြင့် အဘွားသဘောကရော . . ဟင် ကြီးကြီးမြေးကို . . . နှမြောတဲ့အထဲပါနေပြီလား"

"နှမြောတာပေါ့ . . . ပြီးတော့ . . . ဒီသူငယ်က ကျုပ်မြေးကို ကျုပ်တို့ဆီ လာခွဲထုတ်သွားမှာ . . . "

"ဟာ . . အဘွားကလဲ တီမှ . . . သူ့ကိုမယူတာ၊ ဘာလို့ ခွဲထုတ်သွားမှာလဲ"

"ဟယ် . . . သမီးရယ် . . ချက်ချင်းကြီးငြင်းတော့ မလို့လား . . . ရိုရို့သမီးကို အေးအေးဆေးဆေး သားအမိတွေတိုင်ပင်ကြပြီးမှ အဖြေပေးကြည့်ပါဦးလို့ . . . ကိုယ် အကြံပေးချင်တယ် . . . မောင်တေဇောရဲ့ မိဘတွေနဲ့ သာမန်မိတ်ဆွေ ပုံစံမျိုး တွေ့ချင်ရင်လဲ တွေ့လို့ရသေးတာပဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီဆိုမှ. . . တဝက်ပါမနေဘူးလား"

"မပါပါဘူးရှိရှိရယ်. . . သူတို့ကိုယ်တိုင်ကပြောတယ်. . သား သမီးကိစ္စမဟုတ်ဘဲ မိတ်ဆွေတွေလို တွေ့ကြပြီး မှ. . . နောက်တော့ ဆက်ဆံဖြတ်ကြတာ ပိုကောင်းမယ်လို့ တောင် ပြောထားပါတယ်"

"တွေ့ဖို့ကို. . . ကိုယ် စဉ်းစားဦးမယ်, မတင်"

ဘုရား. . . . ဘုရား။ မေမေ ဘာတွေစီစဉ်ချင်တာ ပါလိမ့်။ လေဘာတီသည်. . . အတွေးနက်နက်များ ပြည့်နေ သော မေမေ့မျက်လုံးတွေကို ဝေးနေရင်းဖြင့် လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လာပိသလို သူမဘာသာ ခံစားနေရ တော့သည်။

* * *





"တွေ့ခဲ့လား. . . . မေမေ"

"ပြော်. . . ချွေးမလောင်းသွားကြည့်ပါတယ်ဆိုမှ မတွေ့ဘဲ နေမလား. . . တွေ့ပါ. . . "

"ကျွန်တော်ပြောထားတဲ့အချက်တွေနဲ့ ဖေဖေတွေ့ လာတဲ့ အချက် ဘယ်နှစ်ချက် ကိုက်ညီလဲဟင်. . . ဖေဖေ"

"အကုန်ကိုက်ညီတယ်ကွာ. . . . ဒါပေမဲ့. . . ကောင်မလေးက. . . အေးတယ်. . . အမှန်ဆို သွက်လက်နေ ရင် ပိုမကောင်းဘူးလား"

"ကျွန်တော့်လက်ထဲရောက်ရင်တော့ သူ့ကို ထင်ပေါ် သွားအောင် လုပ်ပေးလိုက်မယ်လို့ စိတ်ကူးတာပ်. . . ပန်း



www.burmeseclassic.com

www.burmeseclassic.com



အလှမြင်တဲ့ပညာမှာ သူများထက်နှာတဖျားသာနေတာ တောင် ရှိသင့်တဲ့ အောင်မြင်မှုကို မရောက်သေးလို့ အားမရဘူး.. အမှန်ဆို... အားလုံးထဲက်သူတော်တယ်.... ကုမ္ပဏီမှာ သူ့ပန်းတွေသုံးတဲ့နေ့ကဆို... ပန်းပညာမှာ နားလည်တဲ့ ဂျပန်တွေကဆို... တဖွဖွ ချီးမွမ်းမဆုံးဘူး ဂျပန်စတိုင်လ်ကို ဆန်းပြားအောင် ဖန်တီးပြီး ...မြန်မာ ပြည်က ပန်းထိုးပညာနဲ့ ပေါင်းစပ်ပြီး ဖန်တီးထားတတ်လို့တဲ့"

"ဆံပင် အရှည်ကြီးပဲဆို..."

ညီမလတ်က... စိတ်ဝင်တစား မေးလာသည်။

ညီမဖြစ်သူကတော့... ဆရာဝန်မ,ပီပီ... ဘွဲ့ တွေထပ်ယူဖို့ စိတ်ကူးနေသူပီပီ... ဆံပင်အရှည်ထားဖို့ကို အချိန်မပေးနိုင်၍ အမြဲတစေ... ဂျပန်ဆံတောက်နဲ့ နေတတ် သူဖြစ်သောကြောင့်... ဆံပင်အရှည်ကိုတော့... အတော် နှစ်သက်လှသည်။

"ဒူးခေါက်ခွက်ရောက်တယ်... ကျစ်ဆံမြီး တစ်





ချောင်းတည်းကျစ်ထားတာ... သိပ်လှတာပဲ..."

"ဖားလျားလေးနဲ့ပိုလှတယ်မေမေ..."

"ဟားဟားဟားဟား... ကိုကြီးရေ.. အဲဒါ ဘယ် သူ့ကောင်မလေးမို့ ဒီလောက်ချီးမွမ်းနေတာလဲဗျို့။ ချဉ် တယ်ချဉ်တယ်... ဒီငါးချဉ်က ဘယ်သူ့ငါးချဉ်ပါလိမ့်..."

"ဟော့ကောင်... မင်းနဲ့ အသက်အတူတူပေမဲ့ ငါနဲ့ ပတ်သက်ရင် သူက ဝါကြီးတယ်နော်.... မင်းတို့အစ်မ ဖြစ် မဲ့သူကွ...."

"သားကြီးထက် ခြောက်နှစ်နဲ့ ရှစ်လတောင်အသက် ငယ်တယ်... သူ့မိခင်နဲ့အဘွားကတော့ နှမျောနေပုံပဲ..."

"မေမေတို့ တစ်ခါတည်း သမီးတောင်းခဲ့ပါလား"

"ဟဲ့.... သာမန်မိတ်ဆွေတွေလို တွေ့တဲ့သဘော ပါဆိုမှကွယ်.... မတင်ကပဲ ဦးဆောင်သွားတာ... မေမေ တို့က... ကိုယ့်ဇာတိ ကိုယ့်လုပ်ငန်း ဟိုရောက်ဒီရောက် ပြောရတာပေါ့... မေမေတို့အနေနဲ့ အထူးတလည်ပြောလာ



www.burmeseclassic.com

www.burmeseclassic.com



စရာမလိုပါဘူး. . . သားကြီးသဘောကျတယ်ဆိုရင်. . . သဘောတူနေပြီးပြီပဲ. . . ပြီးတော့ သားကြီးက ဘယ်လိုပုံစံမျိုးကိုမှ ရွေးမယ်ဆိုတာ သိနေပြီးသား. . . ."

"ခက်တာပဲဗျာ. . . ဘာလို့ ကျွန်တော့်ကိုမယုံကြည်သလို. . . ဟိုလူခေါ်တွေ့ ဒီလူခေါ်တွေ့ လုပ်နေကြလဲ မသိပါဘူး. . . ရည်းစားစကားလိုက်ပြောရမဲ့. . . မိန်းမ ဖွဲ့စောင့်ပိုးရမယ့်အရွယ်လဲမဟုတ်တော့လို့. . . . မိဘတွေကတဆင့် တောင်းရမ်းတာပဲ မှားများနေပြီလားမသိဘူး. . . .

ကောင်မလေးက မယူပါဘူးဆိုရင် သူတို့ကလည်း လိုက်လျောမယ့်ပုံစံနဲ့. . . ."

ကိုယ်သည် လွန်ခဲ့တဲ့နှစ်လက. . . . သူမကို စတွေ့ကတည်းက. . . . ကိုယ့်ကိုယ်ကို ဆုံးဖြတ်ပြီးသားဖြစ်ရာ. . . တစ်ရက်နှစ်ရက် အချိန်တွေကုန်သွားခြင်းကို. . . စိတ်မရှည်ချင်သလိုဖြစ်နေလေပြီ။

"မိန်းကလေးဘက်က. . . . စဉ်းစားဦးမှပေါ့ကွယ်





သားကြီးမှာ ဘာမှ စဉ်းစားစရာမရှိပေမဲ့. . . သူတို့က ခုမှ စတွေ့ရတဲ့တစ်မိမ်းတွေကို. . . ဒီလို ဂုဏ်ဒြပ်အဆင့်အတန်းလေး မြင့်ရုံနဲ့ ချက်ချင်းမဆုံးဖြတ်ဘူးဆိုတာကို. . . ဖေဖေ သဘောကျတယ်. . . ဒါဟာ စိတ်နေစိတ်ထား မှန်ကန်တယ်ဆိုတာကို ပြတာပဲ"

ဘယ်လောက်ထိ စောင့်ရဦးမှာလဲ. . . လေဘာတီရယ်။

"မတင်ကိုလဲ. . . . ကြိုးစားခိုင်းထားပါတယ်. . . ခွဲနဲ့စောင့်ပေါ့သားကြီးရယ်. . . မင်းဒီအသက်အရွယ်ထိ နေလာပြီးပြီပဲ. . . ခုမှ ပိုမထူးပါဘူး. . . အသက်တစ်ရက်ကြီးသွားတာကို ဝမ်းနည်းမနေနဲ့. . . ."

"ဟာ. . . မေမေကလဲ. . . မိန်းမလိုချင်ရင် အစထဲက ယူပြီးနေပြီ. . . သူ့ကို သိပ်လိုချင်နေတဲ့သူတွေက များနေတယ်မေမေရဲ့. . . အဲဒါကြောင့် စိတ်ပူနေတာ. . ."

"ဩော်. . . သူ့ကို လိုချင်တဲ့သူတွေထဲမှာသားကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ယုံနိုင်တဲ့သူ. . . ဘယ်နှစ်ယောက်များ ရှိနိုင်ပါ့မလဲကွယ်
မေမေ့သားက ထိပ်ဆုံးကပါ. . . သေချာပါတယ်"

ကိုယ်က အသံတိတ် ငြိမ်နားထောင်နေခဲ့လေသည်။

* * *





(၄)

ကိုယ်က. . . ခပ်စိုက်စိုက်ကြည့်လိုက်လျှင်. . . မျက်ဝန်းကလေးများက. . . တစ်ဖက်သို့. . . လွှဲသွားခဲ့လေသည်။

"တွေ့တာဖြင့်. . . ဘာမှမကြာသေးဘူး တောင်းရမ်းတဲ့အထိ ဖြစ်လာတယ်ဆိုတော့ ဆုံးဖြတ်ချက်တွေမြန်လွန်းတယ်လို့ ကိုယ့်ကို. . . . ဝေဖန်ကြမှာပဲ ထင်တယ်. . . . အင်း. . . ဒါပေမဲ့. . ကိုယ့်အတွက်ကတော့ မြန်တာနှေးတာဟာ အဓိကမကျဘူးလို့ထင်တယ်. . .

ချစ်ခြင်းမေတ္တာဆိုတာ. . . ခုမှတွေ့လို့၊ အရှင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့တွေ့နဲ့ ပမာဏတိုင်းတာလို့ မရပါဘူး. . အရေးကြီးတာက တစ်သက်လုံး သစ္စာရှိရှိချစ်နေဖို့ပဲမဟုတ်လား. . ."

လေဘာတီက. . . ယောင်ယမ်းပြီး ခေါင်းညိတ်ပြရတော့မလိုဖြစ်သွားမိသော. . . သူမကိုယ်သူမ. . . မကျေနပ်။

ကြည့်စမ်း. . . မိဘတွေ၊ လူကြီးတွေကတဆင့် ခဏတဖြုတ် တွေ့ဆုံစကားပြောပါရစေ. . . ဆွေးနွေးပါရစေဆိုတာကို. . . သူမလက်ခံလိုက်မိတာဟာ. . . လူကြီးတွေဆန္ဒထက်. . . သူမဆန္ဒကရော. . . ရာခိုင်နှုန်းတော်တော်များများ ပါမနေဘူးလို့. . . ဘယ်သူပြောနိုင်မလဲ။

"ကိုယ်. . . တစ်သက်လုံး. . . သစ္စာရှိရှိ ချစ်သွားမှာပါ. . . ညီမလေးတစ်ယောက်လိုရော. . . ချစ်သူလိုရော. . . ချစ်နေတာပါ. . . လေဘာတီက ကိုယ့်ညီအငယ်ဆုံးနဲ့မှ အသက်အတူတူဆိုတော့ ကိုယ့်အတွက်တော့ ညီမအငယ်ဆုံးလေးလိုပဲ. . သဘောထားပြီး စောင့်ရှောက်မှာပါ. . "

"......"





"ဘာစကားမှ ပြောစရာမရှိဘူးလား. . ."

"ဟို. . ."

"ပြောလေ. . . ကိုယ့်ကို တခုခုပြောပေါ့. . . ဘာပဲဖြစ်ဖြစ် နားထောင်ချင်တယ်. . . ခုလို တွေ့ခွင့်ရတဲ့အတွက်လဲ သိပ်ဝမ်းသာတာပဲ"

လေဘာတီသည် ကုန်ခန်းချင်သလိုဖြစ်နေသော အားအင်တွေကို ကြိုးစားညှစ်ထုတ်နေရသည်။ သူ့ဘက်က တဖွဖွပြောနေတဲ့ 'အချစ်' ဆိုတာကို သူမ. . ခံစားလို့ ရနေပါရဲ့။ ဒါပေမဲ့. . . သိချင်တာရှိသေးတယ်. . . သိချင်လို့ မေးလိုက်တာဟာ သူမဘက်က တစ်ခုခုသေချာသလိုများဖြစ်နေလေမလား အဲဒါကိုလဲ . . စိုးရိမ်သေးသည်။ ကိုယ်ကအဖြေရယ် လို့ တိတိကျကျမပေးမိသေးခင်. . သူက ကြိုတင်ရိပ်မိသွားမှာ အင်မတန်မှလဲ စိုးရိမ်သေးရဲ့။

" ဘာသိချင်တာရှိနေလဲ. . လေဘာတီ. . အားမနာနဲ့၊ မေးပါ "



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း လေဘာတီမှာ မေးစရာရှိနေတယ်ဆိုတာ သူရိပ်မိတာကိုက ခက်နေတာ။

" ဦး . . . ဦးဘုန်းတော်ဇောက ဘာလို့ဒီအရွယ်ထိ အိမ်ထောင်မပြုသေးပဲ နေနေတာလဲ အဲဒါ"

သူမ . . စကားမဆုံးသေး။ သူက . . ကျေနပ်သလို အသံထွက်ရယ်လိုက်တော့ . . . လေဘာထီစကားလုံးတွေ ရပ်တန့် သွားခဲ့ပါသည်။

" တကယ်ချစ်တဲ့သူ, မတွေ့သေးလို့ပေါ့ . . ကိုယ်တကယ်ချစ်တဲ့သူကိုတွေ့မှ ယူမယ်လို့ စိတ်ကူးခဲ့လို့ ဒီလောက် အရွယ်ထိ ရောက်သွားခဲ့တာပါ . . အခုတော့ တွေ့လဲတွေ့ နေပြီ ဘာမှမစဉ်းစားစရာမလိုတော့ဘူးလေ "

ကိုယ်က တစ်ခါ . . 'ချစ်တယ်' လို့ပြောတိုင်း . . "အချစ်" ဆိုတဲ့စကားကို ပြောတိုင်းကိုယ့်ကို ရင်မဆိုင်ရဲသလို မျက်လွှာတချချဖြစ်နေတာကိုက ရည်းစားမထားဖူးသေးတဲ့ သူငယ်မလေးမှန်းပေါ်လွင်လှပါတယ်။





" ကိုယ် . . မညာပါဘူး ရည်းစားသုံး, လေးယောက်လောက်တော့ ရှိခဲ့ဖူးပါတယ် . . . . ဒါပေမဲ့ ကိုယ် . . . တကယ်မချစ်ခဲ့လို့ . . . . လက်ထပ်ဖို့အထိ မဆုံးဖြတ်ခဲ့ဘူး . . . လေဘာတီကရော . . ရည်းစားရှိခဲ့ဘူးလား"

" မရှိခဲ့ဘူး"

အင်မတန် တိုးညှင်းလှသော်လည်း . . . ကိုယ် . . . ကြားရပါသည်။ မလုံမလဲ အမူအရာမှ . . . သံသယဖြစ်မနေ။ သူမ . . . . ဘယ်လောက်ထိ ရိုးရိုးကလေး နေခဲ့တယ်ဆိုတာကို . . . . ဒေါ်မမတင်ထံမှ သူတို့ အကုန်သိထားနှင့်နေခဲ့ပြီ။

"ဘာလို့ မရှိတာလဲ . . . ဝိုင်းကြိုက်တဲ့သူများနေလို့ အရွေးရခက်နေတာလား "

" တစိမ်းယောကျ်ားတစ်ယောက်နဲ့ ရင်းနှီးရမှာကို ကြောက်တာပါ "

" ဘယ်လို . . . "

" ဘယ်လို . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟို. . ဟိုလေ တစ်ခါမှ မသိကျွမ်းဖူးတဲ့ လူတစ်ယောက်ကို . . . တရင်းတနှီး. . . ဟို. . ဟိုလေ. . . ချစ်သူဖြစ်သွားရမှာကို. . . ကြောက်တယ်. . . အဲဒါကြောင့်. . ပြီးတော့ မေမေနဲ့အဘွားကပြောတယ်. . . မိန်းကလေးဆိုတာ အနေအထိုင်ဆင်ခြင်ရတယ်တဲ့. . . ရည်းစားဆိုတာ အပျော်ထားခဲ့ဖူးရင် . . . . ကိုယ်ပဲ နာမည်ပျက်မှာတဲ့ . . ကိုယ်တကယ်လက်တွဲရဲတဲ့ သစ္စာရှိမှ လူတစ်ယောက်ကို သတ်သတ်မှတ်မှတ် ရွေးချယ်လိုက်တာဟာ. . တစ်သက်လုံးအတွက်အကောင်းဆုံးပဲတဲ့. . တျွန်မကလဲ အဲဒီအတိုင်းပဲ သဘောထားပြီး အေးအေးဆေးဆေးပဲနေခဲ့တယ်. . . ရည်းစားထားတယ်ဆိုတာ. . ဝတ္ထုတွေရုပ်ရှင်တွေထဲမှာပဲ တွေ့ဖူးတယ်. . တွေ့တိုင်းလဲ သူတို့မှာ ပျော်တာဝမ်းနည်းတာ၊ ပူဆွေးတာတွေတလှဲ့စီတွေ့နေရတော့. . ပိုကြောက်မိ [illegible] ကျွန်မက ပျော်ပဲပျော်ချင်တာ. . ဝမ်းနည်းပူဆွေးပြီး စိတ်ဆင်းရဲရမှာကို သိပ်ကြောက်တယ်. . "





လေဘာတီက သူမ၏ခံစားချက်တွေကို ပြောပြနေရင်း. . တဖြည်းဖြည်း သူမကိုယ်သူမ စိုးရိမ်လာသည်မှာ . . . . သူ့ကိုသူမ, စိတ်ထဲမှာ အလိုလိုရင်းနှီးနှစ်လိုသောစိတ်တွေ ဖြစ်ပေါ်လာခြင်းအတွက်ကြောင့်ပင်တည်း။

ဘုရား. . ဘုရား. . သူနဲ့မှ လေဘာတီ့ဆီမှာ တစ်ခါမှ မဖြစ်ဖူးကဲ့ "အချစ်" ဆိုတာ တကယ်ပဲ ဖြစ်ပေါ်လာခဲ့ပြီလား၊သိ။

"ကိုယ်နဲ့ဆိုရင် အမြဲတမ်း ပျော်နေရပါစေ့မယ်လို့ ကတိပေးပါတယ်. . ဘယ်လိုလဲဟင်. . "

"မဖြစ်နိုင်တာ. . "

"ဘာရယ်. . ကိုယ်နဲ့ဆို မပျော်ဘူးလို့ ဖြေလိုက်တာလား. . "

လေဘာတီက. . သူ့ရဲ့အထိတ်ထိတ်အပြာပြာပုံစံကို ရယ်ချင်သွားသည်။

"ဘဝဆိုတာ အမြဲတမ်းပျော်စရာတွေပဲ ရှိနေတာမှ



www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်တာ. . ဦးဘုန်းတေဇော့က မဖြစ်နိုင်တာတွေ ပြောနေလို့. . "

"ဪ. . တော်ပါသေးရဲ့. . "

"ပြန်မယ်နော်. . ထွက်လာတာကြာလှပြီ. . "

"ကိုယ်တို့ ကိစ္စကိုရော. . "

"မသိသေးဘူး. . ဖြည်းဖြည်းပေါ့. . "

"မဖြစ်ဘူး. . ကိုယ်ကအသက်ကြီးနေပြီကွ. . အဘိုးကြီးဖြစ်တော့မယ်. . ဒီထက်ဆက်စောင့်နေရင် ဘိုးဘွားရိပ်သာရောက်မှပဲ. . ကိုယ့်ကိုအဖြေပေးမယ်ဆိုရင်တော့. . မဖြစ်သေးဘူး. . "

လေဘာတီက အသံတိတ်ပြုံးနေလျှင် ကိုယ်က သူမထက် အသက်များစွာပိုကြီးတာ. . အတွေ့အကြုံများသူ ပီပီ သူမရဲ့အပြုံးထဲမှာ ကိုယ့်အတွက် ဘာတွေပါနေမလဲဆိုတာ သိသွားသလိုလိုပင်. .။

* * *



လေဘာတီသည် နှင်းဆီပွင့်တွေကို အတိုအရှည်ညှိလျှက် ကပ်ကြေးဖြင့် တချပ်ချပ်တပွင့်ချင်းညှပ်နေရင်း. . မေမေ့စကားကို ဂရုတစိုက်နားထောင်နေခဲ့ပါသည်။

"မေမေတို့ အနေနဲ့ကလဲ ကိုယ့်ရပ်တည်မှုနဲ့ ကိုယ်မဆင်းရဲပါဘူး. . သူတို့လောက်ကျိကျိတက်မချမ်းသာပေမဲ့ ကိုယ့်အသိုင်းအဝန်းထဲမှာတော့ ထိပ်ဆုံးကနေနိုင်ပါတယ်. . ဒါပေမဲ့ ကိုယ့်သမီးကိုတော့ ကိုယ့်ထက်မြင့်မားတဲ့ လူနဲ့ပဲ ဖြစ်စေချင်တယ်. . သူနဲ့သဘောတူတယ်ဆိုတာက သူ. . သိပ်ချမ်းသာလို့ တစ်ခုတည်းနဲ့ဆုံးဖြတ်တာမဟုတ်ဘူး. . သမီးကိုတော်တော်နှစ်သက်ပြီး စိတ်သဘောထားလဲ နူးညံ့တဲ့ပုံစံ‌ေ

www.burmeseclassic.com



လာမိလို့ သဘောတူတာပါ. . သမီးလဲစိတ်ကူးမလွဲစေချင်ဘူး ကိုယ်လဲလက်ခံနိုင်တဲ့ အနေအထားရှိနေတဲ့ လူတစ်ယောက်ကို ငြင်းမနေနဲ့တော့လို့ မေမေအကြံပေးမယ်. . "

"သူနဲ့ လိုက်နေရမှာ. . မေမေရဲ့. . "

"ဪ. . ကောင်းတာပေါ့. . အိမ်ထောင်ပြုပြီဆိုရင် သူနဲ့ကိုယ် နှစ်ယောက်တည်းခွဲနေတာကောင်းတယ်. . ဘယ်ဘက်မိဘ၊ မိသားစုနဲ့မှ ရောမနေနဲ့. . အဲဒါဆိုကြားမှာ ဘာအဖုအထစ်မှ မရှိလာနိုင်ဘူး. . အိမ်ထောင်ရေးမှာ အောမျိုးပြဿနာမရှုပ်တာအကောင်းဆုံးပဲ မေမေက. . သမီးနေချင်တယ်ဆိုတာတောင် မနေနဲ့လို့ပြောမှာပဲ. . ဘယ်သူ့ဘက်မှ ရောမနေတာအကောင်းဆုံးပဲသမီးရဲ့. . ဘယ်လိုလဲ. . သမီး. . ဒီကိစ္စကိုလက်ခံတော့မလား. . "

သူမျက်လုံးနက်နက်များကို သတိရမိတော့ မလိုဖြစ်သွားမိသော. . သူမကိုယ်သူမ ပြန်ရှက်နေခဲ့ပါသည်။

"အဘွားကတော့ မြေးနဲ့မခွဲချင်ပါဘူးကွယ် မြေး. . ဒီလိုလေးပန်းတွေ တချပ်ချပ်ညှပ်ပြီးပန်းအိုးတွေကြားထဲမှာ လှနေတာကို သိပ်သဘောကျတယ်. . သူများလက်ထဲထည့်ပေးလိုက်ချင်အောင်ပဲ. . နှမြောတာသူငယ်နဲ့ သဘောမတူလို့တော့မဟုတ်ဘူး. . ကောင်လေးက အဖက်ဖက်က ပြည့်စုံပါတယ် ဒါပေမဲ့. . ကိုယ့်မျက်စိထဲတော့ မြေးကို ကလေးလိုပဲထင်နေသေးတယ်. . "

"အဘွားစိတ်မကောင်းဖြစ်နေပြီး. . တီ. . ဒါဆိုလဲ သူ့ကိုတင်မကဘူး. . ဘယ်ယောက်ျားမှမယူပဲ အပျိုကြီးလုပ်တော့မယ်. . အဲဒါပဲကောင်းပါတယ် မေမေရယ်. . "

"ဟယ်. . မြေးကလဲ အဓိပ္ပါယ်မရှိတာကွယ်. . အဘွားတို့မေမေတို့မရှိတော့ရင် သမီးတစ်ယောက်တည်း ကျန်ခဲ့မှာ စိတ်မချပါဘူး. . သမီး မေမေစကားကိုနားထောင်လိုက် အဘွားကလွမ်းရင် မြေးလာတွေ့ပေါ့. . " "မေမေ. . သမီး ဘာကယ်ပဲ အဲဒီလူကို ယူရတော့မှာပေါ့နော်. . "

"သမီးစိတ်ဆင်းရဲနေရမယ်ဆိုရင် မယူပါနဲ့ကွယ်. .





www.burmeseclassic.com

www.burmeseclassic.com



သမီးစိတ်ထဲမှာ ရှင်းနေမှ မေမေက မေမေ့စကား မေမေ့အကြံကို လက်ခံပါလို့ ပြောတာပါ.."

စိတ်ထဲရှင်းလင်းနေလွန်းလို့ ဘယ်လိုအရောင်မှတောင် စွန်းထင်းမနေခဲ့ပါဘူး မေမေရယ်..။ လေဘာတီက ပန်းအိုးတွေထဲစိတ်နှစ်နေရပေမဲ့... အချိန်တိုင်း စက္ကန့်တိုင်းမှာ တော့ ဒီအကြောင်းဟာ ခေါင်းထဲမှာ နေရာယူနေပေသည်။ ကိုယ်.. သူ့ကို ချစ်သလားလို့ မေးလျှင် ဖြေရတာခက်နေရသလိုပင်..။

သူ့ကို စိတ်ထဲမှာ ရင်းနှီးနေသလိုခံစားရပေမဲ့.. ချစ်သည်၊ မချစ်သည်ဆိုတာ အလွယ်တကူ ဆုံးဖြတ်လို့ကို မရသေး..။တစ်နေ့ကျရင်တော့ သူ့ကို ချစ်သွားမလား.. ဒါမှမဟုတ် သူ့ကို ရင်းနှီးနေတယ်ဆိုကတည်းက တစ်ခါမှမမြင်တွေ့မသိကျွမ်းဖူးတဲ့ လူတစ်ယောက်ကို ဒီလိုခံစားနေသက်နေတယ်ဆိုကတည်းက ချစ်နေမိပြီလားလဲ မသေချာ။

ဒါပေမဲ့.. တစ်ခုခုကိုတော့ အဆင်အပြေဆုံးဖြစ်



အောင် ဆုံးဖြတ်ရမှာတော့ သေချာနေလေပြီ။

မွေးနေ့ပွဲအတွက် နှင်းဆီအလှအိုးတွေ အကုန်ပြီးသောအခါ လေဘာတီသည်..

"မင်္ဂလာပွဲမှာ ဘယ်သူနဲ့မှမတူပဲ ပန်းတွေကိုပဲ ပိုပြီးဦးစားစိုက်စိုက် အာရုံရောက်နေခဲ့တဲ့ ကျစ်ဆံမြီးအရှည်ကြီးနဲ့ ကောင်မလေးကို မြင်မြင်ချင်းပဲစိတ်ဝင်စားသွားခဲ့တာပါ.. နောက်တော့ အရမ်းချစ်သွားပြီး နီးစပ်ရအောင် ဖန်တီးခဲ့တာပေါ့ဗျာ.."

ဟူသော လူငယ်လေးတစ်ယောက်ဆန်ဆန် ဝန်ခံတဲ့စကားတချို့ကို မဆီမဆိုင်သွားသတိရလိုက်လျှင် သူမရဲ့ဆုံးဖြတ်ချက်မမှားနိုင်ပါဘူးလို့.. သူမကိုယ်သူမ အားပေးလိုက်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



(၅)

လေဘာတီရဲ့ဆံပင်ရှည်ကြီးများကို မက်မောသလို ငေးမောရင်း. .

"အရမ်းလှတာပဲနော်. . ပိုးကတ္တီပါတစ်မျိုးလိုပဲ ကိုင်ကြည့်လို့ရမလား. ."

ဟန်မဆောင်တတ်သော စကားဖြင့် စတင်နှုတ်ဆက်လိုက်သည့်အတွက် မနေတတ်သလို ပြုံးကာ ခေါင်းညိတ်ပြလိုက်၏. .

"အား. . အရမ်းနူးညံ့တာပဲ. . ဒါကြောင့်လဲ အင်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက အမှတ်တွေအရမ်းပေးပြီး အကြွားသန်နေတာ. . ဆံပင်ကအစ ပြောစရာမလိုအောင် လှတယ်တဲ့. ."

"ယွန်း ရေ ရှုပ်မနေနဲ့ သတို့သမီးက မိတ်ကပ်ပြင်ရ ဦးမယ်. ."

"ဒါကြောင့် ဆံပင်ကြီးဒီလိုချထားတာ မြင်ရတာပေါ့ နော်. . အစ်ကိုကြီးကပြောတယ် အိမ်နေရင်းကလွဲရင် အမြဲတမ်းဆံပင်ကို ကျစ်ဆံမြီးကျစ်ထားတာပဲတွေ့ရမယ်တဲ့ ဆံပင်ချထားတာမြင်ဖူးချင်လို့ သတို့သမီးအလှပြင်တဲ့ အခန်းထဲ လာရှုပ်ရတာ. . ညီမလေးရဲ့သတို့သားကြီးတော့ ရင်တွေခုန်ပြီး ညကအိပ်မပျော်လို့တဲ့. . မမဆီက အိပ်ဆေးလာတောင်းရလေရဲ့. ."

"မမလဲ. . လှတာပဲနော်. ."

"အံမယ်. . ယောင်းမရေ. . မြှောက်မနေနဲ့. .

မမတို့မိသားစုထဲမှာ အစ်ကိုကြီးက အချောဆုံး သူ့ကို မမှီဘူး. . သိလား. .





ဒါပေမဲ့. . ယောင်းမကို ပိုလှနေလို့ အစ်ကိုကြီး နောက်ကောက်ကျသွားပြီး. ."

ဒီနေ့မှသေသေချာချာတွေ့ဆုံဖူးသော လေဘာတို့ရဲ့ ယောင်းမ,က အနားက မခွါပဲ တတွတ်တွတ်စကားများရင်း ရှုပ်နေလေသည်။

သူမ, ကျတော့လဲ ဒီဂရီမျက်မှန်ဝိုင်းကလေးနဲ့ တင့်တယ်ပြီး ကျက်သရေရှိသော ပညာတတ်မိန်းမချောလေး ပုံစံဖြစ်ပေမဲ့. . မာနမရှိပဲ ဖော်ရွေနေပြန်သည်။

"လေဘာတီ ကံကောင်းမှာပါ. . သူတို့မိသားစုက ခင်မင်တတ်တယ်. . မာနလဲမရှိကြဘူး. ."

လို့ အောင်သွယ်တော် ဒေါ်မမတင်ညွန်းတာလဲ မမှားဘူးဟု လက်ခံရမလိုပင်. .။

"မာမီရေ. . ယောင်းမလေးရဲ့ ဆံပင်ရှည်ကြီးတွေ မပျက်စီးအောင် ဆံထုံးထုံးပေးနော် Hair Spray တွေကြောင့် ဆံပင်တွေ ကျွတ်မလားမသိဘူး. ."



www.burmeseclassic.com

www.burmeseclassic.com



"မကျွတ်စေရပါဘူး . . ပစ္စည်းအကောင်းစား သုံးထားတာပဲ . . စိတ်ချ . ."

"ယောင်းမ . . . ကပန်းအိုးအလှပြင်တာ သိပ်တော်တာပဲဆို . . ကိုယ့်မင်္ဂလာဆောင်ကျတော့ ကိုယ်ကိုယ်တိုင် သတို့သမီးလုပ်ရမှာမို့ ပင့်ပန်းမှာစိုးလို့ အစ်ကိုကြီးကရော မေမေတို့ကပါ တခြားသူနဲ့ ပန်းပြင်ခိုင်းရတာ . . သိလား။ မမက လေဘာတီ့လက်ရာလေးတခါမှ မမြင်ဖူးသေးလို့ ကြည့်ချင်နေတာ . ."

"မမ . . အလှဲ့ကျရင် တီ့က လက်ဖွဲ့အနေနဲ့ ပန်းတွေပြင်ပေးမှာပေါ့ . ."

"ကျုပ်အလှဲ့လား . . မရောက်နိုင်သေးဘူး ဘာဖြစ်လို့လဲဆိုတော့ ယူစရာလူမရှိသေးလို့လေ . . တွေ့လဲမတွေ့သေးဘူး . . ကြာဦးမယ် . ."

"မကြာနိုင်ပါဘူး . . တီ့ဆို ဟိုးလွန်ခဲ့တဲ့ ငါးလတုန်းက မမလိုပဲ တွေးထားတာပဲ ဒါပေမဲ့ . . ခုကျတော့လဲ ချက်ချင်းကြီးလို ပြောင်းလဲသွားတဲ့ တို့အဖြစ်က အိပ်မက်မက်နေရသလိုပဲ ခံစားရတယ် . ."

လေဘာတီက . . မှန်ထဲမှာ ပေါ်လာသော သူ့ပုံရိပ်ကို မြင်လိုက်ရတော့ ပြောလက်စ . . စကားကို အဆုံးသတ်လိုက်ရပါသည်။

"ယွန်း . . မမမေခေါ်နေတယ် . . ခဏသွားလိုက်ဦး . ."

"ဟုတ်ကဲ့ . . အစ်ကိုကြီး"

"မာမီ . . သူ့ဆံပင်တွေက တညီတည်း အရှေ့အနောက် အတူတူရှည်တာနော် နည်းနည်းဖြစ်ဖြစ်မတိပါနဲ့ ဖြစ်တယ်မဟုတ်လား . ."

"စိတ်ချပါ . . သတို့သားရယ် အလှဆုံးဖြစ်စေရမယ် စိတ်ချ . . သတို့သားကရော . . ဟဲ့ . . နဲ့နဲ့ပြင်ဆင်ပေးလိုက်ပါဦး . ."

"ဟာ . . နေပါစေ . . မလိမ်းပါနဲ့ . ."






www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းကြည့်ကောင်းပေမဲ့ ဓါတ်ပုံတွေဗွီဒီယိုတွေ ထဲကျတော့ ကြည့်မကောင်းပဲ ဖြစ်နေမယ်. . ပြင်လိုက်ပါ. ."

"ဒုက္ခပဲဗျာ. . နေရထိုင်ရတာခက်တယ်. ."

အလှဖန်တီးသူများအလယ်တွင် စိတ်ရှုပ်နေသော သူ့ကို ကောင်းတယ်. . သတို့သမီးအလှပြင်တဲ့ အခန်းထဲ လာ ရှုပ်ချင်ဦး. ." လို့ စိတ်ထဲမှ ရေရွတ်နေမိသည်။

သူ့မျှားရိပ်မိလောက်အောင် မျက်စေ့အောက်က အ ပျောက်မခံလိုဟန်ရှိလွန်းလှသော သူ့ရဲ့ချစ်ခြင်းမေတ္တာတွေ ကို ခံစားရတဲ့အတွက် လေဘာတီက မိန်းမသားပီပီ ဘာပဲ ဖြစ်ဖြစ် ကျေနပ်နေမိလေပြီ။

သူ့လက်မောင်းကို ချိပ်ဖို့မဝံ့မရဲဖြစ်နေသော လေဘာတီ့အဖြစ်က အားလုံးတပြုံးပြုံးနှင့်စ,ချင်စရာသူ့ကို လက်ခံတယ်ဆိုတာ မိဘတွေကတဆင့် အသိပေးပြီးကတည်း က စေ့စပ်တဲ့နေ့တစ်ခါသာ သေသေချာချာတွေ့ဖြစ်ပြီး တစ် ပတ်အကြာမှာ လက်ထပ်ကြရသော စီစဉ်ဖန်တီးမှုထဲမှာ သူမ





ကတော့ သူ့ကို. . ခုထိရှက်ရွံ့လို့ကောင်းဆဲ။

အေးစက်သောလက်တွေက သူ့လက်မောင်းကို တွဲ ချိပ်ရသည့် အခါ . . သူ့ပုခုံးစွန်းနဲ့ သူမရဲ့နဖူးစွန်းတို့ မတော် တဆ ထိခပ်မိတဲ့အခါ တုန်တုန်ရီရီ ရှက်ရွံ့ကာ သူ့မျက်နှာကို ပင် စေ့စေ့မကြည့်ရဲတော့ပါတဲ့။

ဘယ်လောက်. . ဆန်းကြယ်လိုက်ပါသလဲ။ သူနဲ့ အတူတူ နှစ်ယောက်တည်းကျန်ခဲ့ရမည့် အဖြစ်ကို ကြိုတင် တွေးတောကာ. . ခြေဖျားလက်ဖျားတွေ အခါခါ အေးစက် နေရသဖြင့် မင်္ဂလာပွဲဟာ ဘယ်ကဘယ်လိုပြီးသွားလိုက်မှန်း ကိုပင် မသိလိုက်။

မင်္ဂလာပွဲက ညနေ ငါးနာရီမှာ ပြီးဆုံးရာ ညနေ ခြောက်နာရီခွဲမှာ. . မင်္ဂလာညစာစားပွဲကလဲရှိပြန်ရာ လေဘာ တီ့ဆံပင်တွေပြန်ဖြေ။ ဆံထုံးနောက်တစ်မျိုး၊ မိတ်ကပ် တစ်ခု ထပ်ပြင်။ အဝတ်အစားသစ်တွေ လက်ဝတ်ရတနာတွေ ပြန် လဲရနဲ့. .



www.burmeseclassic.com

www.burmeseclassic.com



"ပင်ပန်းလိုက်တာ. . အဘွားရယ် တီလေ. ခုချက်ချင်းပဲ. . လှဲအိပ်ပစ်ချင်နေပြီ. ."

လို့ အဘွားကို တီးတိုးကပ်ပြီးပြောနေမိတော့သည်။

သူမအသိုင်းအဝန်းက. . အသင့်အတင့်ပေမဲ့ သူတို့ဘက်ကတော့. . မိတ်ဆွေတွေပေါလဲပေါလွန်းလှတယ်ဟု အံ့သြယူရမတတ်. . သူမကိုတစ်ယောက်ပြီးတစ်ယောက် မိတ်ဆက်အပေးခံရလွန်းသဖြင့် ခေါင်းတွေပင် မူးနောက်နေလေပြီ။

မိတ်ဆွေတွေ တစ်ခွက်ပြီးတစ်ခွက် ထည့်သောအရက်တွေကို မငြီးမငြူမော့သောက်နေသည့် သူ့ကို တအံ့တသြငေးကြည့်ကာ. . ဒီသောက်သောက်နေတာ မူးတောင်မမူးပါလားလို့. . တွေးနေခဲ့ရင်း နောက် အမြဲမသောက် သူမတားမြစ်နိုင်ပါ့မလားလို့ စိုးရိမ်ရပြန်သည်

ညစာစားပွဲ အစီအစဉ်ပြီးတော့ ဘားကိုလိုက်မောင်းပေးပြီး အိမ်တိုင်ယာရောက်ပို့ပေးလေသည်။





အားလုံးက သူမတို့ကို နှုတ်ဆက်ပြီးထွက်သွားသောအခါ. . လေဘာတီသည် သူမတစ်ယောက်တည်းအထီးကျန်အဖော်မဲ့သလို ခံစားလိုက်ရပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ပန်းလေး"

အေးစက်နေသော လက်ဖဝါးတစ်ဘက်ကို ဆုပ်ကိုင်လျက်. . နှစ်သိမ့်သလို ခေါ်လိုက်တော့ သူမ့က ဖြတ်ကနဲမော့ကြည့်သည်။

"အံ့သြသွားလား. . လေဘာတို့ကို ကိုယ်က ပန်းလေးတစ်ပွင့်နဲ့တူလို့. . အဲဒီလိုခေါ်ချင်နေတာ. . ကြာပြီ။ ဒီနေ့မှ စခေါ်မယ်လို့ ဆုံးဖြတ်ထားတယ်. . နောက်ဆို ကိုယ်ဒီလို အမြဲခေါ်မယ်နော်. . လာ့အိမ်ထဲဝင် ပြင်မှာ အေးနေပြီ. . "

"ဦးဘုန်းတေဇော. . အရက်တွေအများကြီး





သောက်ထားတာ. . ဘာမှမဖြစ်ဖူးလား. . "

"မူး နေတာပေါ့. . "

"ဟုတ်ရဲ့လား. . "

"ဟုတ်ပါတယ်. . ဘာလဲ. . အရက်မူးတယ်ဆိုတာ ရုပ်ရှင်တွေထဲကလို. . သူများကို ရန်လုပ်ပြီးပေါက်ကရတွေ ပြောနေမှ မူးတယ်လို့ သတ်မှတ်ထားလို့လား. . အဲဒါတွေက အလကားပါကွာ. . "

"အမြဲသောက်နေတာလားဟင်. . "

"မသောက်ပါဘူးကွာ. . ဒီနေ့လိုနေ့မျိုးမှ သောက်တာပါ. . အထိမ်းအမှတ်ပွဲတွေ ညစာစားပွဲတွေ တက်ရမှ သောက်တာ. . "

"အဲဒါ. . အဲဒါတွေက တစ်လဘယ်နှစ်ခါလောက်လဲ. "

"ပန်းလေးက . . အရက်သောက်တာကို စိတ်အနှောင့်အယှက် ဖြစ်နေသလား. . ပန်းလေးမကြိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူးလို့ ပြောပါ ကွာ.. ကိုယ် ရှောင်မှပေါ့ ကတိကို လက်လွတ်စပယ်ပေး တာမဟုတ်ဘူးနော်..

ကိုယ်က အပြောနဲ့ညီအောင် နေတတ်တယ် ပန်းလေး.. မကြိုက်ဘူး မဟုတ်လား.. ကိုယ့်ကိုပြော.."

လေဘာတီက.. ခေါင်းအသာညိတ်ပြလိုက်တော့ သူက ပြုံးလျက် သူ့ရင်ဘတ်မှာ ဆွဲကပ်ထားလိုက်သည်။

ပထမဦးဆုံး ခိုဝင်လိုက်ရသော ရင်ခွင်တစ်ခုရဲ့ နွေးထွေးလုံခြုံမှုထဲမှာ ... လေဘာတီ နစ်မြောသွားခဲ့သည်။

"ကိုယ့်ကို.. "ကိုကို" လို့ ခေါ်နော်..

ပြီးတော့ ပန်းလေးကလဲ.. ကိုယ်နဲ့ စကားပြောရင် "ပန်းလေး"ကလေလို့ ပြောနော်.."

ခုလောလောဆယ်မှာ.. သူ့ရင်ခွင်ထဲမှာ မျက်နှာအပ်ထားရတာကို ... သူဖယ်ပစ်ပြီး... သူမ၊ မျက်လုံးတွေကို စိုက်ကြည့် လိုက်မှာ အလွန်အမင်းစိုးရိမ်နေလေသည်။

"တစ်ခွန်းလောက် ခေါ်ပါဦးကွာ.. ကိုယ် ကြားချင်





လို့.."

"....."

"တိုးတိုးလေးခေါ်.. ဘယ်သူမှ မကြားအောင် ကိုယ့်နားနားကပ်ခေါ်.."

သူက.. ခပ်သဲ့သဲ့ရယ်ရင်း.. လေဘာတီ့မျက်နှာကို ဆွဲမော့ကာ.. ငုံ့ကြည့်ဖို့ကြိုးစားနေတော့သည်။ လေဘာတီက မျက်နှာကိုအတင်းမရမက ဖိကပ်သို ဝှက်နေပြန်တော့.... သူက အတင်းအကြပ်မမော့နိုင်းပေမဲ့.. သူမရဲ့ငယ်ထိပ်ပေါ်.... သူ့မေးစေ့ကို ထိကပ်ရင်း..

"အေးလေ.. ခုတော့ ရှက်နေဦးမှာပါ.. ကိုကိုနားလည်ပါတယ်.. နောက်တော့မှပဲ ခေါ်တော့နော်.. ပန်းလေးစိတ်ညစ်အောင် ကိုကိုမလုပ်ပါဘူး.."

ကိုယ့်အပေါ်.. ချစ်သူက ပြန်ချစ်နေခဲ့တယ်ဆိုတာ ခံစားသိရှိလိုက်ရသဖြင့် ကိုယ့်ဘဝတစ်ခုလုံးပြည့်စုံသွားသလို ... တကယ့်ခံစားနေရတာချစ်သူ မသိနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ပြောပြနိုင်တဲ့စကားလုံးတွေထက် ပိုချစ်ခဲ့ပါတယ်. . ပန်းလေးရယ်. . ။

"ကိုကို. . ခဏခဏပြောတဲ့ စကားလိုပဲ ပန်းလေးကို ချစ်သူလိုလဲ ချစ်တယ်. . . ညီမလေး တစ်ယောက်လိုလဲ ချစ်တယ်. . တစ်သက်လုံးလဲ ကြင်နာမယ်နော်. . ကိုကို့ကိုရော ပန်းလေးက ဘယ်လိုသဘောထားလဲဟင်. . "

ခပ်တိုးတိုးအသံလေးက သူ့ရင်ခွင်ထဲမှ ထွက်လာခဲ့တာဖြစ်သည်။

"အဲဒီအတိုင်းပဲ. . "

"ဘယ်အဲဒီအတိုင်းပဲလဲ"

"ကိုကိုလိုပဲလို့ပြောတာ"

လေဘာတီက. . ဆက်မပြောတတ်တာကို. .

သူက. . ဘာကြောင့်မှန်းမသိ အူမြူးကာ. . တသွဲ့သွဲ့ရယ်နေရင်း. .

"ကိုကို့လိုပဲဆိုတာ. . ဘာလဲ. . "





"မသိဘူး. . ကိုကိုပဲခုနပြောသလိုသဘောထားတယ်လို့ ပြန်ဖြေပြီလေ. . ဘာလို့ ဆက်မေးရတာလဲ. . "

သူ. . ရယ်သံသွဲ့သွဲ့တို့ဖြင့် အဆုံးသတ်လိုက်သော အမေးအဖြေပွဲသည်. . သူတို့ ပတ်ဝန်းကျင်မှာတော့ လှပသော အနာဂတ်တစ်ခု၏ အစဖြစ်ခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



(ဘုန်းတေဇော. . အတွက်တော့
လောဘာတီဟာ. . အင်မတန်မှ မြတ်နိုးဖွယ်ကောင်း
သော . . ပန်းကလေးတစ်ပွင့်ဖြစ်ခဲ့ပြီး . . .
လောဘာတီအတွက်တော့. . ဘုန်းတေဇောဟာ
အေးချမ်းသာယာသော. .
ပန်းဥယျာဉ်ကြီး. . တစ်ခုတည်း. .
ဖြစ်ခဲ့လေသည်. . )





# အပိုင်း (၂)



www.burmeseclassic.com

www.burmeseclassic.com



(၃)

လက်ထပ်ပြီး. . သုံးလအထိ လေဘာတီဟာ သူမရဲ့ ပန်းတွေနဲ့ အတော်ကြီး ကင်းကွာနေခဲ့လေသည်။ ရင်းနှီးသော မိတ်ဆွေတွေက အလိုက်တသိ အလုပ်လာမအပ်တာကြောင့် လည်းဖြစ်သည်။

ပန်းအလှပြင်ခြင်း. . မလုပ်ရတော့ပေမဲ့. . လေဘာတီက . . ဝါသနာအလျှောက် အိမ်အလှဆင်ဖို့ ပန်းတွေတော့ တစ်နေ့တစ်မျိုး မရိုးရအောင် ထိုးတတ်လေ့ရှိသလို မိန်းမဝေးခြံမှာ နေကြတဲ့. . ကိုတို့ မိသားစုအိမ်ကိုလည်း နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ပန်းအလှအိုးတစ်အိုးတော့ . . ပို့ပေးတတ်စမြဲ . . ။

"ရှင်းပြပါဦး . . ဒီနေ့ထိုးထားတဲ့ ပန်းအိုးရဲ့ အဓိပ္ပါယ်ကဘာလဲ . . "

ကိုကိုက . . အခုတော့ . . ပန်းအိုးတွေကို အဓိပ္ပါယ်ဖော်ဆိုခြင်းတစ်ခုနဲ့သူမ . . ထိုးထားလေ့ရှိကြောင်း သဘောပေါက်လာကာ . . နေ့စဉ် အိပ်ရာထတိုင်း မေးလေ့ရှိပါသည်။

"ဒီနေ့ . . ရာသီဥတုသာယာတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့ . . "

"ဟုတ်လား . . ကိုကို့ကို အရမ်းချစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပါတဲ့ ပန်းမျိုးတော့ မထိုးသေးပါလားကွာ"

"ရှိမှမရှိပဲ . . "

"ရှိပါတယ်ကွာ . . မညာပါနဲ့ . . "

"အဲဒီလိုကြီးတော့ ဘယ်ရှိမလဲ . . ပန်းအိုးတွေထိုးတဲ့ပညာမှာ . . မင်္ဂလာရှိတဲ့ အဓိပ္ပါယ်နှစ်ပတ်လည်တို့ . . ကံကောင်းခြင်းတို့ ဆုမွန်ကောင်းတောင်းခြင်းတို့ . . ချစ်ခြင်း





မေတ္တာတို့ပဲ အဓိပ္ပါယ်ဖော်လို့ရတယ် . .

ကိုကိုပြောသလိုတော့ . . ထိုးပြလို့မရဘူး . . ချစ်ခြင်းမေတ္တာအကြောင်း ဖော်ကျူးလို့ရတဲ့ ပန်းတွေတော့ထိုးလို့ရပါတယ် . . ကိုကိုမြင်ဖူးပြီးသားပဲ . . "

"ပန်းလေးက . . တကယ်တော်တယ်ကွာ . . ကိုကိုအမှန်အတိုင်းဝန်ခံရရင် . . အဲဒီ အီကေဘားနားတို့ဘာတို့ ဝန်းထိုးတာတွေဘာမှ မခံစားတတ်ဘူး . .

ကိုကိုသိတာက . . ကိုယ်ချစ်တဲ့ သူက . . ပန်းတွေထိုးပြီး . . လှုသိမျှားတဲ့အထိ နေရာရနေတာပဲ . . "

"အခုတော့ . . လူမသိတော့ပါဘူး . . အစထဲကလည်း . . အဲဒီလောက်ထိလှုသိများအောင်မှ ပန်းလေးကတမင်မလုပ်တာပါ . . ပန်းလေးက အေးအေးဆေးဆေးပဲ နေချင်တယ် . . လူသိများပြီး . . ဦးနှောက်ခြောက်ရမှာကို မကြိုက်ဘူး . . နာမည်ကြီးပန်းအလှပြင် သူတွေရှိနေတာပဲ . . သူတို့နဲ့ ပန်းအလှပြင်လဲ ဖြစ်နေတာပဲ . . ပန်းလေးက အပျော်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာ ရင်းနှီးတဲ့လူတွေမှ လုပ်ပေးတာကိုကို. . သိသားနဲ့ အခုဆို ကိုကိုနဲ့လက်ထပ်ပြီးကတည်းက ဘာအလုပ်မှလာလဲ မအပ်တော့သလို ပန်းလေးကလဲ လက်မခံတော့ပါဘူး. ."

"ဟာ. . ဘယ်ဟုတ်မလဲ. . ပန်းလေးကို ပန်းအိုးတွေကြားထဲမှာ လှနေတာကို. . မြင်ချင်တယ်. . ပန်းအလှပြင်တဲ့ အလုပ်ကို ပြန်လုပ်ပါကွာ. . ကိုကိုခိုင်းစားတာတော့ မဟုတ်ဘူးနော်. . ကိုကို့မိန်းမ, ဘယ်လောက်တော်ကြောင်း လက်မဆောင်ချင်တာကွ. . ကြွားချင်တာ. . လူတော်တော်များများက သိတယ်. . ကိုကို့မိန်းမပန်းအလှပြင်တာ သိပ်တော်ကြောင်း သိလို့ ကိုကို့ကို ခဏခဏမေးကြတယ်. . ကိုကိုကတော့ ဒီအလုပ်ကို အရင်ကလိုပဲ အပျော်ပဲ ဖြစ်ဖြစ်ပြန်လုပ်စေချင်တယ်. ."

လေဘာတီက အလုပ်လုပ်ရမှာ ပျင်းတဲ့သူလည်း မဟုတ်။ ကိုယ်. . ဘာမှအပန်းမကြီးတဲ့ ပန်းအလှပြင်တဲ့ အလုပ်လေး . . မဖြစ်စလောက်ကို ခင်ပွန်းသည်က ပြန်လုပ်





ပါလို့ အကြံပေးတာလဲ ဘာမှ လက်မခံစရာမရှိ။

အင်းလေ. . သူလဲ သူ့အသိုင်းအဝိုင်းအလယ်မှာ ကြွား မှာပေါ့။ သူ့ကုမ္ပဏီရဲ့ အခမ်းအနားပွဲတွေ လောက်. . ပုဂ္ဂိုလ်ဆွေအပေါင်းအသင်းတွေရဲ့ ပွဲလောက် ပန်းအလှပြင်ပေးပါလို့ အကူအညီတောင်းရင် ငြင်းစရာလဲ မရှိ. .

ကိုယ့်ကို အလုပ်လာမအပ်တော့လို့သာ. . ကိုယ်က အားနေနေတာ. . လုပ်ပေးပါလို့လာအပ်ရင်လဲ ငြင်းမိ သိမ့်မှာ မဟုတ်ချေ။

"ကိုကိုက. . အရမ်းကြွားထားတာကွ. . ပန်းလေးနဲ့ စေ့စပ်ပြီး တုန်းကဆို. . ကိုကို့အပေါင်းအသင်းတွေကို ပန်းလေး ဘယ်လောက်တော်ကြောင်း အနုပညာမျက်စိဘယ်လောက်ရှိကြောင်း ကိုကို. . သိထားတာထက်တောင်ပိုကြွားခဲ့မိတယ် ဘယ်ကွ. . အဲဒီတုန်းက ကိုကို. . ပန်းလေးရဲ့ ပန်းအလှပြင်ပညာ ကာမနားလည်းတာလဲမဟုတ်ပဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ. ."

"ကဲပါ. . ကိုကိုရယ်. . ကိုကိုကြွားချင်တဲ့ပါရမီကို ပန်းလေးက ဖြည့်ပါ့မယ်. . ဒါပေမဲ့. . ကိုကို့အသိမိတ်ဆွေ လောက်ပဲ. . ဒီအလုပ်တွေလက်ခံမယ်နော်. . ပြီးတော့ ပန်းလေးကို အရမ်းလူသိများသွားအောင်လည်း မလုပ်ရဘူး. . လူသိများသွားရင် စိတ်ညစ်စရာ ကောင်းတယ်. . စိတ်တွေ မလွတ်လပ်တော့ သလိုပဲ. ."

"အေးပါကွာ. . ဒါဖြင့် ခုလောလောဆယ် ကိုကို့ မိတ်ဆွေရဲ့ညီမ မွေးနေ့တဲ့ကွာ. . သူတို့ ခြံထဲမှာ လုပ်မှာပေမဲ့ တော်တော်ကြီးကြီးကျယ်ကျယ်လုပ်ဖို့ စီစဉ်နေတယ် သူ့ညီမ က အဆိုတော်အသစ်လေးလေ. . အဲဒါ ခြံထဲမှာ ဆိုဖို့ တီးဖို့ စတိတ်လဲဆောက်ထားသတဲ့. . .

အဲဒီစတိတ်ပေါ်မှာ ပန်းအလှအိုးထားချင်တယ်. . ခြံထဲက စားပွဲတိုင်းမှာ. .

သူများနဲ့မတူအောင် . . ပန်းအလှထိုးထားတာတွေ





တစ်ဝိုင်းတစ်အိုးထားချင်တယ်. . အဲဒီအလုပ်ကို ကူညီပေးဖို့ ကိုယ့်မိန်းမကို ခွင့်တောင်းနေတာကွာ. ."

" ကိုကို. . လုပ်ပေးစေချင်တယ်မဟုတ်လား. .

ပန်းလေး လုပ်ပေးနိုင်ပါတယ်. . ဒီပွဲက ခင်းလာ ဆောင်ထက်စာရင် အသေးအဖွဲ့ပါ. . စားပွဲတွေပေါ်မှာတင်ဖို့ ပန်းအိုးဆိုတာ သေးသေးလေးတွေ ထားရမှာ ပန်းထိုးရှင်ခဏလေး. . တစ်စားပွဲပုံစံတစ်မျိုးထိုးပေးရလိမ့်မယ်. ."

"စားပွဲဘယ်နှစ်လုံးဆိုတဲ့ စာရင်းကိုကို ယူခဲ့မယ်နော် . . စတိတ်အပေါ်က ပန်းအိုးကရော. ."

"သုံးအိုးလောက်ဆိုလှတယ်. . အိုးနဲ့ မထိုးပဲ စတန်းနဲ့ထိုးရင်ပိုလှမယ်. ."

"အိုကေ. . ဒါဆို ကိုကိုနဲ့ကိုကို့မိန်းမသဘောတူညီမှု စာချုပ်ချုပ်လို့ရပြီ. . ကျေးဇူးပါပဲ ပန်းလေးရယ်. .

ကိုကိုက. . ပန်းလေးကို ခိုင်းရာရောက်မှာ စိုးလို့ အားနာနေတာကွာ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဪ, ရပါတယ်ကိုကိုရယ်. . "

လေဘာတီကတော့ သူမကျင်လည်ရသော ပန်း ဥယျာဉ်ကြီးထဲမှာ. . . . ကျေနပ်ပျော်မွေ့လျှက်. . . သူမနှစ်သက်သော. . . ပန်းတွေကြားထဲ. . . . အလုပ်ရှုပ်ရမှာအပန်းမကြီးဘူးဟု ယူဆခဲ့လေသည်။

အမှန်စင်စစ်တော့. . . ဒါဟာ. . . လေဘာတီ့ဘဝမှာ တစ်သက်နဲ့တစ်ကိုယ်. . . မမျှော်မှန်းထားခဲ့သော အခြေအနေတစ်ရပ်သို့ရောက်အောင် ဆွဲခေါ်ခဲ့လိုက်ရခြင်း၏ အစတစ်ခုဖြစ်ကြောင်း. . . . နောက်များမှ သိခဲ့ရတော့သည်။

❋ ❋ ❋





"သူတို့က. . . ပန်းလေးကို. . . အပါခေါ်လာခဲ့ဖို့ မှာလိုက်တာကွ. . . လိုက်ခဲ့နော်"

လို့ ဆိုတုန်းကတော့. . . ဇနီးမယားရှိသူ. . . ယောကျ်ားတစ်ယောက်ကို. . . စုံတွဲဖိတ်တာပဲဟု ထင်ခဲ့လေသည်။

အဆိုတော်သစ်ကောင်မလေး၏ မွေးနေ့ပွဲကနာမည်ကြီး အနုပညာရှင်များစွာဖြင့် အင်မတန်စည်ကားလှကြောင်း မွေးနေ့ပွဲကိုရောက်တော့မှ အသေအချာသိမြင်ရသည်။

"ဟော. . . . ကိုဘုန်း. . . လာ,လာ. . ရောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



နေပြီ. . . ဇနီးလည်းပါလာတယ်နော်. . . ကျေးဇူးပဲဗျာ. . . ဟို မှာ ညီမကတော့ မွေးနေ့အစီအစဉ် စ,နေပြီ. . . ကိတ်လှီးပြီး ရင်. . . . ကျေးဇူးတင်စကားပြောဖို့ စင်ပေါ်တက်လိမ့်မယ်. . ဪ. . မာမီ,ဒါ. . . . ကိုဘုန်းဇနီးလေ. . . မလေဘာတီတဲ့ ပန်းအလှပြင်ပေးတာ. . . သူပဲ"

"ဟုတ်လား. . . အေးကွယ်. . . ပန်းအိုးလေးတွေ တစ်စားပွဲနဲ့တစ်စားပွဲ ပုံစံမထပ်အောင်. . . ထိုးထားတာ သာမာန်ထိုးနေကျပုံစံမဟုတ်လို့တဲ့. . . . လာတဲ့ဧည့်သည်တွေ တောင် သတိထားမိပြီး တပြောပြော၊ တမေးမေးဖြစ်နေကြ တယ်. . . . သမီးလေးက ငယ်ငယ်ရွယ်ရွယ်နဲ့တော်လိုက်တာ လက်ဖြစ်တယ်ကွယ်. . . . သေသေချာချာသာ နေရာယူရင် နာမည်ကြီးပန်းအလှပြင်ပညာရှင်ဖြစ်မှာ. . . ."

လေဘာတီက မနေတတ်တော့သလို. . . . ဖြစ်ကာ ကိုကို့ပခုံးနောက်ကွယ် ရပ်နေပေမဲ့. . . ကိုကို့နှုတ်ခမ်းတွေက တော့. . . . ကျေနပ်ဝင့်ကြွားသော ဂုဏ်ယူမှုဖြင့်. . . . ပြုံးနေ





ခဲ့လေသည်။

စားပွဲတစ်ဝိုင်းမှာ. . . . . သူမတို့ကို နေရာချထား ပေးပြီး. . . သိပ်မကြာ။ မွေးနေ့ကိတ်လှီးပြီးသော မွေးနေ့ရှင် က. . . စင်မြင့်ပေါ်တက်သွားလေသည်။ မိုက်ကရိုဖုန်းကို ကိုင် ကာ. . . . ကျေးဇူးတင်စကား စတင်ပြောကြားတာကို. . . ကြားတစ်ချက်မကြားတစ်ချက်. . .။ လေဘာတီ့အာရုံတွေ စားပွဲဝိုင်းတိုင်းမှာ တင့်တင့်တယ်တယ် နေရာပေးခံရသော သူမ၏. . . . ပန်းအိုးကလေးတွေဆီမှာတည်း။

"ဒီမွေးနေ့ပွဲမှာ ထူးထူးခြားခြားလေးဖြစ်အောင် စားပွဲ ဝိုင်းတိုင်းမှာ. . . . ပန်းအလှပြင်ထားတဲ့. . ပန်းအိုးလေးတွေ ရှိပါတယ်၊ သတိထားကြည့်ကြပါ. . . . ဒီတစ်ခြံလုံးရဲ့ စားပွဲ တိုင်းမှာရှိတဲ့ ပန်းအိုးတွေဟာ တစ်စားပွဲနဲ့တစ်စားပွဲ မတူပါ ဘူး. . . ပညာရှင်တစ်ယောက်က. . . . သူ့ပညာနဲ့ထိုးထား တာပါ. . . စားပွဲနံပါတ်အလိုက် ပန်းအိုးနံပါတ် တူပါတယ် အထူးအမှတ်တရအဖြစ်. . . . ဒီပွဲလာတဲ့မိတ်ဆွေတွေကို ကံ



www.burmeseclassic.com

www.burmeseclassic.com



စမ်းမဲနှိုက်ဒိုင်းပြီး. . . စားပွဲနံပါတ်အရ မဲပေါက်တဲ့သူဟာ အဲ့ဒီစားပွဲက. . . ပန်းအိုးလေးကို အပိုင်ယူခွင့်ပေးထားပါတယ်ရှင် မိတ်ဆွေတို့ရေ. . . . ရှင်တို့ရော အဲဒီအမြင်ဆန်းနေတဲ့ ပန်းလေးတွေထိုးထားတဲ့ ပန်းအိုးလေးတွေ လိုချင်ကြတယ် မဟုတ်လား"

လေဘာတီက. . . အံ့ဩသွားကာ ကိုကို့ကို လှည့်ကြည့်တော့. . . ကိုကိုလဲ အံ့ဩနေပုံဖြင့် မျက်ခုံးပင့်နေလေသည်။

"ကိုကို. . . ."

လေဘာတီက. . . အားကိုးသလို ခပ်တိုးတိုး ခေါ်လိုက်မိလေသည်။

"ပန်းလေး. . . သူတို့ အထူးအဆန်းတွေထွင်ထားကြတယ်နော်. . . တော်တော်စိတ်ကူးကောင်းတာပဲ. . ."

သူမတို့နှစ်ဦး စကားမဆုံးသေး။ မွေးနေ့ရှင်က. . ဆက်လက်ပြောသောစကားမှာ. . .

"ဒီပန်းအိုးတွေရဲ့ ဖန်တီးရှင်ကတော့. . . (-)ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ဦးဘုန်းတေဇောရဲ့ဇနီး ဒေါ်လေဘာတီပဲဖြစ်ပါတယ်. . . ဒေါ်လေဘာတီရှင့်. . စင်မြင့်ပေါ် ခဏကြွပါ. . . စားပွဲပေါ်က ပန်းအိုးလေးတွေရဲ့အဓိပ္ပါယ်ကို ပြောပြပေးပါလို့ တောင်းဆိုပါတယ်ရှင်. . . ."

ခြေဖျား လက်ဖျားတွေ အေးခဲသွားစဉ် ကိုကိုက သူမ၏ လက်ဖဝါးတွေကို. . . နွေးထွေးသော သူ့လက်ဖဝါးဖြင့်ဆုပ်ကိုင်ကာ. . . နှစ်သိမ့်လိုက်ပါသည်။

"ဘာတွေလဲကွာ. . . . ဟိုကောင် သူ့ညီမ. . . အဆန်းထွင်ထားတာတွေ. . ဘာလို့မပြောထားတာလဲ. . . ကိုကို့မိန်းမက. . အေးအေးဆေးဆေးနေချင်ပါတယ်ဆိုမှကွာ"

"ပန်းလေး. . . စင်ပေါ်မသွားချင်ဘူးကိုကို"

ကိုကိုလဲ. . ရုတ်တရက် အခြေအနေတစ်ခုအတွက် စိတ်ကျဉ်းကြပ်သလိုဖြစ်ကာ. . . ဘာမှ မနှစ်သိမ့်နိုင်ခင်မှာ. .

"မမ. . . မမလေဘာတီ. . . ခဏလေး ခဏလေး

www.burmeseclassic.com



စင်ပေါ်ကြွပါ. . . ပန်းအိုးလေးတွေရဲ့ အမိပ္ပါယ်ကို နည်းနည်း ပြောပြပါနော် မွေးနေ့လက်ဆောင်အနေနဲ့လေ. .

ဦးဖုန်းတေဇောကပြောထားတယ်. . . မမက ပန်းထိုးရင် အမိပ္ပါယ်နဲ့ထိုးတတ်တာတဲ့. . .”

လေဘာတီသည် ကိုကိုအကြွားသန်တာဟာ သူ့မအတွက်. . . မလိုလားသော အတွေ့အကြုံဆန်းတွေ ရင်ဆိုင်ရဖို့ဖြစ်လာပါလားဟု. . . တွေးလိုက်မိသည်။

“ကဲ. . . လာ. . . ပန်းလေး. . မသွားရင် မကောင်းတော့ဘူး. . . ကိုကို. . . ဘေးက အဖော်လိုက်ပေးပါ့မယ်. . သွားလိုက်ပါ”

ကိုကို. . လိုက်လာသည်ဆိုသော်လည်း စင်ပေါ်အထိတော့. . . သူ ဘယ်လိုက်ခဲ့မလဲ။ စင်ရှေ့မှာရပ်ကျန်ခဲ့ရာ. . လေဘာတီသည်. . . စိတ်အပျက်ပျက်ဖြင့် စင်ပေါ်တက်လိုက်ရတော့၏။

“ဟယ်. . . ဆံပင်အရှည်ကြီးပဲ”





“ကျစ်ဆံမြီးကြီးက ဟက်နေတာ. . .”

“ချော့လဲချော့တယ်. . . လူကြီးမင်းသိပ်ကံကောင်းတာပဲနော်. . .”

စင်အောက်မှာကျန်ခဲ့သော ကိုယ့်ကို ဝိုင်းဝန်းချီးကျူးမြှောက်ပင့်သည့်စကားတွေကို. . . ကိုယ်ဂရုမစိုက်နိုင်။ အေးအေးဆေးဆေးနေတတ်သော ကိုယ့်ချစ်သူခမျာ ကိုယ့်ကြောင့်၊ ကိုယ်. . . ဖန်တီးပေးလိုက်တာကြောင့်. . . လူသိခံရတဲ့အဖြစ်. . . လူရှေ့သူရှေ့မှာ. . ရပ်ပြရတဲ့အဖြစ်နဲ့ ရင်ဆိုင်ရရှာပြီလို့. . . သနားနေမိလေသည်။

“ပန်းအိုးလေးတွေမှာ ပန်းအနည်းငယ်နဲ့ပဲသုံးပြီး. . ထိုးလိုက်တာပါ. . .

စားပွဲတိုင်းမှာ တစ်စားပွဲ ပုံစံတစ်မျိုးပေမဲ့. . . အမိပ္ပါယ်လေးတွေက သိပ်မခြားနားပါဘူး. . . မွေးနေ့ပွဲတစ်ခုမှ မျှော်ရှင်ခြင်း၊ ကံကောင်းခြင်း၊ အသက်ရှည်ပြောင်း၊ မင်္ဂလာရှိ ခြင်း၊ ကျန်းမာခြင်းနဲ့ အတူ မွေးနေ့ရှင်ပြုံမလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခြင်းကိုပါ. . . ဆုတောင်းထားတဲ့ အမိပွါယ်နဲ့ ထိုးလိုက်တာပါ. . .”

“အို. . . အဲ့ဒီလိုလား. . . ဝမ်းသာလိုက်တာ. . . မမှုရယ်. . . So Thanks နော်မမ. . . မမ,က မင်္ဂလာပွဲ တချို့၊ အခမ်းအနားတချို့မှာလဲ. . ရင်းနှီးတဲ့လူတွေအတွက် ဆို. . ပန်းအလှပြင်ပေးလေ့ရှိတယ်ဆိုတာလဲ. . . ကြေငြာ လိုက်ပါတယ်နော်”

စင်ပေါ်က ပြန်ဆင်းလာသော. . . ချစ်သူကို. . . အားပေးလျှက်. . . လက်တွဲခေါ်ပေမဲ့. . . လူတွေအားလုံးရဲ့ အာရုံစေ့တော်တော်များများဟာ. . . ကိုယ့်ဇနီးသည်အပေါ် ကျ ရောက်နေပြီမှန်း သိလိုက်ရချိန်တွင်. . ကိုယ်ပါ. . . အနေခက် သလိုဖြစ်သွားလေသည်။

မွေးနေ့ပွဲမှအပြန်တွင်. . . ကိုယ်က သူမကို တောင်း ပန်သလို. . . ပုခုံးဖက်၍ နှစ်သိမ့်ရင်း. . .

“ကိုယ့်ကြောင့်. . ပန်းလေးအနေခက်ခဲ့ရပြီ. . .”





ဟု ချော့မော့နေမိတော့သည်။

“ပန်းလေးတော့. . . ဒီလို အနုပညာသည် အသိုင်း အဝိုင်းက သိသွားခဲ့တာကို ပိုပြီး စိတ်အညစ်ဆုံးပဲ. . အေး အေးဆေးဆေး ကိုကို့ဇနီးဘဝနဲ့ သာမာန်လူလို နေချင်ပါ တယ်ဆိုမှ. . . ကိုကိုရယ်”

လေဘာတီက. . တစ်ခုခုကို ကြိုသိနေသလို ရေရွတ် ပြီးပြုံးနေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



(၇)

ထိုအဖြစ်အပျက်၏ အကျိုးဆက်မှာ. . . အံ့သြစရာကောင်းလောက်အောင်. . . လေဘာတီကို လူသိများလာစေခဲ့ပါသည်။

မွေးနေ့ရှင်. . အဆိုတော်မလေး၏ မွေးနေ့ပွဲသတင်းက. . ဂျာနယ်တော်တော်များများမှာ. . . နေရာယူခဲ့ရာ. . ပရိတ်သတ်အားလုံးထဲမှာမှ. . . ထင်ထင်ပေါ်ပေါ် မိတ်ဆက်ပေးခြင်းခံရလျှက်. . . လေဘာတီဆိုသော. . ပန်းအလှပြင်ဆင်တဲ့ ပညာရှင်မကလေးအား. . . လူတိုင်း. . . သတိထား





မိသွားခဲ့သည်။

အထူးသဖြင့်. . ကျစ်ဆံမြီးအရှည်ကြီး တစ်ချောင်းတည်း၏ ထူးခြားသော ကျက်သရေရှိမှု၊ တင့်တယ်လှပသော ရုပ်ဆင်းရူပကာ၏ နှစ်လိုဖွယ်ကောင်းမှု. . .၊ ပန်းအလှပြင်ဆင်ခြင်းပညာရပ်ကို. . . နာမည်ကြီးပညာရှင်များနှင့် ယှဉ်နိုင်လောက်အောင် ပိုင်းဝန်းသတ်မှတ်မှုတို့မှာ. . လေဘာတီဟာ တမုချင်းမဟုတ်. . . လူသိများသွားခဲ့သည်ပဲ. . . ဆိုပါစို့ရဲ့။

ဒါကို. . . အကြိမ်ကြိမ်အခါခါ. . စိတ်ပျက်ညီးညူနေသူမှာ. . . လေဘာတီဖြစ်ပြီး. . . တစိမ့်စိမ့်တွေးကာ. . . ကျေနပ်ပီတိတို့ဖြင့် ဂုဏ်ယူနေခဲ့သူမှာ. . . ဘုန်းတေဇောပဲဖြစ်လေသည်။

မကြာခင်. . ရက်ပိုင်းအတွင်းမှာ. . ယောင်းမဖြစ်သူ. . ယွန်းက အိမ်ကိုပေါက်ချလာကာ. . .

"အစ်ကိုကြီးတို့များ. . သူ့မိန်းမကို တခါတည်းနဲ့နာမည်ကြီးသွားအောင် ဖန်တီးပစ်လိုက်တာပဲနော်. . .



www.burmeseclassic.com

www.burmeseclassic.com



ယွန်းတောင် မသိသေးဘူး. . . ကျောင်းက သူငယ်ချင်းတွေရော. . . ယွန်းစာပြပေးရတဲ့ ကျောင်းသူတွေရော. . လာပြောကြလို့ လေဘာတီပုံပါတဲ့ ဂျာနယ်တွေပါ ယူဖတ်ကြည့်ရတော့တယ်. . အဆိုတော်ကောင်မလေးဘေးမှာ. . လေအတီထစ်ယောက်တည်း ရပ်နေတဲ့ပုံဟာလေ. . အရမ်းလှတာပဲ. . . ကိုယ့်ယောင်းမမို့ ပင့်ပြောတာမဟုတ်ဘူး. . အပျိုချောင်တောင် လှနေတာသိလား. . ."

အော်ကျယ်. . အော်ကျယ်ဖြင့် သူမ သိလာသမျှကို လာ၍. . ဖောက်သည်ချတော့သည်။

"ယွန်းကလေ. . . ယောင်းမလေးကလို့. . အစ်ကိုကြီးနဲ့မတွေ့ခင်ကဆို. . . ပန်းအလှပြင်တဲ့အလုပ်ကို. . လုပ်သေးတယ်. . ဒါပေမယ့် စီးပွားဖြစ်လုပ်တာတော့ မဟုတ်ဘူး. . . ရင်းနှီးခင်မင်တဲ့သူတွေမှာပေးမှ လုပ်တာတောင်. . နေ့တိုင်း အလုပ်ရှိတဲ့အထိ. . လက်မလည်ဘူးလို့ ကြားလိုက်တယ်





အဲဒါ. . . သူငယ်ချင်းတွေကပြောတယ်. . အခုတော့ သူဌေးကတော်ဖြစ်သွားပြီဆိုတော့. . . ပန်းအလှပြင်ဖို့ အလုပ်အပ်ရမှာ အားနာပြီး အလုပ်လာမအပ်တော့တာဖြစ်မယ်တဲ့. . ."

လေဘာတီသည်. . . အဲ့ဒီစကားအတွက် စိတ်ထဲတွင် မျက်ကနဲခံစားလိုက်ရလေသည်။ ယွန်းရဲ့မျက်လုံးတွေကိုကြည့်လိုက်တော့လဲ. . . ရိုးရိုးသားသားပြောတဲ့ သဘောပေမဲ့. . . လေဘာတီမှာ. . ဘေးအမြင်တွင်. . ဒီလိုမြင်ကြမလားလို့. . . စိုးရိမ်စိတ်များ. . . . ဝင်လာခဲ့လေသည်။

"အစ်ကိုကြီး. . မိတ်ဆွေက. . အတင်းကူညီဖို့ပြောတာနဲ့ကွာ. . . သူ့ကိုနိုင်းရတာ. . ပန်းတွေတောင် ကိုယ်တိုင် မှာစရာမလိုဘူး. . . ဘာပန်းလိုချင်တယ်လို့ပဲ စာရင်းရေးပေးလိုက်ရတယ်. . . မနက်ပြော. . . ညနေ. . ချက်ချင်းရတာ. . . တော်တော်လဲ. . . နှစ်ပြကြတယ် လက်ခ,တောင် ငါတို့က အားနာပြီး မပေးနဲ့တောင်းပန်လဲ



www.burmeseclassic.com

www.burmeseclassic.com



မရှကြဘူး . . ဈေးမပြောလို့ဆိုပြီး . . သူတို့က . . လေဘာတိုက်ကို ယက်ဆိုင်အိတ်တစ်အိတ် လက်ဆောင်အတင်းလာပေး သွားကြတယ်"

သူတို့မောင်နှမနှစ်ယောက်ဟာ . . . ဒီလိုပဲ နာမည် ကျော်ကြားကာ . . . လူသိများရခြင်းအတွက် တဖွဖွ ကျေနပ် စွာ ပြောဆိုနေကြချိန်တွင် . . . လေဘာတီမှာ . . တိတ်ဆိတ် စွာ . . အတွေးထဲ နစ်နေခဲ့သည်။

ကိုယ်က ဝါသနာပါလို့ . . မရည်ရွယ်ပဲလုပ်ခဲ့တဲ့ အလုပ်တစ်ခုကို . . . အိမ်ထောင်ကျပြီးတော့လဲ အခန့်သင့် ရင်သင့်သလို . . အကူအညီတောင်းတဲ့လူတွေရှိခဲ့ရင် . . လုပ် ပေးဖို့ ဝန်မလေးခဲ့။ အချိန်မရွေး လုပ်ပေးဖို့လဲ စိတ်ကူးထားခဲ့ တာပါ . . . .

ဒါကို . . . ဘေးအမြင်မှာ သူဌေးကတော်ဖြစ်သွားလို့ သွေးနုထင်ရောက်ပြီး ပန်းအလှပြင်ဆင်တဲ့အလုပ်ကို . . ဆက် မလုပ်ချင်တော့လောက်တဲ့အထိ ဖြစ်သွားတယ်လို့ . . . ကြည့်





စမ်း . . ဘယ်သူတွေကများ . . . ပြောဆိုနေကြပြီလဲ။

မေမေ့ငွေကြေး၊ ဘွားအေရဲ့ အမွေအနှစ်တွေနဲ့ အား လုံးနဲ့တန်းတူရည်တူ လူတန်းစေ့နေခဲ့ပါရက် ဝါသနာ အလျောက် မထင်မှတ်ပဲ . . . လုပ်ပေးခဲ့တဲ့မထင်မရှား . . ပန်း အလှပြင်ခြင်းကို . . . ပုံကြီးချဲ့ကား ပြောဆိုကာ . . . အသက် မွေးဝမ်းကြောင်းအနေနဲ့ပဲ လုပ်ခဲ့ရသလိုလို . . အပြောခံရခြင်း အတွက် ရင်ထဲမှာ ဒေါသဖြစ်နေခဲ့သည်။

ကိုကို . . . ဆိုတဲ့ လူတစ်ယောက်ကို လက်ထပ်ဖို့ ဆုံး ဖြတ်ခဲ့တာဟာ . . . သူ ချမ်းသာကြွယ်ဝလို့မဟုတ်ဘူး။ သူ့ မိသားစုဟာ . . စည်းစိမ်တွေကျိကျိတက်နေလို့ မဟုတ်ခဲ့ ဘူး . . . . ဆိုတာ . . . သူမကိုယ်တိုင်ရော၊ မေမေရော၊ ဘွားအေကြီးရော အသိပါ။

"သမီးကို အင်မတန်မှ ချစ်မြတ်နိုးတာ . . . သူ့စိတ် ထားနူးညံ့တာလေးလေးတစ်ခုနဲ့တင် မေမေ . . . သဘောကျ ခဲ့တယ်၊ ငွေကြေးချမ်းသာတယ်ဆိုတာဟာ . . အမိဘ မကျပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

လို့ . . မေမေနှာ့ချခဲ့တုန်းက ပြောခဲ့တဲ့ စကားတွေကို ပြန်သတိရကာ . . သူမတို့ကို မနာလိုစကားပြောသောလူတွေရဲ့စကားတွေကို . . . မုန်းတီးမိလေသည်။ ထိုအသံတွေ ပိတ်သွားအောင် . . လုပ်ပစ်ချင်သည်။

"ကျောင်းက . . ယွန်းလိုပဲ M.Sc ဆက်တက်တဲ့ သူငယ်ချင်းတွေထဲက အပျိုတွေဟာလေ အစ်ကိုကြီးကို ချိန်နေကြတာ မဟုတ်လား အခုတော့ . . သူတို့လို ဒေါက်တာဘွဲ့ အပြင် ပါရဂူဘွဲ့ပါ ထပ်ယူဖို့ ကြိုးစားနေတဲ့ သူတွေကို . . တစ်ယောက်မှမရွေးပဲ . . ညီမလေးကို ရွေးသွားတာ . . အံ့ဩနေကြတယ် . ."

ဟဲ့ . . သူတို့ဘယ်လိုတွေ့ကြတာလဲ . . ဘယ်လိုကြိုက်သွားကြတာလဲ . .

တွေ့ပြီးတာမှ မကြာဘူးနော် . . လ ဘာ မြန်လိုက်တာ . . ဘာ . . ညာနဲ့ . .





မိန်းမငယ်ငယ်လေးယူတော့ . . နင့်အစ်ကိုကြီးလဲ သူ့မိန်းမကိုသွားလေရာမခွဲပဲ တတွဲတွဲလျှောက်ခေါ်ပြီး ပွဲထုတ်ချင်မှာပဲလို့လဲ . . ခနဲ့သေးတယ် . .

ယွန်းနဲ့ မကြိုက်တာကလေ . . လေဘာတီက ဝါသနာအလျှောက်အရင်က အပျော်တမ်းပန်းအလှပြင်တာလေး . . လုပ်ပေးခဲ့ဖူးတာကို . . ပုံကြီးချဲ့ပြောချင်နေကြတာပဲသိလား . . အခု . . ဘာလို့ ဆက်မလုပ်တာလဲ . . သူရဲ့ပန်းပြင်တဲ့ ပညာလေးတွေ နှမြောစရာတဲ့၊ တစ်ယောက်ကဆို ရှာရှာဖွေဖွေ ဘယ်က စုံစမ်းသိလာသလဲမသိဘူး . . ပြည်သူ့ဥယျာဉ်နဲ့မြေပဒေသာကျွန်းပန်း အလှပြင်ပြိုင်ပွဲတွေ ဘာအထိမ်းအမှတ်နေ့ဆိုလား အဲဒီနေ့တွေမှာတဲ့ ပန်းအလှပြင်ပြိုင်ပွဲတွေ ဝင်ဖူးတယ်ဆိုတဲ့ . .

ဆုတွေလဲ ချိပ်ခဲ့သတဲ့ . . ဟုတ်လား . . ယွန်းတို့အမျိုးစာရင်းကြီးတောင်မသိကြဘူး . ."

ကိုကိုက . . သူလဲတစ်ခါမှမကြားဖူးသေး အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းအရာမှ လေဘာတီ့ကို မေးဆတ်၍ မေးလိုက်လေသည်။

"ပန်းလေး. . ကိုကို့ကို မပြောပြပါလား. .

ဘယ်တုန်းက ပြိုင်ပွဲဝင်ဖူးတာလဲ. ."

လေဘာတီက ဒါဟာ ဂုဏ်ယူစရာမှမဟုတ်တာ ကြွားစရာမှမဟုတ်တာလို့ စိတ်ထဲမှာပြောနေရင်း သိပ်မထူးဆန်းသလိုအသံဖြင့်. . " ကိုကိုနဲ့ မတွေ့ခင်ကပါ . . . မနှစ်က တစ်နှစ်လုံးပဲ ပြိုင်ပွဲဝင်ဖို့ခေါ်ရင် ပန်းလေးပဲ. . ကိုယ်ကျွမ်းကျင်နေတဲ့ ပညာဆိုတော့ အထူးတလည် မပြင်ဆင်ပဲ ပန်းတွေထိုးပြီး ပြိုင်ပွဲထဲသွားထားလိုက်တာပါ. . ပြိုင်ပွဲငါးခါ ဝင်ခဲ့တယ်. . ငါးခါမှာ သုံးခါက "ပထမ" ရတယ်. . နှစ်ခါက "ဒုတိယ" ရတယ်. . နောက်ပြီး ပရိတ်သတ်အနှစ်သက်ဆုံးဆု ဆိုတာလဲ ရသေးတယ်. .

သိပ်မှမထူးဆန်းတာ. . သူများတွေက သင်တန်းတက်ပြီးခါစမှ လေ့ကျင့်တဲ့ အနေနဲ့ဝင်ပြိုင်တာ ကိုယ်က ကျွမ်း





ကျင်ပြီးသားလူက အပျော်ဝင်ပြိုင်တော့ ဆုတွေချိတ်တာပေါ့"

"ကြည့်စမ်း. . ဒါလား မထူးဆန်းတာကွာ. ."

ဆုချိပ်တာတောင် အကောင်းဆုံးဆုတွေ ချိပ်တာကွာ. . ကိုကို့မိန်းမက ဒီပညာမှာတော့ ပါရမီကိုပါပါတယ်. . ကိုကို့ကို ဘာလို့ မကြွားရတာလဲ. ."

"အခုကိုကို သိပြီပဲဟာ. . ပန်းလေးက ကြွားတာဝါသနာမှမပါတာ. ."

ယွန်းက. . သူမ၏ယောင်းမလေးရဲ့ ရိုးသားတာကလေးဆန်မှုကို. . သဘောကျနေခဲ့ပါသည်။

ဒါလား. . အစ်ကိုကြီးချမ်းသာလို့ လက်ခံမဲ့ရုပ်. . လေဘာတီက ဘယ်လောက်နူးညံ့အေးဆေးသလဲဆိုတာ တခြားလူတွေမသိကြ။ ဒီမိသားစုကသာ . . . အစ်ကိုကြီး မိန်း မရက်ကောင်းတယ်လို့ တဖွဖွပြောယူရတဲ့အထိ လေဘာတီ ကို သဘောကျနေခဲ့ကြတာ. .

"နောက်ဆိုရင်တော့. . မမတို့မိတ်ဆွေတွေရော



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မိတ်ဆွေတွေရော. . မှာထားလိုက်ပါ. . တီ. ပန်းအလှ ပြင်တဲ့ အလုပ်ကို ပြန်လက်ခံပါပြီလို့. . ”

“ဟယ်. . ညီမရယ် ဘာဖြစ်လို့လဲ. . အိမ်မှာ နားနားနေနေ နေပါဟယ်. . ဒီလိုပဲ တခါတရံမှာပဲ လုပ်ချင် လုပ်ပါ. . မမ.က သူများတွေပြောတာမခံချင်လို့ လာပြောပြ တာပါ. . ဘာမှစိတ်ထဲထည့်မထားနဲ့. . ”

“ဟုတ်သားပဲ. . ပန်းလေးရယ်. . အရင်က အပျော် လုပ်တာပေမဲ့. . အခုတော့ မလုပ်ပါနဲ့ပန်းလေးရဲ့ မေမေနဲ့ အဘွားသိရင် ကိုကိုက မိန်းမကို ခိုင်းတယ်ထင်နေပါ့မယ်. . ပြီးတော့. . ကိုကိုလဲ ပန်းလေးပင်ပန်းမှာ . . မမြင်ချင်ဘူး” သို့ပေမယ့်. . လေဘာတီကတော့. . သူမ၏ ဆုံးဖြတ်ချက်နဲ့ သူမ. မို့. . အသံတိတ်ကာ ကြံစည်နေခဲ့တာကို ဘယ်သူမှ မသိနိုင်ကြချေ. .

* * *





ရက်များစွာ. . သိပ်မကြာခင်မှာပင် လေဘာတီ၏ အခင်ဆုံး သူငယ်ချင်းတစ်ယောက်သူမထံရောက်လာခဲ့လေ သည်. . ။

“ကြည့်စမ်း. . ခုထိလှတုန်းပဲ. . မိန်းမငါပြန်ရောက် ရောက်ချင်း. . နင့်ကို အရင်ဆုံးသတိရတာသိလား. . နင့် မင်္ဂလာဆောင်တုန်းကဆို ပြန်လာချင်လွန်းလို့ တပိုင်းကို သေ ရော. . Holiday မရတာနဲ့ ကျောင်းပျက်မခံချင်လို့ မလာ ရတာ. . ”

သူငယ်ချင်းက နိုင်ငံခြားမှာ အလုပ်လုပ်ရင်း ကျောင်း ပါ တက်နေသူဖြစ်သည်။ ဘွဲ့ရတဲ့အထိ အတူတူလက်တွဲ

www.burmeseclassic.com



မဖြုတ်ခဲ့ကြ..။

သူ..နိုင်ငံခြားထွက်သွားမှ ကွဲသွားကြတာဖြစ်ပေမဲ့.. စာအဆက်အသွယ်ဖုန်းအဆက်အသွယ်က တော့ မပြတ်ခဲ့ပါ..။

"နှင့်ပုံတွေပါတဲ့ ဂျာနယ်တွေလေ... ငါတို့ဆီအထိ ရောက်တယ်သိလား.. ငါတွေ့တယ်..ဖတ်လဲဖတ်ရတယ်. နှင့်ပန်းအလှူဖြင့်တဲ့ လုပ်ငန်းကို အရမ်းအောင်မြင်နေပြီဆိုပြီး ဝမ်းသာနေတယ်သိလား..

နင်သာ ငါတို့ဆီမှာ အဲဒီပညာနဲ့ ပတ်သက်တဲ့ သင်တန်း တစ်ခုခုလာတက်နိုင်ရင် အရမ်းကောင်းမှာပဲလို့ တောင် စဉ်းစားမိတယ်..

ဒီမှာ ပြန်လာပြီးကျောင်းတွေဘာတွေ ပြန်ထောင် သူများကို ပြန်ဆရာလုပ်နိုင်တဲ့အထိ.. ပညာတိုးတာပေါ့..

အိမ်ထောင်ကျပြီးတော့.. အိမ်ထဲမှာပဲ အေးအေး ဆေးဆေးအရိုးထုတ်မယ်ဆိုတဲ့ စိတ်ဓါတ်ကို မကြိုက်ဘူးဟယ်



ယောက်ျားက ငွေရှာနိုင်တာ၊.. မရှာနိုင်တာတွေ ထားလိုက်..ထည့်တွက်မနေနဲ့ ကိုယ့်အရည်အချင်းကိုယ် မြှင့်တင်ထားသင့်တယ်သိလား.."

သူငယ်ချင်းက လေဘာတို့အေးစက်စက်အမူအရာ ခပ်ငြိမ်ငြိမ်အနေအထားတွေကို ကြည့်မရဟန်ဖြင့် ဝေဖန်သေး သည်..။

"နင်ပြောတာနောက်တောင်ကျသွားပြီ ခင်မရေ..။ ကျုပ်က အစကတော့ အိမ်ထောင်ကျသွားပြီပဲဆိုပြီး အိမ်မှာ အေးအေးဆေးဆေး အိမ်ရှင်မဘဝနဲ့ပဲ နေတော့မယ်ဆိုပြီး.. စိတ်ကူးခဲ့မိတော့ရှိခဲ့ဖူးပါရဲ့.. ဒါပေမဲ့..အဲဒီစိတ်ကူးတ ကြာကြာမယဉ်လိုက်ရပါဘူး.."

လေဘာတီက. အဖြစ်အပျက်တချို့ကို အချစ်ဆုံး သူငယ်ချင်းထံရင်ဖွင့်လိုက်သည်..

"ကျုပ်က မရှိဆင်းရဲလို့ လုပ်ကိုင်နေခဲ့တာလည်း မဟုတ်ပါဘူး.. မေမေတို့က ပင်ပန်းတယ်ဆိုပြီးတားတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က အလုပ်တစ်ခုမှ မယ်မယ်ရရလဲ မလုပ်ချင်တာမို့ ပန်းအလှပြင်တဲ့ အလုပ်ကို. . လုပ်ခဲ့မိတာ ရင်းနှီးတဲ့ မိတ်ဆွေတွေထဲမှာတော့ လူသိများခဲ့တာပေါ့. .

ဒါပေမဲ့ မင်္ဂလာဆောင်သတင်းတွေထဲမှာ ထည့်ဖော်ပြခံရတဲ့အထိ ခဏခဏပန်းအလှပြင်ဘယ်သူဘယ်ဝါဆိုပြီး ကျေးဇူးတင်ခံရတဲ့အထိတော့ မများခဲ့ပါဘူးဟယ်. . အခုတော့. . အဲဒီဘာမဟုတ်တဲ့ ကိစ္စလေးကို ပုံကြီးချဲ့ပြီး ကျွန်ုပ်က မရှိဆင်းရဲလို့ လုပ်စားရတဲ့အလုပ်ကို. . သူဌေးကတော်လဲဖြစ်ရော လုံးလုံး မလုပ်တော့သလို. . အပြောခံရတယ်. .

အဲဒါကို လုံးဝမခံချင်ဘူး. . မကျေနပ်နေတာ. . ကျွန်ုပ်ကို ပြောကြတဲ့ အဲဒီမိန်းမတွေ ချမ်းသာသလား. . မချမ်းသာသလားတော့ မသိဘူး. . ဒါပေမဲ့ ကျွန်ုပ်ပြောချင်တာကတော့. . မေမေနဲ့အဘွားထားခဲ့တဲ့ အမွေတွေဟာ ကျွန်ုပ်တသက်ဘာအလုပ်မှမလုပ်ပဲ ဘဏ်တိုးနဲ့တင်ထိုင်စားနိုင်တယ်ဆိုတာ. . သူတို့ရှေ့မှာ ခါးထောက်ရန်တွေ့ပြီး ပြောလိုက်ချင်





တယ်. . တကယ်. ."

သူငယ်ချင်းက. . အင်မတန်မှ ထူးခြားနေသော လေဘာတို့ထံမှာ မြင်ရခဲ့သည့်အတော့်ကို ရှားပါးဆင်းရဲသော မာနတရား. . အတ္တကြီးမားမှုစသည်များအတွက် မျက်တောင်မခတ်မိတဲ့အထိ ဧေးကာအံ့ဩလို့တည်း. . ။

ခင့်မရေ. . လေဘာတိပြောင်းလဲသွားတာမဟုတ်ပါဘူး. . အပြောင်းလဲခံလိုက်ရတာပါ။

"အခုတော့. . သူတို့ သိပ်မြင်ချင်တဲ့ လေဘာတို့ပန်းအလှပြင်ပညာကို မြင်စေရမယ်. . မင်္ဂလာပွဲတိုင်း အခမ်းအနားတိုင်းဟာ. . လေဘာတိမှ ပန်းအလှမပြင်ရင်. . ခေတ်မမီတော့ဘူး၊ လူရာမဝင်တော့ဘူး၊ မင်္ဂလာမရှိတော့ဘူး၊ မခမ်းနားတော့ဘူးလို့ ပြောစမှတ်ပြုခံရတဲ့အထိ ဖြစ်အောင်လုပ်ပြဖို့ စိတ်ကူးပြီးနေပြီ. ."

"နင့်အမျိုးသားက. . သဘောတူရဲ့လား. ."

"ကိုကိုကလား. . သူက ငါဘာလုပ်လုပ်ကျေနပ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်. . သူကလဲတစ်မျိုးပေါ့. . ကျုပ်. . ပန်းအလှပြင်တာ သိပ်လှတယ်. . သိပ်တော်တယ်ဆိုတာကို အမြဲကြွားနေချင်တယ်. . သူ့မိတ်ဆွေအသိုင်းအဝိုင်းအလယ်မှာ ဂုဏ်ယူချင်နေတဲ့ စိတ်ဓါတ်မျိုးရှိမှန်း ကျုပ်ရိပ်မိတာကြာပြီ. . ကျုပ်ကို ချစ်လွန်းလို့သာ. . မခိုင်းရင်မခိုင်းပဲနေတာပါ. . တကယ့်တကယ်တော့ သူကလဲ နာမည်ကြီးထင်ပေါ်တဲ့ ပန်းအလှပြင်ပညာရှင်ဆိုတဲ့ ဂုဏ်ကိုအင်မတန် မက်မောနေတာဟဲ့. ."

"ဟုတ်ရဲ့လားဟယ်. ."

"ဟုတ်တယ်. . ကျုပ်ပိုသိတာပေါ့. .

ပြီးတော့. . ကိုကိုတင်မကပါဘူး. .

ယောင်းမ, ကလဲ . . ကြွားချင်ချင်ပါ. .

သူတို့က ဒါကို အမြဲထုတ်ဖေါ်ပြောဆိုနေလို့ တခြားမသိတဲ့လူတွေတောင် သိကုန်တာသာကြည့်ပေါ့. .

ဒီတော့. . ကျုပ်ကလဲ သူတို့ သိပ်ဖြစ်စေချင်တာကို လုပ်ပြရသေးတာပေါ့. . လေဘာတီကြောင့် ဂုဏ်ယူချင်တဲ့





လူတွေအတွက် လေဘာတီရဲ့ အစွမ်းအစတွေပြကို ပြရမယ်. ဟင်း. ."

"ပြေပြေလည်လည်စဉ်းစားပြီးမှလုပ်ပါ. . လေဘာတီရယ်. . ငါကနင့်ကို မြှောက်ပေးပေမဲ့. . နင့်အမျိုးသားက သဘောမတူတာမျိုး ပြောခဲ့ရင်လဲ. . အကျိုးသင့်အကြောင်းသင့်တယ်ဆိုရင် လက်ခံလိုက်ပါနော်. ."

"ကိုကိုကလက်ခံမှာပါဟယ်. . ပြီးတော့ ခင်မရေ. . ခုနပြောတဲ့အကြံကို ကျုပ်သဘောကျတယ်သိလား. ."

"ဟဲ့. . ဘာအကြံလဲ"

သူငယ်ချင်းမ, က သူမဘာသာပြောပြီး ပြုံးမဲ့နေသဖြင့် လေဘာတီကပင် အစဖေါ်ကာ. .

"နင်ပြောတာလေ. . နင့်ဆီလာပြီး. .

အခန်းတွေ တိုက်တွေ ခြံတွေ လှပအောင် ပြင်ဆင်မွမ်းမံမှုပညာနဲ့ပတ်သက်တဲ့ သင်တန်းလာတက်ဆိုတာ. . အဲဒါ ကျုပ်စိတ်ဝင်စားတယ်. . ဘယ်လောက် ကြွားအောင်

www.burmeseclassic.com

www.burmeseclassic.com



တက်ရလဲ. . "

"အချိန်ပေးရင်ပေးနိုင်သလောက်ပေါ့. .

ခြောက်လပဲတက်တက်. . တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ် ထိပဲတက်တက်. . ရပါတယ်. . အများဆုံး သုံးနှစ်လောက် တော့ တက်ရတယ်. . အဲဒီ့ထိတက်ရင်း နိုင်ငံခြားမှာတောင် လုပ်စားလို့ရတဲ့အရည်အချင်းထိ တက်သွားမှာပဲ"

"အေး. . ကျုပ်က တစ်နှစ်လောက်တော့ လာတက် မယ်. . ပြီးရင် ဒီပြန်လာမယ်. . ကိုကို့ဆီမှာ ခွင့်တောင်းပြီး. .

ဒီပညာနဲ့ပတ်သက်တဲ့ သင်တန်းတစ်ခု ဖွင့်မယ်. . ဝါသနာရှင်တွေကို ဆရာပြန်လုပ်မယ်. . ပန်း အလှပြင် ပညာတင်မကဘူး. . အိမ်၊ ခြံအလှပြင်တာက အစ သင်ရမယ်. . လေဘာတီဟာ ဘယ်မိန်းမမှ ပထမဦးဆုံး စမလုပ်တဲ့ လုပ်ငန်းမျိုးကို စလုပ်ပြမယ်. . "

လေဘာတီ့အသံမှာ ခိုင်မာနေလေသည်။

ခင်မ. . က မြှောက်ပေးတုန်းက မြှောက်ခဲ့ပြီး အခုကျ





တော့ စိတ်ပူသလိုမျက်လုံးတွေနဲ့ ကြည့်နေခဲ့ပြန်သည်။

"ဦးဘုန်းတေဇောခွင့်ပြုမှ. . လာတက်ပါဟယ်. . သူက ဇနီးငယ်ငယ်ချောချောလေးကို. . နိုင်ငံခြားထိ လွှတ်ပြီး ပညာသွားသင်စေချင်ပါ့မလဲ. . "

"အခု. . မဟုတ်သေးပါဘူး. . ဒီမှာ အရမ်းအမည် ရ အောင်မြင်. . လူသိများသွားမှ ဂျာနယ်တိုင်းမဂ္ဂဇင်း စာမျက် နှာတိုင်း သတင်းစာထဲက မင်္ဂလာဆောင်တွေတိုင်းမှာ ပန်း အလှပြင်ဘယ်သူဘယ်ဝါအဖြစ် အမြဲနေရာပေးခံရပြီး. . အား လုံးကိုယ့်ကိုသိနေတဲ့ အချိန်ကျမှပါ. . အဲဒီ့လို အအောင်မြင် ဆုံး အချိန်ကျရင် ကိုယ်က နိုင်ငံခြားအထိတောင်သွားပြီး ဒီပညာကို သွားသင်တယ်ဆိုပြီး ကြေညာပြီးမှ သွားရင် သူများတွေထက်ပိုမထူးသွားဘူးလား. . ဟဲ။ သိပ် တော့ အချိန်မယူရပါဘူး. . တစ်နှစ်အတွင်းပေါ့. . ကျုပ်က အစထဲက အဆက်အသွယ်တွေရှိပြီးသားပဲ. . ဒီလောက်ထိ ပြန်ဝင်ရမှာမခက်ပါဘူး. . "



www.burmeseclassic.com

www.burmeseclassic.com



ထို့နေ့က တစ်နေ့လုံး.. သူငယ်ချင်းနှစ်ယောက်စလုံး နောက်တစ်နှစ်အကြာမှာ လုပ်ကိုင်ရမဲ့ အစီအစဉ်တွေကို တိုင်ပင်ဆွေးနွေးခဲ့ကြလေသည်။

"ငါက နောက်သုံးရက်ကြာရင် ပြန်မယ်.. နင်နဲ့က အမြဲအဆက်အသွယ်ရှိတာပဲ.. နင်လာချင်တဲ့ အချိန်ကြို အကြောင်းကြားထား ငါက တာဝန်ခံလုပ်ရမဲ့သူဆိုတော့ ငါ့ဘက်က လုပ်သင့်တာတွေလဲ ကြိုလုပ်ထားရမှာမို့ လာချင်တဲ့ အချိန်ထက်ခြောက်လလောက် ကြိုအကြောင်းကြားထားနိုင်ရင်ကောင်းမယ်.."

အချစ်ဆုံး တစ်ဦးတည်းသော သူငယ်ချင်းနဲ့ ကြံစည်တိုင်ပင်ခဲ့သမျှကို လေဘာတီတစ်ယောက်ကျေနပ်ပီတိဖြစ်နေတော့သည်။

"အကြံအစည်တွေမအောင်မြင်သေးခင်.. နင်ဘယ်သူ့ကိုမှ မပြောနဲ့ဦးနော်.. မေမေတို့ဖေဖေတို့ကိုတောင် သွားမပြောမိစေနဲ့.. သူတို့က ကျုပ်ကိုခုထိ စိတ်နာ





သေးတာမဟုတ်ဘူး.."

"အေးလေ.. ငါရှိတာတောင်.. ငါ့အမျိုးတွေလဲရှိတာတောင်.. နင့်ငါ့နောက်လိုက်လာပြီး ကျောင်းတက်ချင်တာကို ခွင့်မပြုခဲ့လို့.. နင်နဲ့ငါလဲ ခွဲနေရတာ.. ပြီးတော့ နင်လဲ စောစောစီးစီးဟိုလူကြီးနဲ့ ယူလိုက်ရတာ နောက်မို့ ခုထိ ငါနဲ့အတူတူ ပျော်လို့ကောင်းတုန်းဖြစ်မှာနော်.."

"ဟိုလူကြီးလို့ မပြောပါနဲ့ဟယ်.. အဲဒီနင်ပြောတဲ့ ဟိုလူကြီးကို ကျုပ်ကိုယ်တိုင်ကလဲ ချစ်လို့ ယူခဲ့တာပေါ့ဟဲ့... နင်နဲ့အတူတူ အပျိုဘဝနဲ့ ကျောင်းဆက်တက်ရင်လဲ ပျော်မှာပဲ.. အခုလဲ ဟိုလူကြီးရဲ့ မိန်းမဘဝနဲ့လဲ ပျော်တာပဲ.."

"အံမယ်လေးလေ.. သိပါတယ်သိပါတယ်. နင်မပျော်ဘူးလို့ ငါမဆိုလိုပါဘူး နော်.. သရဲမ..ရှုပ်ကိုကဟမ်း... ဒါနဲ့များ. မာနတွေကြီးပြီး လုပ်ချင်တာတွေလုပ်ဦးမတဲ့"

"ဒါတော့ မရဘူးလေ.. ကိုကို့ကို ချစ်တာက ချစ်



www.burmeseclassic.com

www.burmeseclassic.com



တာ တစ်ပိုင်းပဲ. . မာနကြီးတာက တစ်ပိုင်းပဲ အခုကိစ္စမှာ ကိုကိုနဲ့ မဆိုင်ပါဘူး. . ကျုပ်ကို အထင်သေးချင်နေတဲ့ လူတွေ. . ဒီအသိုင်းအဝိုင်းက လူတွေကို သူတို့ဖျားသွားအောင် ကျုပ်ရဲ့ အစွမ်းအစတွေနဲ့ ဖိသတ်ချင်တာ. . ”

“အေးပါ. . ကြည့်သေးတာပေါ့. . တော်ကြာ ကိုကိုက မခွဲနိုင်လို့မလာစေချင်လို့နဲ့ ငါ့ဆီရောက်မလာပဲ ဒီမှာပဲ နေနေမလား ကိုကိုက ဖျောင်းဖျတာနဲ့. . ဒီအလုပ်ကို ဆက်မလုပ်ဖြစ်တော့ဘူးဆိုတဲ့ သတင်းပဲကြားရမလား. . ကဲ အခုတော့ အချိန်ရှိပါသေးတယ်နော်. . နောက်တော့ ဘာတွေကြားရမလဲ. . ငါစောင့်နေပါ့မယ်. . ဟုတ်ပြီလား. . လေဘာတီမမြရင်ရေ. . ”

အမျိုးသမီးလေးနှစ်ဦးတို့ဟာ. . သူမတို့၏ အကြံအစည်၊ စိတ်ကူးများစွာတို့အတွက် ရယ်မောလိုက်ကြပါသည်။

သူငယ်ချင်းပြန်သွားသောအခါ. . လေဘာတီက သူမ၏ ခြေလှမ်းများအတွက် အားတက်နေခဲ့လေသည်။





## (၈)

အခုတလော. . ဇနီးသည်ကို ကြည့်ရတာ တစ်ခုခုအတွက် အလုပ်ရှုပ်နေပုံမြင်တွေ့နေရသည်။ သူပြန်လာတိုင်းလည်း . . . ဖုန်းတစ်လုံးနဲ့ ခလုတ်နှိပ်လိုက်. . ဟိုမှာ ဒီမှာ လုပ်လိုက်ဖြင့် ဟိုစာအုပ်ရှာ. . ဒီစာအုပ်ရှာ. . ဘာတွေရှုပ်နေမှန်း မသိ ရှုပ်ကိုရှုပ်နေတာမြင်လျှင်. . ကိုယ်က စပ်စုချင်လာသည်။

ကိုယ့်ကို အလိုက်တသိပြောလေမလားလို့ တစ်ရက်၊ နှစ်ရက်၊ သုံးရက်အထိ စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်ခဲ့သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့သော်. . သူမ. က မေ့နေတာပဲလားမသိ ဘာလုပ်နေတယ်ဆိုတာ. . ကိုယ့်ကို ပြောမည့်ပုံမရတော့သောအခါ ကိုယ်ကပဲ လေးရက်မြောက်နေ့မှာ စတင်မေးဖို့ ဆုံးဖြတ်လိုက်တော့သည်။

ဒီနေ့လဲ အိမ်ရှေ့မှာ ကားရပ်သံကြားတာတောင် ခါတိုင်းလိုချက်ချင်း ထွက်မလာပဲ အိမ်ထဲမှာ အသံတိတ်နေသဖြင့် . . အဲလ်ကို မတီးချင်ပဲနှင့် တီးလိုက်ရသည်။

ခပ်သွက်သွက်ခြေလှမ်းတွေဖြင့် အပြေးထွက်လာသော ချစ်သူ့ မျက်လုံးလေးတွေကို ကိုယ်. . ခုထိ မရိုးနိုင်စွာ စွဲလမ်းနေဆဲတည်း. . ။

"ဘီးကြော့ပတ်ကြိုးနဲ့ပါလား. . "

"ဆောရီး. . ဆောရီး. . ကိုကို . . ပန်းလေး အလုပ်ရှုပ်နေလို့ ဆံပင်ကို ပတ်ထားတာ ကိုကိုက. . ဆံပင်ကို ဒီအတိုင်းချထားမှ သဘောကျမှန်းသိပါတယ်. . ဒီနေ့ အလုပ်များ





နေလို့ ကိုကိုရဲ့. . "

"ဘာတွေပါလိမ့်. . ကိုကိုပြန်လာတဲ့ကားသံ တောင် မကြားဘူးနော်. . ကောင်မလေးဘယ်ရည်းစားဟောင်းရဲ့ ရည်းစားစာတွေကို ပြန်ဖတ်နေသလဲ. . မှန်မှန်ပြော. . "

နဖူးပြင်ကို တစ်ချက်ငုံ့နမ်းလျှက် နောက်ပြောင်လိုက်လျှင်. .

"ရည်းစားဟောင်းနဲ့ ပြန်တွေ့နေတာ ကိုကိုရေ. . "

ဟု အထူးအဆန်းပြန်ဖြေတော့. . ကိုယ်က အံ့ဩစွာ ငေးသွားမိသည်။

"ပန်းအလှပြင်တာဟာ ပန်းလေးရဲ့ရည်းစားဟောင်းပဲ ဆိုရမယ်သိလား. . ပန်းအလှပြင်ဖို့ အလုပ်တစ်ခုလာအပ်ထားလို့. . ပန်းလေး အလုပ်ရှုပ်နေတယ်. . ဒီနေ့ ပန်းထိုးတဲ့ ဖလားတွေလာပို့ထားပြီးပြီ. . .

မနက်ဖြန် ခြောက်နာရီလောက်မှာ. . ပန်းတွေမှာထားတာလာပို့တာနဲ့. . စပြီး ပန်းထိုးရတော့မယ် ကိုကိုရဲ့. . "



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး..ဟိုးနေ့တွေက ပန်းလေး ဖုန်းတစ်လုံးနဲ့ မအားမလပ်ဖြစ်..ဟိုစာအုပ်ရှာ..ဒီစာအုပ်ရှာလုပ်နေတာ ဟာ.. အဲဒီပန်းအိုးထိုးပေးဖို့ ကိစ္စအတွက်လား..ကိုကို့ကို ဘာလို့ အသိမပေးတာလဲ.. ပန်းလေးများ ပြောမလားလို့ ကိုကို စောင့်နေသေးတယ်.. မပြောတာဘာဖြစ်လို့လဲ"

လေဘာတီက..အပြစ်ရှိသူတစ်ယောက်ကဲ့သို့ ရုတ်ချည်းခံစားလိုက်ရလျှက်..ခေါင်းငုံ့ချကာနေလေသည်။

"ကိုကိုဆူတာမဟုတ်ဘူးနော်..

ပန်းလေး ကိုကို့ကို အသိမပေးတာ အံ့ဩလို့ မေးတာနော်.. အချစ်လေး..။ ဝမ်းနည်းမနေနဲ့.. ခေါင်းမော့ကြည့်စမ်း ကိုကို့ကို..။

ပန်းလေး စိတ်တိုင်းကျစိတ်ချမ်းသာသမျှ ဘာဘဲလုပ်လုပ်ကိုကိုမဆူပါဘူးကွာ စိုးရိမ်စရာလား.."

ကိုယ်က..ဇနီးသည်လေးကို ချော့မော့ရင်း လေသံပျော့ပျော့ကိုတောင်.. ထပ်ပြီးပျော့နိုင်သမျှ အထိလျှော့ချ





ထားမိပါသည်။

" ကိုကို မဆူမှန်းသိပါတယ်.. ပန်းလေး အမှုမဲ့ အမှတ်မဲ့ ဖြစ်ပြီး..ကိုကို့ကို အသိမပေးလိုက်မိလို့ စိတ်မကောင်းဖြစ်နေတာပါ..ပန်းလေးသူငယ်ချင်းရဲ့ညီမ မင်္ဂလာပွဲအတွက် ပန်းအိုးထိုးပေးဖို့..ဘိုကေးလုပ်ပေးဖို့ အကူအညီတောင်းတာနဲ့ ပန်းလေးလဲ ဒီအလုပ်ကို လက်ခံလိုက်တာပါ။

ကိုကိုလဲသိသားပဲ..ပန်းလေးက အရင်ထဲက ဒီအလုပ်ကို အသံကြားရင် မလုပ်ပဲမှ မနေနိုင်တာ..အဲဒါနဲ့"

"အင်းပါ... ရပါပြီ..ကိုကိုသိပါပြီကွာ.. ပန်းလေးသဘောပဲ..လုပ်ပေါ့..

ဒါပေမဲ့ အများကြီးလိုက်လက်ခံမနေနဲ့ဦးနော်.. ပန်းလေးပင်ပန်းနေမယ်၊ နောက်ပြီး...ပန်းလေး မေမေနဲ့အဘွားသိရင် ကိုကိုက ခိုင်းတယ် ထင်နေဦးမယ်.."

"ကိုကို..ပန်းအိုးထိုးဖို့.. ဖလားတွေကို..ဟိုနေရာမှာ ထားမယ်နော်.. ဖြစ်လား.."



www.burmeseclassic.com

www.burmeseclassic.com



"ထား. . ထား ကြိုက်တဲ့နေရာထား. .

ကိုကို့ကို ဘာလို့ မေးရတာလဲကွာ. .

ဒီအိမ်က . . . ကိုကိုနဲ့ပန်းလေး နှစ်ယောက်လုံး ပိုင်တဲ့ အိမ်ပါ. . အဲဒီလို ခွင့်တောင်းသလို မမေးပါနဲ့. . ကိုကို စိတ်မကောင်းဘူး. ."

လေဘာတီသည် ကိုကိုက သူမအပေါ် ဒီလောက် ကောင်းနေပါရက် သူမ. . က ကိုကို့တောင် ကြိုတင်စိတ်ကူး ထားမည်မဟုတ်သော ခြေလှမ်းတွေကို လျှို့ဝှက်စွာ ပြင်ဆင် နေမိသည်မှာ လိပ်ပြာမလုံလှပါ။

"ဆံပင်ကြီးကို ပြန်ပတ်ထားရင်ထားပါ. . အလုပ် များ နေတယ်ဆို. ."

"ပြီးပြီ. . ဖလားတွေနေရာချနေလို့ အလုပ်ရှုပ်တာ ပါ. . အလုပ်ကပြီးသွားပြီ ဒီနေ့ ခေါင်းလဲလျှော်ထားတော့. . ဖြန့်ထားတာ ကောင်းပါတယ်. ."

"ခေါင်းကလဲလျှော်လှချည့်လားကွာ. .





ခဏခဏပဲ. ."

"တစ်ပတ်မှ နှစ်ခါပါ ကိုကိုရဲ့. ."

"ပင်ပန်းလို့ပြောတာပါ. . ကိုကိုလျှော်ပေးပါ့မယ် ဆို တော့လဲမရဘူး. . အခုလဲကိုယ့်ဘာသာလျှော်ထားနှင့်ပြန်ပြီ တယ်. . အပြောရကြပ်တာပဲ. . ဒီလောက်ခေါင်းမာမှန်း မသိ ပါဘူးကွာ"

"ကိုကို. . အားတဲ့နေ့နဲ့ကြုံရင်တော့. . လျှော်ပေး နေကျပဲဟာ. ."

"ဆံပင်ရှည်တဲ့ မိန်းမတွေက တစ်ပတ်မှတစ်ခါပဲ လျှော်တာကြားဖူးပါတယ်. . ပန်းလေးကျမှ တစ်ပတ် နှစ်ခါ တောင် လျှော်ရလား. ."

"ပန်းလေးမှ မနေတတ်တာ. . ကိုကိုရယ် တဲပါ. . ကိုကို အမောပြေရင် ရေချိုးတော့. . ထမင်းစားဖို့ ပန်းလေး ပြင်ဆင်ထားမယ်ပန်းလေးဗိုက်ဆာလှပြီ"

"ဟင်း. . နေ့လည်က ကော်ဖီနဲ့ မုန့်မစားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပန်း. . ကိစ္စလုံးပမ်းနေရတာနဲ့ မေ့သွားလို့ပါ. ."

"အဲဒီ့လို ပေါ့ပေါ့ဆဆ မနေနဲ့ကွာ. .

ပန်းလေး. . မေမေက ကိုကိုနဲ့ရမှ. .

သူ့သမီးအမြဲသောက်နေကျကော်ဖီတောင် မှန်မှန် မသောက်ရလို့ ပန်းလေး ပိုပိန်သွားတယ်ဆိုပြီး ဆူနေဦးမယ်"

"အံမယ်. . ဆူလဲမဆူပဲနဲ့. . ကိုကိုနော်. .

လျှောက်ပြောမနေနဲ့. . လာ. . ထ ရေချိုးတော့ နောက်ကျသွားရင်, . အေးလာပြီ. .

အအေးမိနေဦးမယ်"

ကိုယ့်လက်မောင်းကို ခိုပြီး ကိုယ်နဲ့အတူပါလာသော ကိုယ့်ရဲ့ဇနီးကလေးကို အသက်ထက်ပင် မြတ်နိုးနေခဲ့တာ. . ချစ်သူကို ကိုယ့်အနားမှာ ထားခွင့်ရတာဟာ. . ကိုယ့်ဘဝရဲ့ ပြီးပြည့်စုံစေခြင်းတွေပဲဖြစ်ပါတယ်. . ပန်းလေးရယ်. . ။

သူတို့နှစ်ဦးရဲ့. . ဘဝနိဒါန်းမှာ မည်သည့် ပူပင် သောကမှလဲ မရှိ။ မည်သည့် အခက်အခဲ၊ အတားအဆီး၊





အညိုးအတေး၊ မာနတွေ၊ ဒေါသတွေလဲ. . မရှိခဲ့ပဲ တည် ဆောက်ခွင့်ရခဲ့သော ဘဝအစမို့ အများသူငါထက်စာရင် သူတို့ဟာ အင်မတန်မှ ကံကောင်းတဲ့သူတွေဖြစ်ခဲ့လေသည်။

သို့သော် ဘုန်းတေဇော မမျှော်မှန်းထားခဲ့သော အကြံအစည်တွေဟာ. . သူတို့နှစ်ဦးကြားမှာ စတင်နေခဲ့ပြီဆို တာ အဲဒီ့အချိန်က မသိသေးခဲ့ချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတော့ သုံးလေးရက်တစ်ခါလောက် ပန်းအလှပြင်ပေးရတာကို မြင်တွေ့လာရသည်။ အဲဒီအခါတိုင်းမှာတော့ ပန်းလေးက ကိုယ့်ကို အမြဲတစေ.. အသိပေးလေ့ရှိပါသည်.. ။ ကိုယ်က သူ့.. စိတ်ချမ်းသာရင်ပြီးရော လုပ်ပါစေဆိုပြီး ခွင့်ပြုခဲ့စမြဲ.. ။

သို့သော်.. ပန်းအလှပြင်ပေးရခြင်းအတွက် မည်မျှပင်ပန်းကာ မည်မျှအချိန်ကုန်ရသည်ဆိုတာကို မြင်ရတော့ ကိုယ်က ပန်းလေးကို သနားရပြန်သည်.. ။

ပွဲတစ်ပွဲအတွက် အဘယ်မျှထိ အပင်ပန်းခံတာ ဦးနှောက်ခြောက်ရသလဲ.. ။ ဟိုပန်းမရလို့ ဒီပန်းမရလို့ ဆိုတဲ့





ပြဿနာကလဲများပါ့.. ။

"မှာထားတော့ အသေအချာရမယ်ပြောပြီး.. ဒီမနက်မှ မရနိုင်ပါဘူးဆိုတော့ အနီးကပ်လာ ဒုက္ခပေးသလို ဖြစ်နေပြီ.. "

ကျွန်မက ခေါင်းထဲစဉ်းစားပြီးသားပုံစံကို ချက်ချင်းမေ့ပစ်ပြီး.. ရှင်တို့မှာ ရှိမဲ့ပန်းတွေနဲ့ လိုက်တဲ့ ပုံစံချက်ချင်းပြောင်းရတာ.. စိတ်ဘယ်လောက်ပင်ပန်းတယ်ထင်လဲ.. နောက် အဲဒါမျိုး မကြုံချင်ဘူး.. "

ပန်းလေးနဲ့.. အချီအချ ပြောကြရသော ပန်းလာပို့သူတွေရဲ့ ပြဿနာကိုလဲ.. မကြာခဏ.. ကြုံရဖန်များလာသည်.. ။

"ဒီလောက် ပင်ပန်းရင်ထဲ ထိုးမပေးနိုင်တော့ဘူးလို့ ပြောလိုက်ပါလားကွာ.. "

"ဘယ်ဖြစ်မလဲ ကိုကိုရဲ့ ပန်းလေးက ဒီအလုပ်ကို ကျေနပ်လို့ လက်ခံလိုက်ပြီပဲ လက်ခံပြီးမှ ဟိုပန်းမရလို့ အဆင်



www.burmeseclassic.com

www.burmeseclassic.com



မပြေလို့ဆိုပြီး . . မထိုးပေးလိုက်ရင် ကိုယ့်အတွက် နာမည်ပျက်ရုံကလွဲရင် ဘာမှဖြစ်မှာ မဟုတ်ပေမဲ့ . . သူများတကာ မင်္ဂလာယူရမဲ့အချိန်မှာ ပန်းလေးကြောင့် စိတ်ထဲအနှောင့်အယှက်ဖြစ်မှာ မလိုလားဘူး . . အဲဒါကြောင့် လက်လွှတ်စပယ်ပဲ အလုပ်လက်မခံဘူး . . လက်ခံပြီးရင်လဲ ဘာအကြောင်းပဲပေါ်ပေါ် . . ကိုယ့်ဘက်မှာ ဘာပြဿနာပဲကြုံကြုံကာယက်ရှင်တွေဘာမှမသိလိုက်ရပဲ စိတ်အေးအေးနဲ့ မင်္ဂလာယူနိုင်အောင် ပန်းလေးက အတတ်နိုင်ဆုံး စီစဉ်ပေးဖို့ ဆုံးဖြတ်ထားပါတယ် . ."

ဒီစိတ်ထားလေးက အင်မတန်မှ မွန်မြတ်ဖြူစင်မှန်း သိပေမယ့် ကိုယ်ကတော့ ကိုယ်ချစ်တဲ့သူစိတ်ပင်ပန်းရခြင်းတွေအတွက် မကြည့်ရက်ပါ . . ။

"ပန်းလေး . . ခုတလောပွဲဆက်တွေများသလိုပဲ . . ခဏနားလိုက်ပါလားကွာ . . ခုမှ ဘာလို့ ဒီလောက်အလုပ်လာအပ်နေကြတာလဲ . . ကိုကိုမိန်းမကို . . စီးပွားဖြစ်လုပ်တဲ့





လူများမှတ်နေလားမသိဘူး . . ခင်လို့မင်လို့ အလုပ်လက်ခံတာကို အားမနာဘူး။ အလုပ်တွေလာလာအပ်ကြတယ်"

"ခုတလောက . . မင်္ဂလာဆောင်တဲ့ရာသီအလှူလုပ်ကြတဲ့ . . ပွင့်လင်းရာသီလေ . . ဒီတော့ ပွဲဆက်များတာပေါ့ . . ကိုကိုရဲ့ . . ။ မိုးရာသီဆို . . ပန်းလေးလုပ်ချင်ပါတယ်ဆိုတာတောင် မလုပ်ရပါဘူးနော် . . "

လေဘာတီက ကိုကိုမသိအောင် သူမဘာသာဒီလောကထဲ အတင်းတိုးဝင်ခြင်းဖြစ်ကြောင်း ဘယ်တော့မှပြောမှာမဟုတ်ပါ။ ပြောဖို့ခေါင်းထဲမှာမရှိ တစ်နေ့ကျရင်တော့ . . ကိုကိုမမျှော်မှန်းထားသော လေဘာတီ့စိတ်ကူးတွေအတွက် . . ကိုကိုနဲ့ဘယ်လိုရင်ဆိုင်ရမလဲဆိုတာကိုပဲ ခေါင်းထဲထည့်ထားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၃)





## (၉)

ကိုယ်. . တဖြည်းဖြည်းသတိထားမိလာသည်မှာ. ပန်းလေးဟာ ပန်းအလှပြင်ပေးသူဘဝကို ရပ်တည်နေပြီဆိုတာပဲဖြစ်သည်. . ။ သတင်းစာတွေ၏ မင်္ဂလာသတင်းတိုင်းမှာ ပန်းအလှပြင်ဆင်ပေးသော မလေဘာတီဟူသည့် ကျေးဇူးတင်လွှာတိုင်းတွင် မတွေ့ရသည်ဟူ၍ မရှိသလောက်ဖြစ်လာခဲ့လေသည်။

နေ့စဉ်နေ့တိုင်းလိုလို ပွဲဆက်တွေများလာရုံမက. . တစ်နေ့သုံးလေး...လာက်တောင် အလုပ်လက်ခံထားတာတွေလဲမြင်တွေ့ရလာသည်။

အမြဲလိုလို. . ပန်းတွေ ပန်းဖလားတွေ အလယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကြေး. . တစ်လက် ခါးတချို့နှင့်အလုပ်ရှုပ်နေသော ပန်းလေးဟာ ကိုယ်. . ချစ်စနိုးမှည့်ခေါ်မိတဲ့. . "ပန်းလေး"ဆိုတဲ့ နာမည်နဲ့လိုက်အောင် လှပတင့်တယ်နေပေမဲ့. . အလုပ်တွေကြားထဲ နစ်နေရရှာသော ချစ်ဇနီးကို မကြည့်ရက်လိုတော့. . . ။

ဘယ်လိုဖျောင်းဖျရမလဲ. .

ဘယ်လိုစကားလုံးတွေနဲ့တားမြစ်ရမလဲ. . ဘာကြောင့်ဒီလို. . အလုပ်ကိုအခုမှ ပိုပြီး အားကြိုးမာန်တက်လုပ်နေသလဲ. .

စသဖြင့် နေ့စဉ်နဲ့ အမျှ ပဟေဠိဖြစ်နေခဲ့ပြီ. . ညီတော်မောင် အုန်းကျော်ဇောကလည်း ပြောလေသည်။

"အစ်ကိုကြီး. . မိန်းမ. . ဘယ်လိုဖြစ်တာလဲဗျ. . မနေ့က ကျွန်တော့်ကို မေမေအဲဒီဘက်အိမ်လွှတ်ပြီး ရွှေတောင်ခေါက်ဆွဲချိုင့် ပို့ခိုင်းလို့ သွားပို့ပါတယ်. .

အားလားလား ပန်းတောကြီးထဲ ရောက်သွားလား





လို့ လန့်ပြီးတော့တောင် အော်မိတယ်. . ပန်းပုံကြီးဟီးဟီးကိုထနေတဲ့ထဲက သူထွက်လာတာလေ. .

ကျွန်တော့်ချိုင့်ကိုတောင် လာမယူနိုင်ဘူး. . ကောင်းမလေးတွေနဲ့ပဲ ဆေးကြောလှယ်ယူခိုင်းလိုက်တယ်. .

အရင်ကဆို. . ဘယ်ကောင်မလေးမှ မခိုင်းဘူး သူပဲဘာလာလာထလုပ်လိုက်ရမှ စိတ်ကျေနပ်တဲ့ ပုံစံနဲ့လူ, ကဗျာ. . . အခုတော့. . သူ့ပန်းအလှပြင်တာလောက် ဘာမှအရေးမကြီးတဲ့. . ပုံစံဖြစ်နေပြီ မေမေ့ကို အံ့ဩပြီး ပြန်ပြောမိတော့ မေမေတောင် ဘာလို့ အဲဒီအလုပ်လုပ်နေတာလဲဆိုပြီး သိချင်နေတယ်. . "

ကိုယ်က. . ဘယ်လိုဖြေရှင်းရမှန်းမသိဖြစ်ကာ ခေါင်းကုတ်နေရသည်။ ကိုယ်ကိုယ်တိုင်တောင် အဖြေမရှိသည်မို့. . ခက်နေတာဖြစ်ပါသည်. . ။

"မေမေကလည်း. . သတင်းစာထဲက

မင်္ဂလာဆောင်ကြော်ငြာတွေမှာ. .



www.burmeseclassic.com

www.burmeseclassic.com



လေဘာတို့နာမည်ခဏခဏတွေလို့ မေးချင်နေတာတဲ့.. သားကြီးများ အိမ်ဘက်လာရင် မေးမယ်တကဲကဲ.. လုပ်နေတယ်နော်.. အစ်ကိုကြီး..။

မိန်းမငယ်ငယ်လေးယူထားပြီး ကိုယ်က ဒါမလုပ်နဲ့ဆိုတာကို ပြောမရဆိုမရဖြစ်နေတယ်ဆိုတဲ့.. အသံကြားရတော့မယ်ထင်တယ်.."

"ဟုတ်ကောင်.."

ကိုယ်က ညီတော်မောင့်စကားတွေကို မခံချင်..။ ချက်ချင်း..တစ်ခုခုချေပပစ်လိုက်သည်..။

"ပြောမရ ဆိုမရ ဖြစ်နေတာမဟုတ်ဘူးကွ.. ငါကခွင့်ပြုလို့ သူလုပ်နေတာပါ.. ခင်မင်တဲ့ လူတွေ လာအပ်လို့လုပ်ပေးတာပါကွာ..မင်းကလဲ..။

သူကအစတည်းက ပန်းအလှပြင်ပေးတဲ့သူ အဖြစ်ငါတို့ သိခဲ့တာပဲ..သူ့အလုပ်သူလုပ်တာအဆန်းလားကွ.. မေမေမေးရင်မင်းကြိုဖြေချင်ဖြေထား.. ခင်တဲ့လူတွေလာ





အပ်တာများနေလို့ သူ့မအားတာလို့.." "အစ်ကိုကြီးတို့ကုမ္ပဏီပိုင်ရှင်လူကြီးရဲ့ ဇနီးကိုလာအကူအညီတောင်းရဲတဲ့လူတွေရှိနေလားဗျာ.. အဓိပ္ပါယ်မရှိတာ..

ကျွန်တော်တော့ သိပ်သဘောမကျဘူး.. ကျွန်တော့်မိန်းမဆိုရှင်လည်း သူအရင်က လုပ်တဲ့အလုပ်ဟာ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာမ အလုပ်ဆိုရင်တော့ ဆက်လုပ်ပေါ့..

အရင်က အထည်ဆိုင်ဖွင့်တာ.. အလှကုန်ဆိုင်ဖွင့်တာ.. ဆံပင်ညှပ် အလှပြင်တာ.. သူများရဲ့ ရုံးခန်းမှာအတွင်းရေးမှူးလုပ်နေတာတွေဆိုရင်.. ဆက်မလုပ်နိုင်းတော့ဘူး.. အဓိပ္ပါယ်မရှိတာဗျာ.."

"ဘာလဲကွ..ပန်းအလှပြင်တဲ့အလုပ်ကို မင်းကသေးနုတ်တယ်လို့ ထင်နေလို့ ဒီလိုအပြစ်ပြောနေတာလား.. သူ့ ဝါသနာပါတာလုပ်တာပဲ.. ငါခွင့်ပြုတယ်ဘာဖြစ်လဲ.."

ညီတော်မောင်က.. ဒီကိစ္စကို ပြဿနာကြီးတစ်ခုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ. . အပြစ်တင်ချင်နေလျှင်. . ကိုယ်က စိတ်တိုတိုဖြင့် အောင့်ထုတ်ပစ်မိတော့သည်။

"ပန်းအလှပြင်တာကို သေးနုတ်တဲ့အလုပ်လို့ မပြောပါဘူးဗျာ. . ခေတ်လဲမီပါတယ်. . အပျော်သဘောနဲ့ လုပ်နေတဲ့ မိန်းမတွေမှ အများကြီးပါပဲ။ ပန်းထိုးတတ်တာကိုပဲ အရည်အချင်းကြီးတစ်ခုလို ကြွားနေတဲ့ မိန်းမတွေလဲ အများကြီးပါပဲ. . ဒါပေမဲ့. . အစ်ကိုကြီး မိန်းမလုပ်နေပုံက. . professional ဝင်လုပ်နေတဲ့ပုံစံဗျ. . နာမည်မကြီးကြီးအောင် ဖန်တီးသလိုပဲ ကျွန်တော်သိသလောက်က အရင်က ဆို သူ့ကို လာအပ်တဲ့အလုပ်တွေ ဒီလောက်တောင် မများပါဘူး. . အခုမှ အရမ်းများလာတာ အစ်ကိုကြီး သတိထားမိလား. .

ပြီးတော့. . သူ့နေရာလဲ အရမ်းရလာပြီ. . နာမည်တော်တော်ကြီးလာပြီ. . မင်္ဂလာဆောင်မှာပန်းအလှပြင်တာ လက်ကိုင်ပန်းပြင်တာ လေဘာတီနဲ့မှ ဆိုတဲ့ အထိ နာမည်





ကြီးစာရင်းဝင်နေပြီ"

ကိုယ်တောင်. . မသိသေးသဖြင့် တော်တော်လည်း အံ့ဩသွားရတော့သည်။ ပန်းလေးက နာမည်ကြီးနေပြီတဲ့ ဘာလို့နာမည်ကြီးချင်ရသလဲ. . ပန်းလေးရယ်. . ။

"ကျွန်တော်. . စဉ်းစားမရတာက အပျိုဘဝတုန်းကတော့ နာမည်ကြီးအောင်နေရာ မယူပဲ. . အစ်ကိုကြီး မိန်းမဖြစ်မှ နာမည်ကြီးအောင် လုပ်တာဘာဖြစ်လို့လဲ ဆိုတာပဲ"

ညီတော်မောင် ကိုယ့်ရုံးခန်းက ပြန်သွားသော အခါ ကိုယ့်မှာတွေးစရာတွေ အများကြီးနှင့် ကျန်ရစ်ခဲ့လေသည်။

သို့သော်. . ကြာကြာတွေးခွင့်၊ စိတ်ကူးခွင့်၊ အဖြေရှာခွင့်မရလိုက်ပါ. . ကိုယ့်အခန်းထဲသို့ လုပ်ဖော်ကိုင်ဘက်တစ်ဦးဝင်လာခဲ့၍ ဖြစ်သည်။ ထိုပုဂ္ဂိုလ်. . ဘာကိစ္စကြောင့် ဝင်လာခဲ့သလဲဆိုတာ သိလိုက်ရသည့်အခါ. . . ဘုန်းတေဇာသည် အံ့ဩငြိမ်သက်ခဲ့ရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့မျက်နှာကြီးကလဲနော်. . . ဘာတွေ မှုန်ကုပ်နေတာလဲ. . . ပြော. . . ပန်းလေးသိချင်တယ်"

လေဘာတီက. . . ကိုကို့ အိမ်အပြန်တော့. . . ဒီနေ့တော့. . . ညနေပိုင်းအားလပ်ချိန်တမင်ယူကာ. . . စောင့်နေခဲ့ပါတယ်။ ဒီမနက်ပိုင်းမှာ ပွဲတွေ ဆက်တိုက်ဖြစ်သွားခဲ့၍. . . ကိုကို. . . ပြန်လာချိန်တိုင်း သူမအမြဲ အသင့်စောင့်ကြိုမနေခဲ့နိုင်။

ကိုကို. . . လာမှ ကမန်းကတန်းထကြိုရပေါင်း များပြီ။ အဲ့ဒီအတွက်. . ကိုကို. . . စိတ်မကောင်းများ ဖြစ်နေခဲ့မလားလို့တွေးကာ. . . ဒီနေ့တော့ တမင်ကြို စောင့်နေခဲ့





သည်။

သို့သော်. . ပြန်လာလာချင်း. . စိတ်ရှုပ်နေသလိုလို မျက်မှောင်ကြီးတွန့်ချိုးနေသဖြင့်. . . လေဘာတီက. . . ကိုကို့ လက်မောင်းကို ဆွဲလှုပ်လျှက် မရမကမေးရတော့သည်။

"ခေါင်းကိုက်တာလားကိုကို. . ."

"မကိုက်ပါဘူး. . . ခေါင်းရှုပ်တာပါကွာ"

"ဘာတွေရှုပ်တာလဲ. . အလုပ်ကိစ္စလား. . . ပန်းလေးကို တိုင်ပင်လေ. . ပန်းလေးသိသလောက်. . အကြံပေးမယ်"

ကိုကိုက အသံတိတ်ပြုံးကာ ခေါင်းခါပါသည်။

"ဘာလဲ. . . ကိုကို။ မေးလိုက်ရင်ပြုံးပဲနေတယ်. . . ဘာမှန်းလည်းမသိဘူး. . . ဟင်း"

ကိုကိုသည် လေဘာတီ့ပုခုံးကိုချော့သလို ဖွဖွပွေ့လိုက်ရင်း. . .

"ပန်းလေးအကြံပေးမယ်ဆိုလို့ပါကွာ- ဒီကိစ္စကလဲ



www.burmeseclassic.com

www.burmeseclassic.com



ပန်းလေးမှအကြံမပေးရင်. . . အဆင်ကို မြေမှာမဟုတ်လို့ ကိုကိုက. . တွေးမိပြီး ပြုံးတာပါ. . အချစ်လေးရဲ့။ တဆိတ်ရှိ စိတ်ကကြိုကောက်ဖို့ပဲ. . . ကိုကို့ဘာသာ ပြုံးချင်လဲ ပြုံးလို့ မရဘူး၊ သူ့ဩဇာချည့်ပဲ. . ကြောက်နေရပါလားဗျာ၊ ခင်ဗျား. . . . ကျုပ်ထက် ခုနစ်နှစ်ငယ်ပေလို့ပဲ မငယ်ပဲ ရွယ်တူတန်းတူ၊ ဒါမှမဟုတ် အသက်ပိုကြီးနေရင်. . . ကျုပ်တော့ ကြောက်ဒူးတုန်မင်းသားဘဝ ရောက်ရလိမ့်မယ်ထင်တယ်"

လေဘာတီက. . ကိုကို့ရင်ခွင်မှာမှီလျက်. . ငြိမ်နေကာ. . ကိုကို ဘာပြောမလဲဆိုတာ. . စောင့်နားထောင်နေမိ၏။

"ကိုကို့. . . ကုမ္ပဏီက တခြား MD တွေကကွာ. . ဒီကကုမ္ပဏီနဲ့ နိုင်ငံခြားကုမ္ပဏီကလူတွေ. . တွေ့ဆုံဆွေးနွေးပွဲလုပ်မှာကို. . . အရင်ကတော့ဘာ ပကာသနမှမပါဘဲ လုပ်ကြပြီ· အခုကျမှကွာ. . ပန်းအလှထိုးချင်ရတာနဲ့ နိုင်ငံခြားကုမ္ပဏီကလူတွေကို ပန်းခြင်းတွေ၊ ပန်းစည်းတွေလက်ဆောင်ပေးချင်





ရတာနဲ့ကြံစည်ကြတယ်ကွာ. . ."

လေဘာတီက. . ကိုကို ဒီလောက်ပြောလျှင် ချက်ချင်း သဘောပေါက်လိုက်နိုင်သည်ဖြစ်ရာ. . . ကိုကို့စကားနောက်. . တစ်ပိုင်းမစခင် ဝင်ပြောနှင့်တော့၏။

"သိပြီ. . သိပြီ. . အဲဒါနဲ့. . . ကိုကို့မိန်းမကို အလုပ်အပ်ချင်ကြရောဆိုပါတော့နော်. . . ဟုတ်တယ်မဟုတ်လား ကိုကို. . ."

"အင်းပေါ့. . . ဒါပဲပေါ့. . . ကိုကို့မိန်းမက နာမည်ကြီး ပန်းအလှပြင်တဲ့လူမှန်း သူတို့ သိကုန်ကြပြီလေ. . ကိုကိုက စိတ်ရှုပ်သွားတာပေါ့ကွာ"

"ကိုကိုကလဲ. . အဲဒါ. . ဘာစိတ်ရှုပ်စရာရှိလဲ ကိုကိုတောင်. . ပန်းလေးနဲ့စတွေ့တာ အဲဒီလိုပဲ ကုမ္ပဏီကိစ္စအတွက် ပန်းအလှပြင်ပေးဖို့လာအပ်ရင်း တွေ့တာပဲ"

"ဟာ. . . အဲဒါက မတူဘူးလေ. . . ကိုကို တမင်ဖန်တီးကာပါလို့ ပန်းလေးကို ပြောပြပြီးသားပဲကွာ. . . သူများ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဘူး ဘာမှ မသိဘူး. . . ကိုကိုက ဒီကောင်မလေးကို ပိုးချင်လို့ သူနဲ့နီးစပ်အောင် တမင်ပန်းထိုးဖို့ လာအပ်တာကွ. . . အခုကျတော့. . . ကိုကို့မိန်းမကို သူတို့ မျက်စေ့ကျစရာလား"

"ပန်းလေးရဲ့ပညာကိုပါ. . ကိုကိုရဲ့။ ဘယ့်နှယ့် မဟုတ်ကဟုတ်ကတွေ လျှောက်တွေးနေတာလဲ"

"ကိုကိုကလဲ. . အဲဒါပဲပြောတာပါ. . . တခြား လူကို အလုပ်အပ်ပါလား. . . ကိုကို့မိန်းမကိုမှ လာအပ်တယ်"

"ကိုကို ဘာပြန်ပြောခဲ့လဲ. . ."

"ကျွန်တော့မိန်းမ. . . မအားလား၊ အားလား ပြန်မေးလိုက်ဦးမယ်လို့ မတင်မကျပြောထားခဲ့တယ်. . . ပန်းလေးက ပွဲဆက်တွေအရမ်းများနေတော့ သိပ်ပင်ပန်းနေပြီ အလုပ်လက်ခံဖို့ဖြစ်မဖြစ်က. . . ကိုကို ဘယ်လိုလုပ်သိမလဲ"

"ကိုကို့သဘောကရော. . ."

"ဟာ. . . မေးနေရသေးလား. . ကိုကိုက ပန်းလေး သဘောပဲ. . . ဒါပေမဲ့ ကိုကိုမြင်တာတော့ ခုတလောပန်းလေး





သိပ်ပင်ပန်းနေပြီ. . နားသင့်တယ်. . ဒီအလုပ်ကိုလွှတ်လိုက်သင့်တယ်လို့မြင်တယ်ကွာ"

"မပင်ပန်းပါဘူး. . . ပန်းလေး လက်ခံလိုက်ချင်တယ် ကိုကို"

ထင်သားပဲ. . ကိုယ်ထင်ရင်မမှားပါဘူး. . . ချစ်ဇနီးဟာ ဒီအလုပ်ကိုလဲ ငြင်းမှာမဟုတ်ဘူးလို့ ကြိုထင်ထားခဲ့တာ မှန်နေလေပြီ။

သူမ. . . ဒီလောက်. . ပင်ပန်းနေပြီး နေ့စဉ် မအားရတာတောင်. . နားဖို့ တချက်ကလေးမှ စိတ်ကူးမရှိဘဲ ဘာတွေလုပ်စရာရှိနေလို့ ဒီလောက်အလုပ်ကို လောဘတကြီး လက်ခံချင်နေသလဲ။

"ကိုကို. . . မသိလို့မေးမယ်. . ပန်းလေး. . . ဒီ ပန်းအလှမြင်တဲ့လောကထဲကို တကယ်နေရာ ဝင်ယူလိုက်ပြီ မဟုတ်လား. . . Professional ဝင်လုပ်နေပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



". . . ."

"ဘာလို့ ကိုကို့ကို မပြောပဲ လျှို့ဝှက်လုပ်နေခဲ့တာလဲ. . . ကိုယ့်မိန်းမ နာမည်ကြီးလို့ကြီးမှန်းတောင် မသိဘူး. . . သူများလာပြောပြမှ သိရတယ်. . ."

လေဘာတီက. . . အပြစ်ရှိသူတစ်ယောက်လို ငြိမ်နေမိတော့သည်။ မည်သည့်အဖြေမှ ပြန်ဖြေလိုစိတ်မရှိသဖြင့် ခေါင်းငုံ့တိတ်ဆိတ်လျှက်တည်း။

"ကြည့်စမ်း. . ဘာကြာသေးလို့လဲ. . ကိုကိုတို့ လက်ထပ်တာ. . . တစ်နှစ်တောင်မပြည့်သေးဘူး. . . လက်ထပ်ပြီး သုံးလေးလ နားတာပဲရှိလိုက်တယ်. . . အဲဒီ့ထဲက စလိုက်တာ. . ခုထိပဲ တစ်နေ့ထက်တစ်နေ့ ပိုအလုပ်တွေ ပိုပိုလာတာကို. . . ကိုယ်အစက ဘာလို့ သတိမထားမိခဲ့တာလဲမသိဘူး

မင်္ဂလာဆောင်ရာသီ၊ အလှူရာသီမို့လို့ ဆိုပြီး တောင့်ကြည့်နေတာ. . . အဲ့ဒီရာသီတွေလဲ ပြီးရော. . အခမ်းအနားတွေ အစည်းအဝေးပွဲတွေအတွက်. . . ပန်းပြင်တဲ့အလုပ်



လက်ခံဖို့ ပန်းလေးစိတ်ကူးနေပြီမဟုတ်လား. . .

ကိုကို. . အပြစ်မပြောပါဘူးကွာ. . . တားလဲ မတားပါဘူး. . . ဝါသနာပါလို့လုပ်တာ. . . အောင်မြင်ကျော်ကြားချင်လို့ လုပ်တာ လုပ်ပေါ့. . . ဒါပေမဲ့. . အရမ်းတော့ အပင်ပန်းမခံပါနဲ့. . . အားလပ်ချိန်လဲယူပါ. .

ကိုကိုတောင် ဘာမှမခိုင်းရက်လို့ ဒီတိုင်းအလှကြည့်နေခဲ့တာ. . . သူများတွေဘာကြောင့်ပဲ, လာခိုင်းခိုင်း. . ကိုကို စိတ်မကောင်းဖြစ်ရတာပဲ. . . အချစ်လေးရယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

မေမေ. . . ရောက်လာတော့. . သူတို့ မနက်စာ. . ကော်ဖီဝိုင်းမှာပဲ ရှိသေးသည်။ အိမ်ရှေ့က. . . မေမေ့အသံကို လှမ်းရောက်ခင်ကတည်းက ကြိုကြားရသဖြင့် ကိုယ်က. . . မေမေ ဘာကိစ္စနဲ့ လာတာဖြစ်မလဲဟု တွေးနေမိပြီ။

လေဘာတီကလည်း. . . လက်ထပ်ပြီးကတည်းက အိမ်ကို သုံးလေးခေါက်လာ ရောက်လာပြီး. . အရောက် အပေါက်နည်းလှသော. . . ယောက္ခမကို အဝ[illegible]စိမ်းနေ သေးသဖြင့်. . . ဘယ်လိုမျက်နှာပေးနဲ့ ကြိုဆိုရမလဲဆိုတာကို ပြင်ဆင်နေသည်။





"ဟဲ့. . . အခုမှနိုးကြသလား. . သားကြီး, . . မင်း ဘာစားပြီးပြီလဲ. . . ဒီမှာ. . မေမေ. . . မုန့်ဟင်းခါးချက်လာ တယ်. . စားလိုက်ဦး"

ကောင်မလေးတစ်ယောက်က စတီးငါးဆင့်ချိုင့်ကြီး နဲ့ မေမေ့နောက်မှ ပါလာသည်။

ချိုင့်ကို စားပွဲပေါ်တင်ကာ. . မေမေ့က သူကိုယ်တိုင် ပန်းကန်တွေထဲ ဖိုးဖိုးဖတ်ဖတ် ပြင်လဲပြင်။

"လေဘာတီ. . . လာ,သမီးလေးလဲ လာစားဦး ဘာတွေအလုပ်ရှုပ်နေတုန်း"

"ကွတ်ကီးလုပ်မလို့မေမေ. . ."

"ဟဲ့. . . မနက်စာက ဘာစားမှာမို့လဲ"

"မနက်စာက. . . စားပြီးနေပြီ. . မေမေရဲ့. . . ကိုကိုက. . ပေါင်[illegible]နှံမီးကင်နဲ့ ထောပတ်ပဲ စားမယ်ဆိုလို့. . တီတို့ စားပြီးနေပြီ. . .

ကွတ်ကီးက တို့ဘာသာလုပ်နေတာပါ. . .

www.burmeseclassic.com



"ဟုတ်တယ်. . . မေမေ. . . လေဘာတီက ကလေးလိုပဲ. . ကွတ်ကီးတွေ ဘီစကစ်တွေ ဖန်ပုလင်းနဲ့အပြည့် ထည့်ပြီး တစ်နေကုန် တစ္စတ်စ္စတ်စားနေတာ. . . ဝယ်စားဆိုတော့မစားဘူး. . အပြင်ကလုပ်တာတွေရော နိုင်ငံခြားမုန့်တွေရော မကြိုက်လို့တဲ့. . . သူ့လက်ရာပဲ သူအားပေးတယ်. . အခုလဲ သူ့ကွတ်ကီးတွေကုန်နေလို့. . မနေ့က ကျွန်တော်တို့ ဈေးဝယ်သွားတော့ မုန့်လုပ်စရာပစ္စည်းတွေဝယ်လာပြီး ဒီ မနက်စလုပ်တော့တာပဲ. ."

"အေး. . သမီးမုန့်လေးတွေ ကောင်းသားကွဲ့ သမီးတစ်ခါတစ်ခါလုပ်ပြီးတိုင်း. . အိမ်ကို မုန့်ပုံးတစ်ပုံးစာလောက်ပို့နေတာ အိမ်မှာက. . မေမေပဲစားတော့. . မကုန်တောင် မကုန်နိုင်ဘူး. . . မေမေက သမီးလို တစ္စတ်စ္စတ်မှ မစားတာ"

"ယွန်းကပြောပါတယ်. . မေမေက ကြွားပြီး မိတ်ဆွေတွေ အမျိုးတွေလာရင် ပေးတယ်ဆို"

"ကိုကိုကလဲ မေမေ ပေးတာပေးပါစေ. . ဘာဖြစ်



လဲ. ."

"ဟဲ့. . ဒါနဲ့ ကျုပ်ရဲ့ မုန့်ဟင်းခါးတွေ မစားပေးနိုင်ကြတော့ဘူးပေါ့ဟုတ်လား"

"စားမှာပါ. . မေမေရဲ့. . ပေါင်မုန့်က အများကြီး မစားထားပါဘူး. . ဩ. . ပန်းလေး. .

မေမေ့လက်ရာလာအားပေးလိုက်ပါဦး"

သူတို့ အတူတူထမင်းစားပွဲဝိုင်းမှာ ထိုင်ကာ. . မုန့်အတူတူစားကြတော့. . မျှော်လင့်ထားတဲ့အတိုင်း မေမေက သူမ, သိလိုနေသည်ကို ကြာကြာအချိန်ဆွဲလိုဟန်မတူ စတင်မေးမြန်းတော့၏. .

"သမီးက အိမ်တွင်းမှုလဲတော်တော်ထူးချွန်တာပဲ. . မုန့်မျိုးစုံလုပ်တတ်နေတယ်နော်. . သမီးမေမေပဲ သင်ပေးတာလား. ."

"မေမေက. . ဝါသနာမပါလို့ ဘာမှလဲမသင်ထားပါဘူး. . အဘွားကတတ်တာ. . အဘွားက ကျောင်းအုပ်

www.burmeseclassic.com



ဆရာမကြီးလုပ်ခဲ့ဖူးရှုံမက.. သူ့ကျောင်းမှာ အိမ်တွင်းမှု သတ်သတ်သင်တန်းပေးသေးတယ်.."

"ဩော်.. အဘွားက အကုန်သင်ပေးတာပေါ့.."

"ဟုတ်ကဲ့.. တီ့က မေမေ့သမီးပေမဲ့ အဘွားလက်ထဲမှာ ကြီးခဲ့ရတာ အဘွားမြေးဆိုရုံမကဘူး.. အဘွားသင်သမျှ အကုန်လိုက်နာတဲ့ တပည့်ပေါ့.. မေမေ" "ပန်းအလှပြင်တာကရော ဘယ်သူသင်ပေးခဲ့တာလဲ.."

"ငယ်ငယ်ကတော့.. အဘွားပဲ ဘုရားပန်းအိုး ထိုးခိုင်း၊ ညှော့ခန်းပန်းအိုး.. ကိုယ့်အခန်းထဲက ပန်းအိုး ထိုးခိုင်းနဲ့ စသင်တာပဲ.. တီ့လဲ ဆယ်တန်းအောင်ပြီး ကျောင်းမတက်ရသေးခင် အချိန်လဲရောက်ရော.. သူများတွေလို ကွန်ပျူတာ Speaking LCCI တွေတစ်ခုမှမတက်ချင်ပဲ.. ပန်းအလှပြင်သင်တန်းတက်ဖို့ပဲ စိတ်ဝင်စားတယ်ဆိုပြီး အဲဒီသင်တန်းတက်ဖို့ပဲ စိတ်ဝင်စားတယ်ဆိုပြီး အဲဒီသင်တန်းတွေပဲ သင်တန်းပေါင်းစုံ လိုက်တက်ရင်း ပညာတိုးလာတာပါ.."





"သမီးက.. ဝါသနာအရပဲ ပန်းအလှပြင်တာပါနော်.. ဒီအလုပ်ကို အခုလဲအပျော်လုပ်နေတာပဲ မဟုတ်လား.."

ဘုန်းတေဇောက.. နောက်ဆုံးပိတ်ရောက်သွားသော မေမေ့စကား၏ လိုရင်းအတွက်.. သက်ပြင်းချနေမိတော့သည်။

"မေမေ့.. မိတ်ဆွေတွေကရော.. ယွန်းရဲ့အသိတွေ ကျော်ဇောရဲ့အသိတွေ.. ဖေဖေ့အသိတွေဆီက ကြားကြားနေလို့.. သမီးလေးက နာမည်ကြီးပန်းအလှပြင်ဆရာမ ဖြစ်နေပြီတဲ့.. မေမေတို့ဟာ ကိုယ့်အမျိုးအရင်းကြီးတောင် မသိပဲ နီးရက်နဲ့ဝေးနေတာလေ.. အံ့ဩလို့ သားကြီးမေးတော့ လဲ.. အူတူတူနဲ့ဖြေတာ ခဏာခဏ.. ဒီကောင်ကလဲ ပြောမပြောချင်ဘူး.. သူလိုချင်တဲ့ မိန်းမလဲရရော.. မအေ့ဆီ ခြေဦးတောင်မလှည့်ချင်ဘူး.. ဖြစ်နေတာ.. ပေါ်တော်မူနေတယ်လေ.. ဖုန်းဆက်မေးလိုက်ရင်.. မအားလို့ အဲ့တာက အမြဲအကြောင်းပြတယ်.."



www.burmeseclassic.com

"ကိုကို့..တကယ်မအားတာမေမေရဲ့..ခုတလော နိုင်ငံခြားဧည့်သည်တွေလာမှာမို့ အလုပ်ရှုပ်နေတယ်..ပြီး တော့..တို့အလုပ်တွေလဲ ကိုကိုတောင်သေသေချာချာ မမေးဖြစ်သေးတာပါ ပါတယ်.."

လေဘာတီက..ကိုကို့အခက်အခဲကို ကူညီဖြေရှင်း ပေးလိုက်တော့..ကိုကို့အမေ..အာရုံက ကိုကို့ဆီမှာထက် သူ့ဓတ်ပုံရောက်နေသည်ဖြစ်ရာ မေးခွန်းတွေဆက်တိုက် အမေးခံရပြန်သည်။

"တို့လဲ မရည်ရွယ်ပါဘူး..အရင်ကလိုပဲ ခင်မင်တဲ့ သူတွေအတွက် အလုပ်လက်ခံရင်းနဲ့ ပိုများသွားပြီး သူတို့ ဘာသာနာမည်ကြီးသွဲ့ပေးလိုက်တာပါ..ပြီးတော့ ကိုကို့ ကြောင့်လဲဖြစ်မယ်.."

လေဘာတီက ဒီလိုဖြေပြီး..ခဏရပ်ကာ ကိုကို့ဆီ လှမ်းကြည့်တော့ ကိုကိုက နားမလည်သလို မျက်လုံးပြူးပြနေ လေသည်။





"ကိုကိုက နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်ကြီး မဟုတ်လား..အရင်ထဲက နာမည်ကြီးနေတဲ့ကိုကို့ နာမည် ကို မှီပြီး တို့ကပါ တော်ရုံသာမာန်အလုပ်လေး မဖြစ်စလောက် လုပ်တာကို သူတို့က ဖွတ်ပြီး..ဂုဏ်ယူပြောတာဖြစ်မယ်.. (-) ကုမ္ပဏီက ဦးဘုန်းတေဇောရဲ့ ဇနီး ပန်းအလှပြင်ပေးသူ မလေဘာတီဆိုပြီး..ပကာသနတွေရှာကြံယူတာပါ"

တကယ့်တကယ်တော့ လေဘာတီ့ အဖြေဟာ ဝေ့ လည်ကြောင်ပတ်နိုင်လှမှန်း သူ့မဘာသာပဲ သိနေခဲ့ပါသည်။ သို့သော် ကိုကို့မိခင်ကတော့ မိခင်ပီပီ သူမ၏ သားကြီးကြောင့် လေဘာတီက လိုအပ်တာထက် ပိုနာမည်ကြီးနေတာပါဟူ သော အပြောဖြင့် နစ်မြောကျေနပ်သွားသည်။

"အမှန်တော့..မေမေရယ် ဘုန်းတေဇောကြောင့် လေဘာတီဆိုတာ ဖြစ်လာရတာပါ ဘယ်လိုနှိုင်းရမလဲ.. ဟိုလေ ချားလ်စ်မင်းသားကြောင့် ဒိုင်ယာနာဆိုတာ လူသိ လာရသလို မျိုးပေါ့..

www.burmeseclassic.com



ဒိုင်ယာနာကြောင့် ချားလ်စ်ကို လူသိတာမှ မဟုတ်တာနော်..။

တို့နာမည်ကလဲ အဲဒီလိုပါပဲ...

လေဘာတီကြောင့် ဘုန်းတေဇောဆိုတဲ့ လူတစ်ယောက်ကို သိခဲ့တာမှ မဟုတ်တာ.. ဦးဘုန်းတေဇောရဲ့ ဇနီးမို့လို့

လေဘာတီက လူပိုသိသွားတာပါ.."

မေမေပြန်သွားသောအခါ ..ကိုကိုက မေးခွန်းအတွက် အဖြေပေးပါးနပ်လှသော..လေဘာတီ့နဖူးကို ခပ်ဖွဖွ တစ်ချက်ထုရင်း..ဘာကြောင့်ရယ်မသိ.. သက်ပြင်းချနေခဲ့တာတွေ့ရပါသည်။

* * *



အိမ်ရှေ့ကားရပ်လိုက်တော့..တံခါးကစေ့ထားသဖြင့် ဧည့်သည်များ ရောက်နေသလားလို့ တံခါးဝမှာ အသာရပ်လျှက် အထဲကိုနားစွင့်လိုက်သည်။ ဖိနပ်စင်တွင် မိန်းမစီးစလစ်ပါတစ်ရံနှင့် ဒေါက်အနည်းငယ်ပါသော ဖိနပ်တစ်ရံတို့က..ဇနီးသည်ရဲ့ ဖိနပ်မဟုတ်မှန်း..သတိထားမိသဖြင့် လေဘာတီ့သူငယ်ချင်းတွေများ ရောက်နေသလားလို့..ယူဆလိုက်ပါသည်။

ခြင်လုံ သံဇာကာ..တံခါးကို အသာတွန်းလိုက်လျှင် ဧည့်ခန်းက ဆိုဖါတွေမှာ..မျက်နှာချင်းဆိုင် ထိုင်နေကြသော လေဘာတီ နှင့် မျက်မှန်ခပ်ထူထူတပ်ထားသည့် သက်လတ်

www.burmeseclassic.com



ပိုင်းအရွယ် အမျိုးသမီးတစ်ယောက် စူးစမ်းစပ်စုလိုသော မျက်လုံးတွေ ပိုင်ဆိုင်ထားသည့် ခပ်ငယ်ငယ်. . အမျိုးသမီးတစ်ယောက်တို့ ရှိနေကြသည်။

လေဘာတီကတော့. . တံခါးဝကို မျက်နှာမူထားသည်မို့. . ကိုယ်. . ဝင်လာတော့ ပြုံးရွှင်သွားကာ ထရပ်စဉ် ကိုယ့်ကိုကျောခိုင်းထိုင်သော အနေအထားရှိနေသည့် အမျိုးသမီးတွေက. . လေဘာတီ မျက်နှာမူရာဘက် အလိုက်သင့် လှဲ့ကြည့်ကြသည်။

"ညှိသည် ရောက်နေတယ်ထင်တယ်. . ပန်းလေး ထိုင်နေလေ. . ကိုကို့ဘာသာပဲ. . ဖိုင်လ်ကို သယ်သွားပါ့မယ်. . "

လေဘာတီက. . ကြိုနေကျအတိုင်း. . ကိုယ့်လက်ထဲက ဖိုင်လ်ကိုလာယူတာမို့. . ကိုယ်က ခပ်တိုးတိုးတုံ့ပြန်လိုက်လျှင်. .

"ကိုကိုနဲ့ မိတ်ဆက်ပေးချင်လို့. . ခဏထိုင်နော်. . "





"ပန်းလေး. . မိတ်ဆွေတွေလား. . "

"မဟုတ်ဘူး. . မဂ္ဂဇင်းတိုက်ကပါ. . "

အထူးအဆန်းဝေါဟာရမို့. . ကိုယ်က အံ့ဩနေစဉ် လေဘာတီက ကိုယ့်လက်ကို ဆွဲခေါ်နေသဖြင့်. . သူမနံဘေးမှာ အသာဝင်ထိုင်လိုက်ရတော့၏. . ။

အမျိုးသမီး နှစ်ယောက်တို့က. . သူတို့အား မက်မောအားကျသော. . မျက်လုံးတွေဖြင့် ငေးမောနေသဖြင့်. . ကိုယ်က အနေရခက်သလို ဖြစ်နေသလောက် လေဘာတီကတော့. . ဝင့်ဝင့်ကြွားကြွားမျက်လုံးများဖြင့် ပြုံးနေလေသည်။

ဘယ်လိုပါလိမ့်. . . ကိုယ်ဇနီးလေးမှာ မာနမရှိ၊ ဝင့်ကြွားမောက်မာခြင်းတွေမရှိ. . ပကတိဖြူစင်အေးဆေးမှန်းကိုယ်. . အသိအမှတ်ပြုရပေါင်းမနည်းခဲ့။

အခုတော့. . ဘာကြောင့်များ သူမ. . ဒီလိုပုံစံမျိုး နေနေပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဘုန်းတေဇောပါ. . ကျွန်မအမျိုးသားလေ"

"ဟုတ်ကဲ့. . နာမည်ကြားဖူးပြီးသားပါရှင်. . နာမည်ကြီး လုပ်ငန်းရှင်တွေနဲ့လဲ ကျွန်မတို့ အကျွမ်းတဝင် ရှိတော့ စီးပွားရေးလောကထဲက နာမည်ကြီးတွေဆို . . မသိမရှိပါဘူး. ." "'Ultra ဆိုတဲ့ ဖျော်ရည်လုပ်ငန်းနဲ့ နေရာယူထားတာနော်. . ဒီမှာတော့ အာလ်တရာ (Ultra) ကို လူကြိုက်အများဆုံးပဲ. . ပုလင်းနဲ့ရော. . သံဗူးနဲ့ရော ဖျော်ရည်အိတ်နဲ့ရော. . အမျိုးမျိုးထုတ်တာကြော်ငြာတွေ ကလဲ. . စူပါတွေနဲ့ချည်းဆိုတော့. . အရမ်းအောင်မြင်တာ ရှင့်. ."

အမျိုးသမီးနှစ်ယောက်တို့ဟာ ခုထိ ဘယ်သူတွေ မှန်း ကိုယ်မသိသေး။ သူမတို့က ကိုယ့်ကိုသိတာ. . စွတ် အမွှန်းတင်နေသဖြင့်. . အနေရအထိုင်ရ ခက်လာပါသည်။

ဘာ. . ပြန်ပြောရမှန်းမသိဖြစ်လျှက် အသံတိတ် ပြုံး ရုံပြုံးနေမိတော့သည်။



"ဇနီးချောကလဲ နာမည်ကြီးပန်းအလှပြင်တဲ့ ပညာ ရှင်ပဲ. . တကယ်အားကျဖို့ကောင်းတယ်ရှင်. . နှစ်ယောက် စလုံး တက်ညီလက်ညီနဲ့ အသီးသီးကိုယ့်လောကမှာ ကိုယ်. . နာမည်ရနေတာ. . အင်မတန် ဂုဏ်ယူဖို့ကောင်းတယ်" လေဘာတီက. . ကိုကို့အမူအရာတွေကို အကဲခတ်မိသဖြင့် စကားစပြောလိုက်ပါသည်။

"ကိုကို. . ဒီကအစ်မတွေက ( - ) မဂ္ဂဇင်းကတဲ့. . နာမည်ကြီး အမျိုးသမီးမဂ္ဂဇင်းတစ်ခုပဲ. . ပန်းလေးကို အင်တာဗျူးလာလုပ်ကြတာလေ. ."

"အင်တာဗျူးဟုတ်လား. ."

ကိုကိုက. . တအံ့တဩ ရေရွတ်တော့. . မဂ္ဂဇင်းက အစ်မတွေမှာ. . အသံထွက်ပင်ရယ်တော့သည်။

"ညီမ. . အမျိုးသားက အံ့ဩနေပြီ"

"ကျွန်တော်သိတာက. . အင်တာဗျူးခံရတယ်ဆို တာက. . နာမည်ကြီး အနုပညာရှင်တွေကျမှ ဗျူးတာထင်

www.burmeseclassic.com



လို့လေ . . အဲဒါကြောင့်ပါ . ."

" ဦးဘုန်းတေဇော . . မလေ့လာမိလို့ ဖြစ်မှာပါ . . ကျွန်မတို့ မဂ္ဂဇင်းကတော့ . . အောင်မြင်တဲ့ မည်သည့် အမျိုးသမီးကို မဆို အင်တာဗျူးပါတယ် . . အနုပညာရှင်မှရယ် မဟုတ်ပါဘူး . . စီးပွားရေး လောကတို့ဖက်ရှင်ဒီဇိုင်းလောက တို့ ရုပ်မြင်သံကြားတွေမှာ အစီအစဉ်တင်ဆက်သူ လောကတို့ ပညာမှာ ထူးထူးခြားခြားတော်ပြီး ပါရဂူဘွဲ့ရသူလောကတို့ စသည်တွေထဲက အထင်ကရ . . အောင်မြင်နေတဲ့ အစွမ်း အစတွေအများကြီးနဲ့ . . ရပ်တည်နေတဲ့ အမျိုးသမီးတွေကို လဲ အင်တာဗျူးပေးပါတယ်ရှင် . .

မြန်မာအမျိုးသမီးတွေရဲ့ သိက္ခာအဆင့်အတန်းရှိမှု ကို ဂုဏ်ယူကြရအောင် အမျိုးသမီးငယ်တွေ . . ကျောင်းသူ တွေလဲ အတုယူအားကျလို့ရအောင် တင်ဆက်ပေးနေတဲ့ အင်တာဗျူးပါ . .

အင်မတန်မှ လူကြိုက်များတဲ့ . . ကဏ္ဍတစ်ခုပေါ့"





မျက်မှန်ထူထူနဲ့ အမျိုးသမီးက စာနယ်ဇင်းသမား လို့ . . ပြောစရာပင်မလို . . အာဝဇ္ဇန်းရွှင်ရွှင်နှင့် တဘက်လူ ကျလောက်အောင် ပြောနိုင်သော အစွမ်းနှင့်တည်း . . ။

"မလေဘာတီကဆို . . ကျွန်မတို့ ဖုန်းနဲ့လှမ်းဆက် သွယ်တော့ . . ကျွန်မတို့ရဲ့ ကဏ္ဍကို သိနေတာရှင့် . . မလေ ဘာတီကတောင် ဘယ်ကဏ္ဍလေးက ဘယ်လိုနော်လို့ . . မြန် ဆွေးနွေးနေသေးတယ် . ."

ခပ်ငယ်ငယ် . . အမျိုးသမီးက . . ဘာတွေကုန်းရေး သည်မသိ . . ရေးနေရင်းတချက်ခေါင်းမော့ပြောရာ . . ကိုယ် ထပ်မံအံ့သြရပြန်သည်။

"ဟင် . . ဒါဖြင့် . . ပန်းလေး အစတည်းက ကြိုသိ ပြီး သားလား"

"ဟုတ်တယ် . ."

"ကိုကို့ကို တောင်ပြောမထားဘူး"

"ကိုကိုလဲ မအားတာနဲ့ မပြောတာပါ . . ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မဝ္ဝဇင်းထဲပါမှ ကိုကိုအံ့သြသွားအောင် ပြမလို့. . စိတ်ကူးထားတာ ကိုကိုက ဒီနေ့ အစောကြီး ပြန်ရောက်လာတော့ ကိုကို့ကို ကြွားလို့မရတော့ဘူး. ."

ကြည့်စမ်း. . ပန်းလေး မျက်လုံးတွေက. . ဒီလို. . ဖြစ်ရပ်ထဲမှာ နစ်မြုပ်ကျေနပ်နေတာတွေ ပြည့်နှက်နေပါရောလား. . အံ့သြပြီးရင်း အံ့သြပါတယ်. . ပန်းလေးရယ်. . မင်း, ဘာ့လို့ ခုမှသိပ်လှသိမျှားချင်နေရသလဲ. . ။

"လုပ်စရာရှိတာ ဆက်လုပ်ကြလေ. . ကိုကို. . အိမ်ထဲဝင်ပြီး အနားယူလိုက်ဦးမယ်. . အေးအေးဆေးဆေး ပြောကြပေါ့. ."

"ပြီးပြီ. ကိုကိုရဲ့ ဒီကအစ်မတွေက ကြာလှပြီ ရောက်နေတာ. ."

"ဟုတ်တယ်. . ရောက်နေတာလဲ ကြာပြီ. . မလေဘာတီရဲ့ လက်ရာတွေလဲ ကုန်အောင်စားပေးပြီးပြီ. . တခြားအလုပ်တွေလဲ ရှိသေးလို့ ပြန်ဦးမှလို့ ပြောတုန်း ဦးဘုန်းတော





ဇောရောက်လာတာနဲ့ ကြုံသွားတာရှင့်. .

မလေဘာတီကို အင်တာဗျူးတာ. . သူ့ရဲ့ပန်းအလှပြင်နည်းတွေတင်မကဘူး. . ဆံပင်ရှည်ကြီး အကြောင်းပါ ဗျူးဖြစ်သွားပြီး ဆံပင်ကြီးက လှလွန်းလို့ လက်ဖျားခါနေရတယ်ရှင်. ."

အဲဒီအမျိုးသမီးတွေရဲ့ စကားလုံးတိုင်းဟာ ရင်ထဲက တကယ်ပါ. . မပါတော့မသိ. . ။

မြှောက်ပင့်မှုတွေ. . တသီကြီး ဖြစ်နေကြောင်း ကိုယ် သတိထားမိပါသည်။

ကိုယ်ကတော့. . ထိုမြှောက်ပင့်မှုများထဲ ကျေနပ်အားရနေသော ချစ်သူကို နှုမြောသလို ငေးနေခဲ့ရပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

နောက်နှစ်လခန့်အကြာမှာ မဂ္ဂဇင်း၏ အင်တာဗျူးကဏ္ဍ၌. . လေဘာတီ့အကြောင်းတွေ ဝေဝေဆာဆာပါလာခဲ့လေသည်။ လေဘာတီမှာ. . ဓါတ်ပုံများ. . သူမ၏စကားလုံးများဖြင့် ပြည့်နက်နေရာယူထားသော ထိုကဏ္ဍအတွက် ရင်ခုန်ကျေနပ်ကာ ကိုကို ပြန်အလာကို မဂ္ဂဇင်းစာအုပ်ပိုက်လျှက် တမျှော်မျှော် လုပ်နေခဲ့မိလေသည်။

ကိုကို. . ပြန်လာတော့ လေဘာတီက ကိုကို့ဖိုင်လ်ကို ယူလိုက်ရင်း. .

"ကိုကို. ."





ဟု. . တစ်စုံတစ်ရာ အသိပေးချင်သလို အသံဖြင့် ခေါ်လိုက်သောအခါ ကိုကိုက မေးဆတ်လိုက်ပြီးနောက်. .

"ကိုကို့. . မိန်းမ. . ဘာပြောချင်နေလဲ. . ဟေ"

"ပြစရာရှိတယ်"

"အင်း. . ပြ"

ကိုကိုက. . မဂ္ဂဇင်းကို မြင်လိုက်ရာ. . သတိရသွားသလို မျက်လုံးများဖြင့်. .

"ဩော်. . ဟိုးတလောကလာတဲ့ အင်တာဗျူး လာလုပ်တဲ့ မဂ္ဂဇင်းပဲ. . ဘာလဲ ပန်းလေးရဲ့အင်တာဗျူးပါလာလို့လား. ."

"ဟုတ်တယ်. . ကိုကိုမှတ်မိသားပဲ. . ကိုကို ဒီမှာကြည့်. . လှတယ်နော"

"ဟင်"

ကိုကိုက ဓါတ်ပုံများ ဝေဝေဆာဆာ ဖြစ်နေခြင်းကို အံ့ဩသလို ဆွဲယူကြည့်လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ခါတ်ပုံတွေပါ. . ထည့်ရတယ်ဟုတ်လား. . အများကြီးပဲကွာ. . ကိုယ်ကမင်းသမီးမှ မဟုတ်တာ. . ဒီလောက်တောင်ဓါတ်ပုံတွေ အများကြီးသုံးရသလား ပန်းလေးရယ် ဟာဒီမှာ ကိုယ်တို့ လက်ထပ်တုန်းက ပုံကလဲပါသေးတယ်. . ဘာတွေလဲကွာ အဲဒီလောက် လိုလို့လား. .

ပညာရပ်တစ်ခုအကြောင်း အင်တာဗျူးတာပဲ လူကြော်ငြာတာကျနေတာပဲ. ."

"အင်တာဗျူးတိုင်း ဒီလိုပုံစံတွေပဲ ပြင်ဆင်နေကြပါ ကိုကိုရဲ့. . မထူးဆန်းပါဘူး. . ပြီးတော့ တော်ရုံဘယ်သူကများ သူများမင်္ဂလာဆောင်တဲ့ ပုံမဂ္ဂဇင်းထဲ အရေးတယူ ထည့်ချင်တာရှိမလဲ. .

ဒါက အောင်မြင်ကျော်ကြားတဲ့ သူရဲ့ ပုံမို့လို့ သုံးတာ"

"အောင်မြင်ကျော်ကြားသူ ဟုတ်လား. ."

လေဘာတီက ကိုကိုဘာကို သဘောမကျသလဲဆို





တာစဉ်းစားမရပါ. . ။

"ဒီမဂ္ဂဇင်းထဲမှာ. . ဒီကဏ္ဍမှာ ပါခွင့်ရတဲ့ အောင်မြင်ကျော်ကြားသူဟာ ဘယ်သူလဲဆိုတာ ပန်းလေးသိပါတယ်"

"အဲဒါ ဘာဖြစ်လဲ ကိုကိုရဲ့. . ပန်းလေးက ပန်းအလှပြင်ပညာမှာ အောင်မြင်ကျော်ကြားသွားလို့. . ဒီကဏ္ဍမှာ ပါခွင့်ရတာပဲ။ ကိုကိုနဲ့ ပန်းလေးလက်ထပ်တဲ့ ပုံပါသွားတာဘာဖြစ်လဲ. . ဘယ်သူကမှ တရားမစွဲပါဘူး"

"ဩော်. . ကိုကိုက ပန်းလေးနဲ့ အောင်မြင်ကျော်ကြားမှုကြောင့် သာမာန်လူဘဝအရေးတယူနေရာပေးခံရတဲ့ဘဝကို ရောက်သွားတဲ့သဘောကို ပန်းလေးဘာလို့ မတွေးမိသလဲ. . လက်ထပ်ပြီးတာ တစ်နှစ်တောင်ရှိနေပြီ. . ခုမှ မဂ္ဂဇင်းထဲ ဒီဓါတ်ပုံတစ်ပုံ သုံးလိုက်တာဟာ ပန်းလေးအတွက်တော့. . ဘာမှ မထူးခြားပေမဲ့. . ကိုကို့စိတ်ထဲမှာတော့ ကသိကအောက်ဖြစ်နေတယ်. . ကိုကို မကြိုက်ဘူး. . လေဘာတီကြောင့် ဘုန်းတေဇောဆိုတဲ့ လူကို. . တခြားသူ



www.burmeseclassic.com

www.burmeseclassic.com



တွေသိသွားရတဲ့ သဘောပဲ။

"ကိုကိုကလဲ. . ဘာတွေ အတွေးခေါင်နေတာလဲ ကျွတ်. . စိတ်ညစ်ပါတယ်ကွာ. . လေဘာတီမှာ ဘုန်းတော ဇောဆိုတဲ့ လင်ယောကျ်ားရှိလို့ လူသိတာဘာဖြစ်သလဲ. ."

"ကိုကို. . အံ့ဩနေတယ်ပန်းလေးရယ်. . မင်း, ဘာလို့ ခုမှဒီလောက်တောင် အောင်မြင်ကျော်ကြားချင်လာသလဲ ဆိုတာ. . အံ့ဩနေတယ်. . ကိုကိုချစ်ခဲ့တာ အေးဆေးတည်ငြိမ်တဲ့ အဖြူရောင်ပန်းလေးတစ်ပွင့်နဲ့ တူလို့ ချစ်ခဲ့တာပါ. . ဘယ်သူမှ အရောင်မဆိုးပဲ ကိုကို့ပန်းကလေးက သူ့ဘာသာ အရောင်ပြောင်းသွားတာ. . သိပ်နှမြောဖို့ကောင်းတယ်. ."

လေဘာတီမှာ ကိုကို့ဆီက. . မမျှော်လင့်ထားခဲ့သော . . စကားတွေအတွက် ငြိမ်သက်နေခဲ့ရပါသည်။

ကိုကိုက. . ဒီအခြေအနေကို မကြိုက်ဘူးတဲ့ ကိုကို စိတ်ရှုပ်သွားသတဲ့. . လေဘာတီဘာလို့ အရောင်ပြောင်းသွားသလဲဆိုတာ. . ကိုကို့ကို ပြောပြရင်လဲ. . ကိုကိုက ခံစားတတ်





မည်မထင်ပါ. .

လေဘာတီက. . ကိုကို့ကိုမှီခိုမှ ရပ်တည်နိုင်တဲ့သူ မဟုတ်ဘူး. . လေဘာတီမှာ ဘယ်လောက်ကြီးမားတဲ့ အစွမ်းအစတွေ ရှိနေသလဲဆိုတာ. . လက်မထောင်ပြချင်လို့. . ဒီအခြေအနေထိအောင်မြင်သွားအောင် လုပ်ယူခဲ့တယ်ဆိုတာ ကိုကို့ကို. . ဘယ်ဘက်ကပဲ လှည့်ရှင်းရှင်း ကိုကိုက နားမည်နိုင်မည်မဟုတ်။

မိန်းမပီပီ မိန်းမလိုတွေးခဲ့ပြီး မိမိပိုင်ဆိုင်ထားသော အရည်အသွေးတွေကို ထုတ်ဖေါ် အနိုင်ယူလိုက်တာပါ. . ကိုကို။

"လေဘာတီကြောင့် ဘုန်းတေဇောကို လူသိသွားတဲ့ သဘောပဲ. ." တဲ့လေ။

အဲဒါကိုကို့ရဲ့ စိတ်ကို ထိခိုက်စေပြီလားရှင်. .။

ကိုကိုက. . ဒီအခြေအနေကို မနှစ်မြို့နိုင်ပေမဲ့လေဘာတီကတော့ အတော့်ကို ခြေလှမ်းတွေ လွန်ပြီးနေလေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမဂ္ဂဇင်းထဲမှာတင်မက. . အခြားအခြားသော ဖက်ရှင်ဒီဇိုင်းမဂ္ဂဇင်းများ၊ စီးပွားရေး မဂ္ဂဇင်းများ၊ ခေတ်ပေါ်မဂ္ဂဇင်းများမှာလဲ. .

အင်တာဗျူးခန်းတွေ ဂျာနယ်တွေထဲမှာ. . တစ်မျက်နှာခန့် အင်တာဗျူးတွေလဲ အခုမှတဖွဲဖွဲ. . ရောက်လာသဖြင့် လက်ခံပြီးခဲ့တာ. . ကိုကို့ကိုတောင် အသိမပေးဖြစ်တော့ချေ။

လေဘာတီဟာ. . နံပါတ်တစ် ပန်းအလှပြင် ပညာရှင်. . စီးပွားရေးလုပ်ငန်းအရလဲ ပန်းအလှပြင်ခြင်းနဲ့ အောင်မြင်သူ လုပ်ငန်းရှင် အဖြစ် . . အားလုံးက သတ်မှတ်နေရာပေးပြီးနေတာမို့. . ဤသို့သော်. . မဂ္ဂဇင်းတွေ ဆုံခန်းတွေ လက်ခံလာရတော့ခြင်းဖြစ်ကြောင်း. . ကိုကို သိလျှင် ဘာတွေ ထပ်မံဝေဖန်ဦးမည်နည်း။

* * *



နောက်ထပ်. . တစ်လအတွင်းမှာ မဂ္ဂဇင်းသုံးအုပ်တွင်မက. . ဂျာနယ်. . သုံးလေးခုမှာပါ. . လေဘာတီ့ အင်တာဗျူး တချို့ထပ်မံပါလာခဲ့ပြန်သည်။ ဒါဟာ. . အလှဖန်တီးသူလောက ဖက်ရှင်ဒီဇိုင်းလောကတွေမှာ ပါနေကျကဏ္ဍမို့ အခြားအခြားသော . . သူတွေအတွက် အထူးတလည် ဂရုစိုက်စရာမဟုတ်ပေမယ့်. . ဘုန်းတေဇောအတွက်တော့ ဒါဟာ အင်မတန်မှ စိတ်ကသိကအောက်ဖြစ်စရာ တစ်ခုဖြစ်နေခဲ့ပါသတဲ့. . ။

"ကိုဘုန်း. . ဇနီးဟာ တကယ့်စူပါပညာရှင်ဖြစ်နေပြီဗျာနော်. . တကယ်အံ့ဩဖို့ကောင်းတယ်. . ကိုဘုန်းနဲ့ သွား

www.burmeseclassic.com



ပြီးမှ သူ့ပိုအောင်မြင်လာတာ. . ကံစပ်တယ်ထင်တယ်"

"ကိုဘုန်းရဲ့ 'ဘုန်း' ဆိုတဲ့ နာမည်နဲ့ လိုက်သွားပြီး မိန်းမရပြီးမှ. . ဘုန်းကံပိုမြင့်လာတယ်ဗျ. . ဦးဘုန်းတေဇော် ဆိုပြီး လူသိပိုများလာတယ်. ."

"ဇနီးအလိမ္မာပဲဗျ. . ကိုဘုန်းအကြောင်းအမြဲထည့် ပြောတယ်. . အိမ်က ညီမတွေဆို ကိုဘုန်းဓါတ်ပုံမြင်ပြီး မလေ ဘာတီကံကောင်းတယ်လို့ အားကျနေကြတယ်. . ရုပ်ကလဲ ဖြောင့်. . Ultra ကလဲ. . မြန်မာပြည်မှာအကောင်းဆုံး ဖျော် ရည်ဖြစ်နေတဲ့ လုပ်ငန်းကြီးရဲ့ ပိုင်ရှင်ကိုး. . အရင်က ခင် ဗျားဘာသာ အေးအေးဆေးဆေးနေနေတာ. . အခုတော့ ခင်ဗျားဇနီးက အတင်းဆွဲခေါ်လိုက်တော့. . Ultra ရဲ့ ပိုင် ရှင်ဟာ ဒေါ်လေဘာတီ့ယောက်ျားပါလားဆိုပြီး အံ့သြကုန် ကြတယ်"

ကိုယ်က ဒါဟာ. . ဂုဏ်ယူနေစရာလား. . လို့ မချိ တရိတွေးကာ ဘေးလူတွေမရိပ်မိအောင် ထိုအတွေးကို ကြိတ်



မှိတ်မြိုချနေခဲ့ရသည်။

ဘယ်လောက် စိတ်ပျက်စရာလဲ၊ ကိုယ့်ဇနီးသည် ကြောင့်ပဲကိုယ်ဟာ. . လူသိများလာခဲ့ရသတဲ့. .

ပြောပုံဆိုပုံတွေကို. . တယ်. . မကျေနပ်လှ လေဘာ တီကြောင့်ပဲ ဘုန်းတေဇောဖြစ်လာခဲ့ပြီလား. . ဒီ အတွေးကို မတွေးလိုပါပဲ. . မတွေးချင်ပါပဲ ခုနောက်ပိုင်း မကြာခဏ ခေါင်းထဲထည့်ကာ ခံစားနေခဲ့ရသည်။

"သြော်. . ဦးဘုန်းတေဇောလား. .

ပန်းအလှပြင်ဒီဇိုင်းပညာရှင် မလေဘာတီရဲ့ အမျိုး သားနော်. . နာမည်ကြားဖူးနေတာကြာပြီ. . အခုမှပဲ လူတွေ့ ဖူးတော့တယ်. . ဓါတ်ပုံတော့ တစ်ချို့တစ်လေတွေ့ဖူးပါ တယ်"

ဝတ်စုံတစ်ဦးရဲ့ မိတ်ဆက်အပေးခံရတိုင်း ဤသို့ နှုတ် ဆက်အသိအမှတ်ပြုခံရလျှင် ရင်ထဲမှာ ဆူးချွန်တစ်ခုနဲ့ ဆွ လိုက်သလို နာသွားပေါင်းလဲ မကြာခဏတည်း။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုယ်ဟာ Ultra ဆိုတဲ့ ဖျော်ရည် လုပ်ငန်းကြီး တစ်ခုလုံးကို ဦးစီးလုပ်ကိုင်အောင်မြင်နေခဲ့တာ ဆယ်နှစ်နီးပါးရှိပြီ။ အဲဒီ့အတွက် ကိုယ့်ကိုလူသိမများပဲ ပန်းလေးက ကောက်ကာငင်ကာ ပန်းအလှပြင် ပညာရှင်. . နာမည်ကျော်တစ်ယောက်ဖြစ်သွားမှ ကိုယ့်ကို. . လူသိများလာသလား. . ဟူ၍ တွေဝေနေခဲ့ပေါင်းလဲ မနည်းတော့ပြီ။

"အစ်ကိုကြီးတို့များနော်. . သူမိန်းမဘာတွေလုပ်နေလဲဆိုတာ. . အသိတောင်မပေးဘူး. . ကြိတ်ကြံစည်နေတာ. . ဟိုလက (-) မဂ္ဂဇင်းထဲမှာ အစ်ကိုကြီးတို့ လက်ထပ်တုန်းက ပုံပါတော့မှ. . ဟဲ့တယ်ဟုတ်ပါလားလို့ ပြောကုန်ကြတယ်. . အမျိုးတွေကဆို သဘောတွေကျလို့. . သိလား။ နောက်ပိုင်း မဂ္ဂဇင်းတွေမှာတော့ အစ်ကိုကြီးပုံမပါရတော့လို့တောင် စိတ်ဆိုးကြသေးတယ်. .

ဩော်. . ဟိုတလောက ဖက်ရှင်ဒီဇိုင်းနဲ့ ဆိုင်တဲ့ မဂ္ဂဇင်းထဲမှာတော့ ဧည့်ခန်းမှာ အတူတူထိုင်ပြီး လက်ခံစကား



ပြောတဲ့ ပုံတော့ ခပ်ဝါးဝါးပါတယ်နော်. .

နောက်ဆို. . လေဘာတီက အစ်ကိုကြီးနာမည်ကို ထည့်ပြောတာပဲ. . ဓါတ်ပုံပါသုံးမယ်ဆိုရင်. . ထည့်သုံးပေါ့ ပိုကောင်းတယ်. . "

"မဂ္ဂဇင်းထဲမှာ. . ဂျာနယ်တွေထဲမှာ. . ကိုယ့်ဓါတ် ပုံပါရတာဟာ. . အင်မတန်မှ ကြီးကျယ်ခမ်းနားနေသလား. . ယွန်း ငါနားမလည်လို့ သိချင်နေတယ်"

"ဟဲ့. . ဘာလဲ. . အစ်ကိုကြီးက ဒါကို မကြိုက်ဘူးလား. . "

"မကြိုက်ဘူး"

ယွန်းက. . ပါးစပ်အဟောင်းသားဖြစ်ကာ. . ခေါင်းကုတ်သွားတော့၏. .

"မကြိုက်လို့. . ငါတို့ဓါတ်ပုံတောင်းရင် မပေးနဲ့လို့ လေဘာတို့ကို မှာထားတယ်. . ဒါကြောင့် သူမထည့်တော့တာ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးနော်. . ဖြစ်နေလိုက်တာ. . အစ်ကိုကြီးဟာ. . လေဘာတို့ယောက်ျားဖြစ်နေလို့ရယ် မဟုတ်ပါဘူး လူတိုင်းစိတ်ဝင်စားနေတဲ့ Ultra ရဲ့ ပိုင်ရှင်ကြီးမှန်းသိပြီး. . သိပ်လိုက်ဖက်ညီတဲ့ စုံတွဲဖြစ်နေလို့. . ဓါတ်ပုံယူသုံးကြတာပဲ အဲဒါ. . မကြိုက်စရာလား. . အစ်ကိုကြီးက သာမာန်ယောက်ျားဖြစ်နေရင် ဘယ်သူက အရေးတယူအံ့ဩနေမလဲ လေဘာတို့ယောက်ျားဟာ နာမည်ကြီးလုပ်ငန်းရှင်ကြီးဆိုပြီး လူတိုင်းငေးမောစရာသတင်းဖြစ်တာ အဆန်းလား. . ဖြစ်ရလေနော်. . ငါတို့အစ်ကိုကြီးဟာ ကြံဖန်မကြိုက်ရလေတယ်"

ညီတော်မောင် ကို အဖေါ်ညှိနေသော ညီမဖြစ်သူကို မျက်မှောင်ကြီးကုပ်ကြည့်နေခဲ့သည်။ ဘယ့်နှယ့် ကိုယ်တိုင်လဲ. . ဆေးပညာဘွဲ့လွန်တွေဆက်တက်နေတဲ့. . ဆရာဝန်မရင့်မကြီးဖြစ်နေပြီ. . ဒီလို ကလေးကလား အတွေးအခေါ် တွေနဲ့. . မဟုတ်မဟတ်လူသိများခံရတာကို ဂုဏ်ယူချင်တုန်းပဲ. .



"မိန်းမတွေများ. . အတူတူပဲနော်. . ယွန်း။ နင်လဲ လေဘာတို့လိုပဲ. . ကိုယ့်ကိုလူသိများခံရတာ အောင်မြင်ရတာကို. . တပ်မက်ကြတာ. . အတူတူပဲ. ."

"လေဘာတီက. . အဲဒီလို ဖြစ်နေလို့လား"

ညီတော်မောင်က အံ့ဩသလို ဝင်မေးလေသည်

"ငါ့အထင်တော့. . သိပ်အောင်မြင်ကျော်ကြားချင်နေတာကွ. . မင်းသမီးလုပ်ပါလား မြှောက်ပေးတဲ့ စာနယ်ဇင်းသမား သဲရှိသေးတယ်. . သူက မလုပ်ချင်ပေလို့ လုပ်များ လုပ်ချင်ရင်း ချက်ချင်းပဲ. . မင်းသမီးတင်ရိုက်တော့ မတတ် ပင့်တဲ့လူကလဲ ပင့်တယ်ကွ"

"မရီးလေးက . . ဘယ်လိုစိတ်ကူးတွေနဲ့ ဒါတွေ လျှောက်လုပ်နေတာလဲ မသိဘူး. ."

"ငါလဲ တွေးမရဘူးကွာ. . အပျိုဘဝတုန်းက အေးအေးဆေးဆေးနေခဲ့ပြီး အခုကျမှ ဘာဖြစ်တယ်မသိပါဘူး ယွန်းက . . လေဘာတို့ဘက်မှ မခံချင်သူအဖြစ်ရပ်တည်

www.burmeseclassic.com



"ညီမလေးက. . ဖေါက်ပြန်တဲ့ စိတ်နဲ့လုပ်တာ မဟုတ်ပါဘူး. အစ်ကိုကြီးရယ်. .

သူ. . ကျွမ်းကျင်တဲ့ ပညာက. . ကံတက်လာပြီး အောင်မြင်သွားတော့. . လူဆိုတာ ဘယ်သူမဆိုအောင်မြင်မှုကို လိုလားကြသူတွေပဲပဲ. . သူလဲ လိုလားတာပါ. . ပြီးတော့ အစ်ကိုကြီးထက်လဲငယ်သေးတော့. . လူငယ်လေးတစ်ယောက်နဲ့စိတ်ပဲ ရှိဦးမှာပေါ့"

"ငါလဲသိပါတယ်. . လေဘာတီက အရင်တုန်းကနဲ့ မတူပဲ. . ဂုဏ်မက်လာတာ. . မာနတွေကြီးလာတာ. . သူများထက်ပိုသာချင်လာတာတွေကို အံ့ဩနေတာပါ. .

ဘယ်သူများမြှောက်ပေးလိုက်လဲ မသိပါဘူး အခုတော့. . တားမရတော့ဘူး. . နေ့တိုင်းအိမ်မှာ အခမ်းအနားပေါင်းစုံအတွက် ပန်းအိုးတွေပန်းတွေနဲ့ နပန်းလုံးနေပြီ"

ကိုယ်က. . အတိတ်ကို နှမြောသလို အသံဖြင့် ဝန်





ခံပြောဆိုမိပါသည်။ သူ. . ချစ်မြတ်နိုးသော ပန်းပွင့်ကလေးက သူ့ထက်. . အလုပ်ကိုဦးစားပေးနေခြင်းဟာ သူ့အတွက်တော့. . ကြေကွဲချင်စရာ. . ။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၄)

ကောသာအပေ ..........

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

"ဟော့ကောင်ကြီး. . ဟား. . မတွေ့တာတောင် အတော်ကြာလှပြီကွာ. . ဘယ်လိုလဲမင်းရဲ့ဇနီးရော. ."

"ဒီမှာလေကွာ. . နောက်မှာရပ်နေလို့ မင်းမတွေ့တာ. ."

"ကလေးမရကြသေးဘူးလားကွ . . ဟဲ. . ဟဲ ငါတော့နှစ်ယောက်တောင် ရှိနေပြီ . . မပြည့်စုံသေးဘူးထင်လို့ နောက်တစ်ယောက်ထပ်ယူဖို့တောင် ရှိသေးတယ်. . ကလေးတွေရှိမှ ပိုပြီး ပြည့်စုံတာကွ. . နှစ်ယောက်တည်းဘာမှ မပြည့်စုံဘူး. ."





လေဘာဘတ်က ကိုကို့မိတ်ဆွေကို. . စိတ်တိုသွားကာ ပြုံးတောင် မပြုချင်. . ကိုကို. . မေ့နေတာမေ့ပါစေလား အစဖော်ရသတဲ့. .

"ယူမှာပါကွာ. . မရသေးလို့ပေါ့"

"မင်း. . .အသက်လေးဆယ်မှ ကလေးရရင် . . မင်း အသက်ငါးဆယ်မှ မင်းကလေးက ဆယ်နှစ်တောင် မရှိနိုင်သေးဘူး. . အဘိုးအခေါ် ခံနေရဦးမယ်. . ကိုဘုန်းရ. ."

"ဟော့ကောင်. . မင်းစောင့်နေပါ. . နောက်နှစ်ဒီလို အချိန်ကျရင်. . ငါ့သားကို မင်းဆီလာပြမယ်ကွ. ."

"အေးပါကွာ. . ကဲ. သွားပြီး ဘုန်းရေ. . ဟိုမှာ ငါ့မိန်းမ. . ဆံပင်ပြင်လို့ ပြီးပြီထင်တယ်. . ဆိုင်ထဲက ထွက်လာပြီ. . နောက်မှ အေးအေးဆေးဆေးတွေ့ကြဦးမယ်. . သြော်. . မေ့လို့ ဟော့ကောင် မင်းလဲ နာမည့်ကိုကြိုးနေတောင်ကွ. .

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂဇင်းမှာ မင်းဓါတ်ပုံတွေလိုက်တယ်"

ကိုကို့မျက်နှာမှာ ခုနကနဲ့တူစွာ မှုန်သုန်သွားလျှင် လောဘတိက ထိုသူ့ကိုပို ဒေါသဖြစ်ရပြန်သည်။

ကိုကိုမေ့နေတဲ့ ကလေးကိစ္စကို . . အစဖေါ်တာ တစ်ခါ. . ကိုကိုမကြိုက်တဲ့ အဲဒီမင်္ဂဇင်းထဲက ဓါတ်ပုံကိစ္စကြီး ကို ဖေါ်တာတစ်ခါ တွေကြောင့် လောဘတိမှာ ထိုသူ့နောက် ကျောကို မျက်စောင်းကြီးထိုးပစ်မိတော့သည်။

ဘယ်သွားသွား. . သူမ, လက်ကို ဆွဲခေါ်သွားတတ် လေ့ရှိသော သူမ, ကသာ လက်တွဲဖို့ မေ့ချင်မေ့မည်. . ကိုကို ကဘယ်တော့မှ မေ့လေ့မရှိသော အလေ့အထပင် ပျက်သွား တာ ကိုကိုက ကားရှိရာ ဆီရှေ့က ခပ်သွက်သွက် လျှောက် နှင့်တာမြင်လျှင်. . ခုနက လူကို ပိုဒေါသထွက်လို့ မဆုံး။

ဒီကြားထဲ. . ဗိုလ်ချုပ်ဈေးလိုနေရာမျိုးမှာ ကိုယ့်ကို သိနင့်နေသူတွေကလဲ တွေ့ရတာမို့ ပြုံးပြသူတွေကို ပြန်လည် ပြုံးပြနေရပြန်သေးသည်မှာ စိတ်တောင်ကျဉ်းကျပ်သေးရဲ့။



ကိုကိုက သူမအတွက် ကားတံခါးကို ဆွဲဖွင့်ပေးပြီး အထိ တစ်စုံတစ်ခုအတွက် လေးလေးနက်နက်တွေးနေဆဲ။

မည်သည့်စကားတစ်ခွန်းမှပင် မဆို. . ဈေးထဲက ထွက် လာတော့ သူမ, အောင့်မနေနိုင်တော့. .

"ကိုကို"

ဟု စခေါ်လျှင်. .

"မေမေတို့ဆီဝင်မယ်မဟုတ်လား. .

ကိုကိုသတိရပါတယ်. ."

"မဟုတ်ဘူး. . မေမေနဲ့အဘွားဆီဝင်မှာကို သတိ ပေးမလို့ မဟုတ်ဘူး. ."

"ဒါဖြင့်. . ဘာလဲ"

"ကိုကို. . ဘာဖြစ်နေတာလဲ. . သိချင်လို့"

ကိုကိုက အသံတိတ်လျှက် ရှိနေပြန်သည်။

"ကိုကို. . မေးနေတယ်လေ. . ဖြေ"

"ကိုကို့ကို ဆို အမြဲအနိုင်ကျင့်တယ်နော်. . ကိုကို

www.burmeseclassic.com

www.burmeseclassic.com



မဖြေချင်တာပဲ. . အတင်းဖြေခိုင်းတယ်ကိုကိုကျတော့ ပန်းလေး မပြောချင်တာဆို အလိုက်တသိနဲ့ ဘယ်တော့မှ အတင်း မမေးခဲ့တာပန်းလေး ရိပ်မိရဲ့လား. ."

"ကိုကိုကဘာဖြစ်နေရတာလဲ. . ဟင်း ကိုကိုသိတဲ့ အတိုင်းပဲ. . ပန်းလေးက ကိုယ့်ဘေးက လူတစ်ယောက် မျက်နှာမကောင်းတာမြင်ရင်. . နေလို့မတတ်တာသိသားနဲ့ ဒါကြောင့် တဖွဖွ မရမက မေးတာပေါ့. ."

ကားက မီးပွိုင့်မှာရပ်နေရာ. . ကိုကိုက သူမ၏ ရန် တွေ့သလို ဖြေရှင်းသံအား. . ရယ်မောလိုက်ရင်း ပုခုံးကို တစ်ချက်မျှ ဖွဖွဖက်လိုက်ပြီးမှ. .

"ကိုကိုတို့ ဘာလို့ ကလေးမရသေးတာလဲ သိချင် သွားတာ. . ပန်းလေးရော မသိချင်ဘူးလား. . တစ်နှစ် တောင်ရှိပြီကွ. . ကလေးရသင့်နေပြီလို့. . ကိုကိုတွေးမိနေ တာကြာပြီ. . ဟိုကောင်ပြောတော့မှ ပိုပြီးကလေးလိုချင်လာ တယ်. ."





လေဘာတီက ထင်တဲ့အတိုင်းပဲဟု စိတ်ထဲမှ ရေရွတ် မိကာ. . ဒီကိစ္စကို ဘယ်လိုဖြေရှင်းပေးရမလဲဆိုတာ. . လှည့် ပတ်စဉ်းစားနေရတော့သည်။

"ဆရာဝန် ဘာတွေနဲ့ တိုင်ပင်ကြည့်ရင် ကောင်းမယ် နော်. . ဘယ်သူ့ချွတ်ယွင်းနေသလဲဆိုတာ. . သိချင်တယ်.

"ကိုကို"

"ဟင်. . ဘာလဲ ပန်းလေး, ပြောလေ"

"ဆရာဝန်ပြစရာမလိုပါဘူး. . ဘာလို့ကလေးမရ သေးလဲဆိုတာ ပန်းလေးသိတယ်. . ကိုကိုလဲသိနေလိမ့်မယ် ထင်လို့ မပြောပြခဲ့တာ. ."

"ဘာလဲကွာ. . ကိုကိုက ဘာသိရမှာလဲ"

ကိုယ်က. . တစ်ခုခုပဲလို့ သတိရလိုက်စဉ်မှာ. . စူး စမ်းသလို လှည့်ကြည့်လိုက်ပြီးနောက်. .

"ဆေးတွေ. . ဘာတွေများသုံးပြီးတားထားလို့လား ကြည့်စမ်း. . ကိုကိုဘာလို့ ဒါကို မတွေးမိတာလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းလေးက. . အိမ်ထောင်ကျပြီး ချက်ချင်းကြီး ကလေးမလိုချင်လို့ပါ. . ကိုကိုက ဘာမှလဲ မပြောမှ မပြောတာ. ."

"ဩော်. . ကိုကိုလိုချင်မှန်းသိရင်တော့. . ယူဖို့ စဉ်းစားတယ်ပေါ့. . ဒီလိုလား. . ကဲ. . ဒါဆိုလဲ ဆေးတွေ ဖြတ်လိုက်တော့ကွာ. .

ကိုကိုက တို့ကလေးယူကြရအောင်. . နှစ်ယောက်သုံးယောက်လောက်ယူမယ်. . ကလေးတွေလဲ အဖော်ရအောင် များများယူမှ. . ကိုကိုတို့ မောင်နှမတွေလိုမျိုးပေါ့" ယူလို့ မဖြစ်သေးဘူး. . ကိုကိုလို့သူမ မပြောရဲသေးပါ. . ခုလောလောဆယ်. . အင်းမလှုပ်အဲမလုပ်နေတာပဲကောင်းမည်. .။

ရည်ရွယ်ချက်တွေက ပြည့်ခါနီးနေပြီ။ ပြင်ဆင်သင့်တာတွေလဲ ပြင်ဆင်ပြီးနေပြီ။ ဒီ, ကလေးကိစ္စအတွက်နှောင့်နှေးမနေချင်။ ကလေးက ဘယ်အချိန်ယူယူ. .





ကိုယ်က. . အချိန်ရတုန်း. . ကိုယ်လုပ်ချင်တာတွေအရင်လုပ်နိုင်မှ. . လို့ ကြိတ်ကြံစည်နေတာ. . ကိုကို မသိရှာသေးပါ။

"ကိုကိုပဲ အရင်ဆုံးအိမ်ထောင်ကျပြီး ခုထိကလေးမရသေးတော့ ကိုကိုအမေတွေအဖေတွေကတောင် မေးနေသေးတယ်"

ကြည့်စမ်းပါဦး. . သူမက တမင်အမွေခံထားတာအစဖေါ်တဲ့လူတွေက. . ဖေါ်လို့ကောင်းနေသတဲ့။ ဘာလို့များ ဒီလောက်တောင် ကလေးလိုချင်ကြရသလဲနော်. . သူတို့တွေ မမွေးရတိုင်း. .

လေဘာတီက သူမ၏ ရည်ရွယ်ချက်များအတွက် စိုးရိမ်ပူပန်စွာ ငြိမ်နေလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ အိမ်ရောက်တော့ . . ဝရန်တာမှာ ဟို မျှော်ဒီမျှော်လုပ်ကာ . . ရပ်နေသော ဘွားအေကြီးကို တွေ့ရပါသည်။

"အဘွားထွက်မျှော်နေတယ် . . ကိုကို"

"ကိုကိုပြောသားပဲ . . ကြိုဖုန်းမဆက်ထားပါနဲ့ဆိုတာ လူကြီးတွေက ပြောထားရင် စိတ်စောကစောပါဘိနဲ့ . . ပန်းလေး . . လှေကားကို ဖြည်းဖြည်းတက်ခြေချော်ကျမယ်"

လေဘာတီက . . နားမထောင်ချေ။ ကလေးတစ်ယောက်လို . . ခပ်သွက်သွက်ပြေးတက်နှင့်လေသည်။ ကိုယ်က သူမကိုမှီအောင် လိုက်မတက်နိုင်ပဲ . . ခပ်မှန်မှန်သား





နောက်က အေးအေးဆေးဆေးတက်လိုက်လာတော့သည်။

"ဘွား . . တီ့ လာပြီ . ."

"အံမယ်လေး . . ကျုပ်မြေး . . ကြည့်စမ်း အိမ်ထဲမှာ ပဲအောင်းပြီး အလုပ်တွေနင်းကန်လုပ်နေသလား . . အသားတွေဖြူဝင်းနေတယ်"

"မေမေရော"

"နောက်ဖေးမှာ သမီးလာမယ်ဆိုလို့ ကြာဆံချက် ချက်နေလေရဲ့ . ."

"ကြာဆံချက်လား . . စားမယ် . . ဟဲဟဲ . ."

ကိုကိုက အဘွားရဲ့ ပုခုံးတွေကို ချစ်စနိုးပွေ့ဖက်ရင်း

"အဘွားမြေးက အဲ ့ တက်နေပြီဗျ . . ကျွန်တော်နဲ့ စကော့ဈေးထဲမှာ . . အုန်းနို့ကျောက်ကျောသောက်လာသေးတယ်"

"နှစ်ယောက်စာများစားနေပြီလား မောင်ဘုန်း"

"မသိဘူး . . အဘွားမြေးကို မေးကြည့်လေဗျာ . ."



www.burmeseclassic.com

www.burmeseclassic.com



လေဘာတီမှာ ဒီနေ့မှပဲ ဒီကိစ္စကို လူတွေဘာလို့ တိုက်တိုက်ဆိုင်ဆိုင် သတိရနေကြသလဲဟု စိတ်တိုသွားကာ ကျောခိုင်းပစ်လိုက်သည်။ အစားပုတ်တာနဲ့ပဲ ဘာလို့နှစ်ယောက်စာစားတာဖြစ်စရာလဲ.. အဓိပ္ပါယ်မရှိတာ..။

လေဘာတီက မေ့ချင်ဟန်ဆောင်ကာ ထမင်းစားပွဲမှာ မေးထောက်ဝင်ထိုင်သော်လည်း..ဒီနေ့မှ လေဘာတီ့ဘက်က ကံကြမ္မာဟာဆိုးကိုဆိုးနေခဲ့မှန်း သိလိုက်ရတော့သည်။

နားစွန်နားဖျားကြားသွားသော မေမေက..

"ဟဲ့..ဘာလဲ သမီးတို့လာတာ..

အဲဒီကိစ္စ ကြားဖို့လာသလားဟေ..

မြန်မြန်ပြောကြပါဦး..မေမေသိချင်တယ်.."

တရစပ်မေးခွန်းထုတ်ခြင်းကို ရင်ဆိုင်လိုက်ရချိန်တွင် လေဘာတီမှာ စိတ်ညစ်လွန်း၍ ဘာစကားမှပင် ပြောချင်စိတ်မရှိတော့ပါတဲ့..





"ဟဲ့..သား မောင်ဘုန်း.. ပြောလေ.. နှစ်ယောက်သားငြိမ်နေလိုက်ကြတာ..မေမေမေးတာ.. အဲဒီအကြောင်းပြောဖို့လာသလားလို့.."

"အေးလေ..အဘွားကိုပဲပြောချင်သလိုလို.. မပြောချင်သလိုလိုနဲ့ ဒီကောင်မလေးဟာ အချိုးကိုက ခုထိ လူကြီးပုံစံမဝင်သေးဘူး.."

"မိန်းမက မပြောပဲ.. ယောကျ်ားလုပ်တဲ့လူက ပြောမှပေါ့ သား မင်းပဲ ပြောလေ.."

ကိုကိုက..ရယ်သံသဲ့သဲ့ဖြင့်..

"မဟုတ်ပါဘူး..မေမေရယ်.."

ဟူ၍ တိုးတိုးလေး ဖြေပါသည်။

အဲဒီလို..ဖြေရတဲ့အတွက် ကိုကို့အသံက..**စိတ်**မကောင်းဖြစ်နေသံများ ဖြစ်နေသလားလို့ လေဘာတီက **နဲ**နဲခြမ်းစိတ်ဖြာနေမိပြန်သည်။

"ဟဲ့..ဒါဖြင့် အဲဒီကလေးကိစ္စက ဘယ်လိုက ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လို ဘယ်သူ့စပြောဖြစ်သွားတာလဲ"

"မဟုတ်ပါဘူး. . သမီးရယ်. . ငါပါသားက သမီးလေးအစားပုတ်နေတယ် ပြောတာကို အယူအဆလွဲပြီး နှစ်ယောက်စာများစားနေသလားလို့ မေးမိရာက ညည်းလဲ နားစွန်နားဖျားကြားသွားပြီး ဆက်မေးတာပါ အေ. ."

"အံမယ်လေးနော်. . အဲဒါဆိုလဲ မအေမေးတာကို မဟုတ်ရင်မဟုတ်ဘူးဖြေပါလား. . လေဘာတီရယ် ညည်းက မှန်တေတေနဲ့ မေးတာလဲ မဖြေဘူး အဲ့ဒါလေးမေးတာ မှန်တေစရာလားရှိသင့်လို့ မေးတာ. ."

မေမေက. . ကြာဆံချက်တွ ခပ်ထည့်ပေးရင်း ဆက်ပြောနေပြန်သည်။

"တစ်နှစ်တောင်ကျော်ပြီ. . ဘာလို့ ကလေးမရသေးတာလဲ. . သမီးရဲ့. ."

"မသိဘူး. . သူ့ဘာသာမရတာ. ."

ကိုကို. . တိုင်မပြောနဲ့လို့. . မျက်လုံးကြီး ပြူးပြမျက်





စေ့မှိတ်ပြနေရသဖြင့်. . ကိုကိုက သူမကို လှမ်းကြည့်ကာ မသိမသာခေါင်းညိတ်ပြခဲ့ပါသည်။

"ဟုတ်ရဲ့လား. . မောင်ဘုန်းတို့ဘက်ကလဲ ကလေးများတယ်. . ငါတို့ဘက်မလဲ ကလေးများတယ်. . ဘယ်သူမှ မြုံနေတာမပါခဲ့ဖူးဘူး. ."

"နှစ်ယောက်စလုံး မြုံနေတာလဲဖြစ်မှာပေါ့. ."

"ဟဲ့. . အဓိပ္ပါယ်မရှိတာ. . ဘာလို့ မြုံရမှာလဲ"

ကိုကိုက. . လေဘာတီ့ကို အကဲခတ်သော မျက်လုံးတွေနဲ့ မလွတ်တမ်းငေးနေခဲ့ကာ. . ခပ်ငိုင်ငိုင်ဖြစ်နေရှာသည်။ လေဘာတီဘာကြောင့် မိခင်နဲ့ အဘွားကို ညာနေသလဲဆိုတာ ကိုကိုတွေးချင်တွေးနေမည်။

ဒါမှမဟုတ်. . လေဘာတီက ကလေးယူဖို့ ကိစ္စ အမေးခံရလျှင် ထူးထူးခြားခြား သုန်မှုန်နေတာအတွက် သတိထားမိပြီး ပဟေဠိဖြစ်နေတာလဲ ဖြစ်မည်။

ကလေးမယူချင်တာမဟုတ်ပါဘူးကိုကိုရယ်. .



www.burmeseclassic.com

www.burmeseclassic.com



မယူနိုင်သေးတာပါ. . လေဘာတီမှာ လုပ်စရာတွေ ရှိသေးတယ်. . အဲဒါတွေပြီးမှ ယူမှာပါ. . အလွန်ဆုံးစောင့်ရလှ . . နောက်ထပ် တစ်နှစ်ခွဲလောက်ပေါ့. . ကိုကို့အတွက် ကိုကိုလိုချင်တဲ့ ကလေးလေးတွေ လေဘာတီက လက်ဆောင်ပေးပါ့မယ်. . လေဘာတီသည် ကိုကို့မျက်လုံးတွေဆီ လှမ်းကြည့်လျက်. . ကတိတွေပေးနေခဲ့ပါသည်။

"အရွယ်ရှိတုန်း. . ကလေးယူထားတာ ကောင်းတယ်. . အသက်တွေကြီးမှ ယူလိုက်ရင်း. . အန္တရာယ်များတာပေါ့. . ပြီးတော့. . ကိုယ်က ဘာပူပန်စရာမှ ရှိတာမှ မဟုတ်တာ. . သူများတွေဆို စီးပွားရေး အဆင်မပြေလို့ စီမံကိန်းနဲ့ မယူပဲနေကြတာ. . မေမေတို့ကတော့ ကလေးရှိတာပိုသဘောကျတယ်. .

အိမ်ထောင်ပြုပြီးတဲ့ မိန်းမတစ်ယောက်အနေနဲ့ သဘာဝအတိုင်းဆို. . ကလေးရှိရမှာပေါ့. . ကလေးမရှိရင် ရောဂါတစ်ခုခုလားဘာလားဆိုပြီး စိတ်ပူဖို့ကောင်းတယ်. .





မေမေက. . သိပ်စိတ်ပူတတ်တာ. . မေမေ့သူငယ်ချင်း O.G ဆီမှာ အမြဲပဲ ရောဂါမျိုးစုံကြသ်ဖူးနေတော့. . ကြောက်တယ်ကွယ့်. . အခုလဲ သမီးက, ခုထိကလေးမရသေးတော့ ဘာရောဂါများရှိနေလဲဆိုပြီး. . တစ်နေ့တစ်နေ့ စိတ်ပူနေတာ. ."

"စိတ်မပူပါနဲ့ မေမေ. . ကျွန်တော်တို့နှစ်ယောက်စလုံး. . ဆရာဝန်နဲ့သွားတိုင်ပင်ကြည့်မှာပါ. . မကြာခင် သတင်းကောင်းကြားရမှာပါ. . ကျွန်တော်တို့နှစ်ယောက်စလုံး, အလုပ်တွေများနေတာပဲ ဖြစ်မယ်. . အလုပ်သိပ်များတဲ့. . စုံတွဲတွေကလဲ စိတ်ပင်ပန်းတာကြောင့် တခါတရံ ကလေးမရတတ်ကြဘူး. လို့တော့ ဆေးပညာမှာ တွေ့ဖူးသလိုပဲ"

"အေးအေး. . သား, ရယ်. . မေမေက. . သမီးလေးကို စိတ်ပူလို့ပါ. . မေမေက မြေးလဲလိုချင်လှပြီ အဲဒီ စိတ်လဲပါ တယ်. ."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကလဲ. . မသေခင် မြစ်ကလေးကို တွေ့သွားချင်တာပါအေ. ."

"ကျွန်တော့်ဖေဖေနဲ့ မေမေလဲ. . သားကြီးက မွေးတဲ့ကလေးမှ မြေးဦးဆိုပြီး လိုချင်နေတာပါပဲ. . ယွန်းရော ညီတော်မောင်ရော ခုထိ မစွံကြသေးဘူးလေ. . သူတို့ကလဲ တူတူမတွေ မျှော်လင့်နေကြပါတယ်. ."

"အေးကွဲ့. . မျှော်တဲ့လူတွေများနေပြီ. . ဒါဆို မကြာခင် ရမှာပါ. ."

လေဘာတီမှာ စိတ်ဓါတ်အကျကြီးကျကာ နေသည်။ အမေနဲ့ဘွားအေကို စိတ်ထဲမှ ရန်လုပ်နေရသဖြင့်. . စကားဝိုင်းထဲတွင်တောင် ဝင်မပါနိုင်။ ဝင်လဲမပါချင်. .။

"ကလေး" ကိစ္စကို တညီတညွတ်တည်း ပြောနေကြပြီဆိုကတည်းက လေဘာတီ့ဘက်က ရှုံးနိမ့်ဖို့တွေချည်းပဲ ဖုံသိကိုသိလာတော့တာဖြစ်သည်။

မေမေတို့ အိမ်ကပြန်တော့ . . ကားပေါ်မှာ ကိုကိုက





"ကဲ. . ပန်းလေးရေ. . ဒီနေ့တော့. . တိုက်တိုက်ဆိုင်ဆိုင်. . ကိုကိုတို့ရဲ့ ကလေးကိစ္စကို. . တမေးတည်းမေးတဲ့ လူများနေပြီနော်. . ကိုကိုတို့ကလေးယူသင့်ပြီးသိလား။ ပန်းလေး. . သုံးနေတဲ့ ဆေးတွေဆက်မသုံးနဲ့တော့နော်. . အိမ်ထောင်သက်လဲ တစ်နှစ်ကျော်ပြီ ကိုကိုလဲ ကလေးအရမ်းလိုချင်နေပြီ. . ကိုကို့ဆန္ဒကို ဖြည့်ပေးတော့ကွာ. . ဟင်းလိမ္မာတယ်မဟုတ်လား. . ကိုကို့ပန်းလေးက ကိုကို့ကို ချစ်ရင်. . ကိုကို့စကားနားထောင်မယ် မဟုတ်လား. ."

ကိုကိုက. . ချော့ချော့မော့မော့ ခယစွာပြောလျှင် လေဘာတီမှာ. . ကြံရာမရဖြစ်ရပြီ. .

နဖူးကို ဖွဖွဖိနမ်းလိုက်ပြီး. . လေဘာတီ့ကို ကတိတွေတောင်းနေသော ကိုကို့ကို မညာချင်ပဲ ညာရတော့သည်။

"ကိုကို့သဘောပါ. ."

"သိပ်လိမ္မာတဲ့ ပန်းလေးပဲ ဒါကြောင့်. . ကိုကို



www.burmeseclassic.com

www.burmeseclassic.com



အရင်ချစ်ရတာ..."

လေဘာတီမှာ ရည်ရွယ်ချက်တွေပြည့်ခါနီးမှာ..ဒီကိစ္စကြီးဝင်လာသဖြင့် ကြံဖန်လိမ်ညာထားရသဖြင့် ကိုကို့ကို တော်တော်ပဲ အားနာကာ..လိပ်ပြာမသန့်တော့ သလိုဖြစ်လာခဲ့သည်။

* * *





(၁၃)

နောက်ပိုင်းရက်တွေမှာ..ကိုကိုနဲ့သူမတို့ကြားမှာ နေ့တိုင်းဆွေးနွေးစရာတစ်ခုပိုလာခဲ့တော့သည်။ အဲဒီ ဆွေးနွေးစရာမှာ..ကလေးကိစ္စကလွဲလို့ ဘာကိစ္စမှမဟုတ်။

တစ်နေ့..တစ်နေ့ ကိုကိုနဲ့ မျက်နှာချင်းမဆိုင်လိုက်နှင့်.. မျက်နှာချင်းဆိုင်မိတာနဲ့၊ ဒီအကြောင်းကို ပြောချင်သည်ဖြစ်စေ၊ မပြောချင်သည်ဖြစ်စေ.. ကိုကိုကတော့ သူ့ရဲ့ အနာဂတ်စိတ်ကူးတွေကို..တဖွဖွပြောနေတတ်သည်။ လေဘာတီက..ခေါင်းညိတ်.. ခေါင်းခါကာ.. နားထောင်သမားဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပထမဦးဆုံးရတဲ့ကလေးကို သားပဲဖြစ်ချင်တယ်.. ကိုကိုလိုပေါ့ မိဘက အားကိုးရတဲ့ သားကြီးရချင်တယ်.." ဟု ကိုကိုက အားတက်သရောပြောတတ်ပါသည်။

"အကယ်၍ သမီးဖြစ်သွားလဲ ကောင်းတာပါပဲကွာ. သမီးကြီးတွေဆိုတော့.. မိဘကိုလဲ သိတတ်ကြတယ်.. မောင်တွေညီမတွေကိုလဲ အစ်မကြီးအဖြစ် ကောင်းကောင်း ထိန်းနိုင်မယ်..

အထူးသဖြင့်.. ပန်းလေးအတွက် ပိုကောင်းတာပေါ့.. မအေက အားထားရတဲ့ သမီးကြီးမျိုးရတာပေါ့.. သမီးတွေဟာ များသောအားဖြင့် မဆိုးကြပါဘူး.. လိမ္မာတာများတယ်.."

ဟူ၍လည်း.. ပြောနေတတ်ပြန်ပါရဲ့..

"သားတစ်ယောက် သမီးတစ်ယောက်ဆိုရင် မဆိုးပါဘူး.. ပြည့်စုံသွားပြီပေါ့.. အကယ်၍သားချည်းပဲ ဆက်တိုက်ရလို့ သမီးချည်းပဲ ဆက်တိုက်ရလို့ဆိုရင်တော့ ဆက်





ယူရမယ်.. သားတွေသမီးတွေ အစုံရှိမှ မြိုင်ဆိုင်တာကွ..

လေဘာတီမှာ စိတ်ဝင်တစား မဆွေးနွေးချင်ပေမဲ့ ကိုကို စိတ်ချမ်းသာအောင် တချို့တလေ ဝင်ဝင်ပြောရတာ စိတ်ကျဉ်းကြပ်လှသလို ခံစားရတာကြာပါပြီ..

"ငါးယောက်မြောက်မှ ကိုယ်လိုချင်တဲ့ သားဖြစ်ဖြစ် သမီးဖြစ်ဖြစ်ပေါ့ ပြည့်စုံသွားရင် ဘယ့်နှယ့်လုပ်မလဲ.."

"မွေးပေါ့.. ငါးယောက်လဲဘာဖြစ်လဲ.. ကိုကို ကျွေးသားနိုင်တယ်.. တစ်ကျိပ်လောက်မွေးထားလဲ ကျွေးနိုင်တယ်ကွ.. ဘာပူစရာရှိလဲ.."

"ဟင်း.. ကိုကိုကလဲ.. မိန်းမကို မညှာမတာ သူ.. မမွေးရတိုင်း.. ကလေးတွေအများကြီး လိုက်မွေးခိုင်းနေတယ်.."

"အလကားနောက်တာပါကွာ.. နှစ်ယောက်ဒါမှမဟုတ်.. သုံးယောက်ဆို တော်ပါပြီ.. ဘာကောင်ဖြစ်ဖြစ် ရရ.. ကလေးရှိနေရင်.. ကိုကိုကျေနပ်တယ်.. ပန်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ချစ်တာပဲ။ ပန်းလေးပင်ပန်းအောင် ကလေးတွေ အများကြီးမွေးပြီး အများကြီး မထိန်းကျောင်းနိုင်ပါဘူးကွာ”

ဟုတ်သည်. . မဟုတ်သည်ထား. . ကိုကိုက အဲဒီ ကလေးကိစ္စကို အတော်ကြီး ခေါင်းထဲထည့်ကာ နေ့စဉ်နဲ့ အမျှ တတွတ်တွတ် ပြောနေတတ်ပါသည်. . ။

တစ်နေကုန်သွားပြီးတိုင်း. .

“ပန်းလေး. . ကလေးမရှိသေးဘူးလား ယွန်း. . . ဝယ်လာပေးထားတဲ့. . ဟာလေးတွေနဲ့ စမ်းကြည့်ပြီးပြီလား”

လို့ . . အမြဲသတိတရမေးပါသည်။ ကိုကို့ညီမ ဆရာဝန်မကြီးက . . ကိုယ်ဝန်ရှိ. . မရှိ test ကို အလွယ်တကူ လုပ်လို့ရကြောင်း ပညာပေးရုံမက ဆီးထဲမှာ. . စမ်းလို့ရသည့် စက္ကူလေးတွေလဲ ဝယ်လာပေးသဖြင့်. . ကိုကိုမှာ သူ့အတွက် နေ့စဉ် မေးစရာဖြစ်နေတော့သည်။

“အဲဒီစက္ကူတံလေးတွေက. . ဟုတ်ရောဟုတ်လို့ လားကွာ. . ဆီးထဲမှာ ထည့်စမ်းလိုက်တာနဲ့ အရစ်ပေါ်လာ





တာကြည့်ပြီး ကလေးရှိ၊ မရှိ ဆုံးဖြတ်ပေးနိုင်တယ် ဆိုတာ ယုံလို့ရရဲ့လား. . ”

ဟုလည်း ညီမလုပ်သူကို မယုံသင်္ကာစွာ မေးနေပြန် သေး၏. .

“ဩော်. . အစ်ကိုကြီးဟာလေ. . ခုခေတ်မှာ နည်း စနစ်တွေက. . ခေတ်မီလာသလို ဆေးပညာတွေလဲ တိုးတက် လာပြီလေ. . အရင်ကလို ဆေးခန်းမှာ ဆရာစန်သွားပြမှ ဆီး စစ်မှ သိနိုင်တာမဟုတ်ဘူး. . ဒီစက္ကူလေးတွေက အဖြေ နဲ့တင် Confirm ဖြစ်နေပြီ. . အစ်ကိုကြီးကသာ ခေတ် နောက်ကျနေတာပါ. . တချို့မိန်းမတွေများဆို အံ့မယ်. . ဆေးခန်းကို အဲဒီစက္ကူတံတွေ ယူလာပြီး “ဆရာမ ကျွန်မ တော့ ကိုယ်ဝန်ရှိနေပြီ” တဲ့ ဆရာဝန်က စမ်းတောင်မစမ်း ရသေးဘူး သူ့ဘာသာ အဖြေရပြီးတော့ကို လာပြတာ. . တခါတလေ စိတ်လဲတိုရတယ်. . တခါတလေရယ်လဲရယ်ချင် တယ်. . ဆေးပညာနည်းစနစ်တွေ ဒီထက်တိုးတက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



လူတွေလဲ ဇဟုသုတပိုရှိလာရင်. . ငါတို့ ဆရာဝန်တွေ လူနာဘာရောဂါဖြစ်သလဲဆိုတာ ခေါင်းထဲထည့်ပြီး စဉ်းစားစရာမလို တော့ဘူး. . သူတို့ဘာသာ ရောဂါကို ရှာလာပြီး ငါတို့က ဆေးထိုင်ကုရုံပဲလို့တောင် အချင်းချင်းပြောရယ်နေကြရတယ်. . "

လေဘာဘတီကတော့ ယောင်းမဖြစ်သူ အိမ်လာလျှင်အင်မတန်မှ စိတ်ကျဉ်းကြပ်ရသည်။ ယွန်းက ဆရာဝန်မို့လေဘာဘတီ့ကို စမ်းသပ်လိုက်လျှင် သူမဘာကြောင့် ကလေးမရသေးသလဲဆိုတာ. . သိသွားမှာ စိုးရိမ်လေသည်။

အားလုံးကိုတော့. . ကလေးရဖို့ မျှော်လင့်နေတယ်လို့ ကြေညာထားပေမဲ့. . တကယ်တကယ်မှာ လေဘာဘတီကအဲဒီ့ကလေးလေး မလာသေးအောင် တားမြစ်ထားဆဲဆိုတာမည်သူ့ကိုမျှ အသိမခံဝံ့ချေ။

နှစ်ဘက်မိဘ၊ ဆွေမျိုး၊ ညီအစ်ကိုမောင်နှမတွေတင်မက. . ကိုယ့်ယောက်ျားကပါ. . လိုလားနေပါရက်. . သူမ.





က တိတ်တိတ်ခိုးလုပ်ထားရခြင်းမှာ အတော့်ကို အပြစ်ကြီးသလိုပင် ခံစားနေရတာအမှန်ပဲတည်း. ။

"ဆေးတွေလဲ ဖြတ်ထားပြီပြီကွာ. . ဘာလို့ ကလေးမရသေးတာလဲ. . မသိဘူး. . "

"ကိုကိုနော်. . ပန်းလေးဆေးသောက်တယ်ဆိုတာဘယ်သူ့ကိုမှ မပြောပါနဲ့လို့ မှာထားတာ. . အဲဒါပဲ ခဏခဏဖေါ်ကောင်လုပ်မနေနဲ့. . "

"အေးပါကွာ. . ကိုကိုက ပန်းလေးကိုပဲ တိတ်တိတ်မေးတာပါ. . ဘယ်သူမှ မပြောနဲ့ဆိုလို့ မပြောပါဘူး. . ဟင်းလုပ်တုန်းကလုပ်ပြီး. . ကိုကို့ကိုတောင် မတိုင်ပင်ပဲနဲ့ ကြည့်. . ခုကျတော့. . မေမေတွေသိမှာကြောက်. . ဟိုလူဆူမှာ ဒီလူဆူမှာကြောက်နဲ့. . "

"ကိုကိုကတော့ ပန်းလေးကို ဘာမှမဆူမှန်း သိထားပေမဲ့. . မေမေနဲ့အဘွားဆူမှာ ကြောက်တယ်. . ပြီးတော့ကိုကို့မိဘတွေ ရှိသေးတယ်. . သူတို့က မဆူပေမဲ့ ပန်းလေး



www.burmeseclassic.com

www.burmeseclassic.com



က အပြစ်ရှိသလို ခံစားပြီး မျက်နှာပူနေတော့မှာ ကိုကိုရဲ့.. ကိုကိုကိုပဲ.. အားကိုးရှိတာသိလား.."

"အေးပါ.. ညည်းပဲ အပြောကောင်းနေ.. ကိုကိုကတော့ ခလေးခုထိ မရသေးလို့ စိတ်ပူနေပြီ"

"ရမှာပေါ့.. ကိုကိုရဲ့ အဲဒီဆေးတွေ သောက်ပြီး ရပ်လိုက်ရင်.. ချက်ချင်းတော့ ကလေးမရတတ်ကြဘူးတဲ့ သုံးလေးငါးလလောက်ကြာမှ"

"ရမယ်လား.. အေး.. ရမယ်ဆိုရင်ပြီးတာပဲ.. ဩော်.. ဟိုနေ့ကတောင် ယွန်းလေ.. ဆေးတစ်မျိုးလာ ကြော်ငြာသေးတယ်.."

"ကိုကို့ညီမက.. O.G ဆက်တက်နေတယ်လို့ မပြောရဘူး.. သူများကလေးယူမဲ့ ကိစ္စများ သိပ်ကူညီပေးချင်တာပဲ နော်.."

လေဘာတီက.. ခပ်ငေါ့ငေါ့ပြောတာပေမဲ့.. ကိုကိုက ယောကျ်ားပီပီ.. ငေါ့လို့ ငေါ့မှန်းမသိ..





"အေးကွ... ထူးထူးဆန်းဆန်းဆေးကို O.G မမက လာပြတယ်.. အဲဒီဆေးသောက်ရင်.. ကလေးမရနိုင်တဲ့ သူတောင် ကလေးရသတဲ့.. ကလေးရနိုင်တဲ့ သူဆိုရင် အမွှာတွေတောင် မွေးသတဲ့.."

"ဟ.. ကိုကိုတလဲ.. ဘယ့်နှယ့်အမွှာကိစ္စတွေ.. ခေါင်းထဲထည့်ရပြန်တာလဲ.."

"မထည့်ပါဘူးကွာ.. သူပြောတော့.. စိတ်ဝင်စားသွားတာပါ.. အမွှာလေးတွေဆိုလဲ.. ချစ်စရာကောင်း အိမ်ပဲ.. ရုပ်အတူတူလေးတွေနဲ့.. ပန်းလေးလဲ တည်း လိုက်ရပြီး ကလေးနှစ်ယောက်သုံးယောက် ကြီး အစော ရတာ မပင်ပန်းဘူးပေါ့.." ခင်ဆုံး သူငယ်

"သုံးယောက်တောင်.. ရတတ်လာသွားတာလို့

"အဲဒီဆေးသောက်ရင်.. သုံးမွှာ

သွားတတ်တယ်တဲ့.. ယွန်းကပြောတယ်.. ရှင်မမှာသမှု

"ကိုကို့စကားတွေကလဲကွာ.. တနေ့ကိုခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပတ်သက်တာမပါခဲ့ရင် မပြည့်စုံသလိုဖြစ်နေပြီ အဲဒီခေါင်း စဉ်မပါရင် ပြောလို့ မရဘူးလားရှင်. ."

ကိုကိုက. . လေဘာတီစိတ်တိုတိုဖြင့် ဝေဖန်လျှင် သူကတော့. . စိတ်မဆိုးသည့်အပြင်. . ခပ်ပြုံးပြုံးလုပ်လျက်

"မရတော့ဘူးကွ. . ခုချိန်မှာ ပန်းလေးထက် ပန်း လေးကမွေးပေးမဲ့ကလေးကိုပဲ. . စိတ်ဝင်စားနေပြီ"

ဟူ၍ တမင်နောက်ပြောသလို ပြန်ပြောလိုက်သည့် ...

...တော့. . လေဘာတီမှာ ရင်ဘတ်ထဲမှာ အောင့်သွား ချော်. . ပူ့စိတ်မကောင်းဖြစ်ကာ. . ဒေါင်ဆင်သွားရစမြဲတည်း။ ကြော်ငြာသေး

"ကိုကို့"  * * *

မပြောရဘူး. . သူ့

ချင်တာပဲ နော်. ကိုကြီး. . မိန်းမ ကလေးမရသေးတာ. . အစ်

လေ...ရင်လဲ. . . ယွန်းဆီလာခိုင်းလိုက်လေ. .

က ယောကျ်ား ယောင်းမအရင်းကြီးမို့ သူရှက်ရင်လဲ . . ယွန်း





ရဲ့ဆရာမကြီးတွေဆီ လိုက်ပို့ပေးလိုက်မယ် အဲဒါ. . လေဘာ တီ့ကို ရအောင်ခေါ် သူက ဆေးခန်းပြဖို့ဆို သေမလောက် ကြောက်နေပုံပဲ. ."

ညီမဖြစ်သူ၏ အကြံပေးမှုကြောင့် ကိုယ်က ဒီနေ့ တော့. . အိမ်ကို ခါတိုင်းထက်အစောကြီး ပြန်လာကာ. . ပန်းလေးကို ဆေးခန်းအတူတူသွားပြကြဖို့ မရမက ခေါ်မည် ဟု စိတ်ကူးလာခဲ့ပါသည်။

အိမ်ရောက်တော့. . ပန်းလေးက ရှိမနေချေ။ အိမ် ဖေါ်အမျိုးသမီးကြီးနဲ့ကောင်မလေးသာ ရှိနေပါသည်။

"အစ်မ. . ကမှာသွားတယ်. . အစ်ကိုကြီး အစော ကြီး ပြန်ရောက်ရင်တဲ့ ပြောလိုက်တဲ့ သူ. . အခုင်ဆုံး သူငယ် ချင်းနဲ့ လုပ်ထားတဲ့ အလုပ်ကိစ္စရှိလို့ အပြင်ခဏသွားတာလို့ ပြောထားပါတဲ့ စိတ်မပူပါနဲ့တဲ့. ."

"တဲ့" တွေ အများကြီးသုံးကာ. . အိမ်ရှင်မမှာသမျှ ပြန်အသိပေးနေသော ကောင်မလေး၏ စကားကို ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြလျှက် .. ကိုယ်က ခပ်အေးအေးပင် အနားယူနေလိုက်ပါသည်။

ရေချိုးသန့်စင်ပြီးတော့.. အိပ်ရာပေါ်မှာ ကျော့ဆန့်လှဲရင်.. ပန်းလေးဘယ်သူငယ်ချင်းဆီသွားတာ ဖြစ်မလဲလို့ တွေးကြည့်နေသည်။ ခါတိုင်းတခါတရံတွေမှာ ကိုယ်အစောကြီးပြန်ရောက်သည့်အခါ ပန်းလေးက သူ့ရဲ့ပန်းအလှပြင်ခြင်းကိစ္စ၊ ပန်းအလှပြင်သရုပ်ပြပွဲကိစ္စ၊ ပန်းမှာယူသော ခြံတွေဆီ.. သွားကြည့်သည့်ကိစ္စ.. စသဖြင့် တခါတရံတွေမှာ အပြင်သွားနေတတ်ပါသည်။

ထို့အတွက်ကြောင့် ကိုယ်က.. ပန်းလေးအပြင်သွားနေတာကို ထူးပြီး စိတ်မပူပါ။ ပန်းလေး.. ပြန်လာရင်သာ ဒီညနေဆေးခန်းကို အပါခေါ်နိုင်ဖို့ကိုပဲ.. စိတ်ကူးနေမိပါသည်။

"ဟော.. ကိုကိုအိပ်နေလားဟင်"

မေးကာနဲ့ အိပ်ပျော်တော့မလို ဖြစ်သွားစဉ်.. ကိုယ့်





ပါးပြင်ဆီမှ ခပ်နွေးနွေးအထိ အတွေ့တစ်ခုနဲ့အတူ တပြိုင်နက်တည်း ကြားရသော ချစ်ဇနီး၏ နှုတ်ဆက်သံကြောင့် ပြန်နိုးသွားခဲ့ပါသည်။

ကိုယ့်ကိုငုံ့ကြည့်နေသော ပန်းလေးကို ပြုံးပြလျှက် အိပ်ရာမှ ထတော့..

"နေလေ.. ကိုကိုလှဲချင်ဆက်လှဲနေပါ.. ပန်းလေး လုပ်လိုက်လို့ ကိုကိုအိပ်နေတာ နိုးသွားပြီး ဆောရီး.. ဆောရီး.. ကိုကိုဘာစားပြီးပြီလဲ.."

"ဘာမှ မစားချင်လို့ မစားထားဘူးကွ.. ကိုကိုက ပန်းလေးကို စောင့်နေတာ.. သွားစရာရှိတယ်.. ကိုကိုနဲ့အတူတူ ပန်းလေးပါလိုက်ခဲ့ရမှာမို့.."

"အင်း.. အင်း.. ခဏလေးကိုကို... ပြီးမှ ဆက်ပြော.. ပန်းလေးအရမ်းအိုက်လာလို့ ရေအရမ်းချိုးပစ်ချင်နေတယ်.. ရေချိုးလိုက်ဦးမယ်နော်.. လူလဲလန်းသွားအောင်" "နေပူထဲသွားတာကိုး.. ကိုကို့ရဲ့ပန်းလေး နေပူမိပြီ



www.burmeseclassic.com

နှခံလိုက်ပြီ. . ဟားဟား. ."

"ဦးကဗျာဆန်ချင်ကြီး. . ပြောစရာစကားတွေရှိသေးရင်. . ခဏအောင့်ထားဦးနော်. . ပန်းလေးရေချိုးမလို့"

အိပ်ခန်းမှာ ရေချိုးခန်း၊ အိမ်သာပါတွဲရက်ပါသည်ဖြစ်ရာ. . ပန်းလေးက. . ရေချိုးခန်းတံခါးကိုဖွင့်ပြီး ဝင်သွားတော့သည်။

အထဲက ရေသံကိုနားစွင့်ရင်း. . ဆေးခန်းသွားမယ်မပြောပဲ လှည့်ပတ်ခေါ်ဖို့ စဉ်းစားထားတာ ကောင်းပါ့မလားလို့ အခါခါတွေးနေရသေး၏. .

ထိုစဉ်မှာ မျက်လုံးတွေက မှန်တင်ခုံအစွမ်းမှာတင်ထားသော ပန်းလေးရဲ့လက်ကိုင်အိတ်ဆီ ဘာရယ်မဟုတ်ရောက်သွားချိန်နဲ့ အကိုက်. . မှန်တင်ခုံအစွမ်းလေးမှာ တင်ထားသော လက်ကိုင်အိတ်ကလဲ. . လျှောအကျဖြစ်သွားပါသည်။

လက်ကိုင်အိတ်မှာ ဘုတ်ကနဲပြုတ်ကျကာ သူနဲ့





အတူအနီးအနားက နှုတ်ခမ်းနီထောင့်တွေပါ ရောနှောကျကုန်သဖြင့် ကိုယ်က အသာသွားကောက်လျှက် တစ်ခုချင်းပြန်တင်ထားလိုက်သည်။

ပန်းလေးရဲ့ လက်ကိုင်အိတ်မှ ပုတီးစေ့လေးတစ်ခုက ပြုတ်ကျသွားသဖြင့် ကိုယ်က လိုက်ကောက်ပြီး လက်ကိုင်အိတ်ထဲထည့်ပေးရန် ရည်ရွယ်လျှက် လက်ကိုင်အိတ်ဂျက်ကိုဖွင့်လိုက်လေသည်။

မိန်းမလက်ကိုင်အိတ်ကိုဖွင့်ခဲသော သူ့စည်းကမ်းကိုယ့်စည်းကမ်းသိတတ်သော ကိုယ်က ဒီပုတီးစေ့လေးထည့်ပေးရန်အတွက်သာ ရည်ရွယ်လျှက် . . လက်ကိုင်အိတ်ကို ဒါပထမဦးဆုံးအကြိမ် ဖွင့်လိုက်တာပဲဖြစ်ပါသည်။

အဲဒီအခါမှာ. . ကိုယ်လုံးဝမျှော်လင့်မထားခဲ့သောအရာကို တွေ့ခွင့်ရလိုက်တော့သည်။ ကိုယ့်မျက်လုံးတွေပင်မယုံနိုင်တော့သလို. . အံ့ဩလျှက် ငေးသွားခဲ့သည်။ ဒီရို့ဆေးကပ်တွေပန်းလေး သုံးနေသတဲ့လား. .

www.burmeseclassic.com



ညာရက်လိုက်တာ . . ကိုယ့်ရဲ့ယုံကြည်မှုအလိုက် သိတတ်မှုကို အလွဲသုံးစားလုပ်ရက်လိုက်တာ . . လေဘာတီရယ် . .

ကိုယ်သည် ဆေးကပ်တွေကို ဒေါသတကြီးလက်ထဲမှာ ဆုပ်ချေထားမိသည် . . ရေချိုးခန်းတံခါးပွင့်လာပြီးနောက် ကိုယ် . . ဆုံတွေ့လိုက်ရသော . . ပန်းလေးရဲ့ တုန်လှုပ်သွားသည့် မျက်ဝန်းအစုံကို စိုက်ကြည့်ရင်း . .

"မင်း . . ဘာကြောင့် ဒီလောက်ထိ ရက်ရက်စက်စက် ကိုကို့ကို လိမ်ညာထားခဲ့တာလဲ . ."

လို့ တစ်လုံးချင်းမေးလိုက်တော့သည် . .

လေဘာတီသည် ကိုကိုတွေ့သွားပြီ . . ကိုကို့ကို လိမ်ထားခဲ့တာ ကိုကိုသိသွားပြီဟူ၍ အစတော့ . . တုန်လှုပ်သွားခဲ့သေးသည်။

နောက်တော့ . . သိသွားမှ ဘာမှဖြေရှင်းစရာမရှိတော့ပါဘူး . . ဟူ၍ စိတ်ဒုံးဒုံးချလျှက် ကိုကို့ကို ရင်ဆိုင် လိုက်





လေသည်။

"ကိုကိုကရော . . ဘယ်တုန်းကမှ မိန်းမရဲ့ ကိုယ်ရေးကိုယ်တာကို လူကြီးလူကောင်းပီပီ မစွက်ဖက်ခဲ့ပါပဲ . . အခုမှ ဘာလို့ မိန်းမရဲ့လက်ကိုင်အိတ်ကို မွှေနှောက်ရှာဖွေတဲ့အထိ ဖြစ်နေရတာလဲ . ."

"ပန်းလေး"

ကိုကိုသည် မချိတင်ကဲ . . ဒေါသတွေဖြင့် အော်လိုက်ပြီးနောက် . . သူမ၏ ပုခုံးနှစ်ဘက်အား ဆွဲကိုင်လှုပ်ယမ်းပစ်လျှက် . .

"အဲဒါဟာ . . ရှေ့တန်းတင်စရာမဟုတ်ဘူးကွ . . ကိုယ်ပြောနေတာ . . ကိုယ်သိချင်နေတာက မင်းရဲ့ဆေးကပ်တွေကိစ္စကွ . .

ဘာလို့ . . ဒီလိုရက်စက်လိမ်ညာတဲ့ကိစ္စတွေ မင်းခေါင်းထဲရောက်သွားရတာလဲဟင် လေဘာတီ . . ဖြေစမ်းပါဦး . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်သလောက်.. ကိုယ်အလိုလိုက်ခဲ့သလောက်.. အလိုက်သိခဲ့ရသလောက် အလျှော့ပေးရသလောက်.. ကိုယ့်အပေါ်မင်း.. နည်းနည်းဖြစ်ဖြစ်.. တုံ့ပြန်မှုမရှိတာကို သိပ် အသည်းနာနေတယ်ကွ.. သိပ် စိတ်မကောင်းလဲဖြစ်တယ်.. မယုံနိုင်အောင်ပဲ.. ကိုယ့်အပေါ် ဘာအညှိုးနဲ့များ.. ဒီလိုညာနေခဲ့တာလဲ.. ကိုယ်.. ကိုယ်သိပ်မျှော်လင့်ခဲ့သမျှတွေကိုမင်းက.. ဒီကိစ္စနဲ့ ဖျက်ဆီးပစ်လိုက်သလိုပဲ"

"ကိုကိုရယ်.. ဘာတွေလျှောက်ပြောနေတာလဲ ပန်းလေးက.. ကလေးမယူချင်သေးလို့ တစ်ခုတည်းနဲ့ ကိုကို့ကိုညာခဲ့တာပါ.. ပန်းလေးမှာ လုပ်စရာကိစ္စတွေရှိနေသေးလို့ကလေးမယူနိုင်သေးတာနဲ့ ကိုကို့ကို ညာခဲ့တာပါ.. တခြားဘာစိတ်နဲ့မှ မဟုတ်ဘူး.."

"ဘာ.. ဘာလုပ်စရာရှိနေလို့လဲ.. မင်း၊ သိပ်လိုလားတဲ့ အောင်မြင်တဲ့ ပန်းပညာရှင်ဘဝလဲ့ရနေပြီ.. ဘာ





လုပ်စရာကျန်သေးလို့လဲကွ.. အဓိပ္ပါယ်မရှိတာ.. တောက်"

"အဓိပ္ပါယ်ရှိတာ လုပ်မလို့"

လေဘာတီသည် နောက်တစ်လလောက်အတွင်းသွားရဖို့ သေချာနေပြီဖြစ်ရာ.. ခုမှတော့ ကိုကို့ကို မပြောမဖြစ်ပြောရတော့မည်ဟု ဆုံးဖြတ်လိုက်တော့သည်။

"ခင်မဆိုတဲ့ အချစ်ဆုံး သူငယ်ချင်းက အခုပြင်သစ်မှာ ကျောင်းတက်နေရင်း အလုပ်လဲလုပ်နေတာ အခြေကျနေပြီ.. သူနဲ့တိုင်ပင်ထားပြီး.. သူ့ဆီမှာ ကျောင်းသွားတက်ဖို့ ပန်းလေးစီစဉ်ထားပြီးပြီ.. ကိုကို"

"ဘယ်လို.. ကျောင်း.. ဟုတ်လား.. ဘာကျောင်းလဲ.. နေစမ်းပါဦး.. မင်းကကျောင်းသွားတက်ရတဲ့အထိ ဘာပညာတွေ ဆက်သင်ဦးမလို့လဲ.."

"ပန်းအလှပြင်တဲ့ Decoration နဲ့ ပတ်သက်တဲ့ ပညာပေါ့.. ပန်းခြံတစ်ခုမှာ ဘယ်လိုပြင်ဆင်ရတယ်.. အိမ်ထဲမှာ ဘယ်လိုပန်းတွေစိုက်သင့်တယ်.. ဆိုတဲ့အမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



အခုပန်းလေးတတ်ထားတာထက်ပိုကျယ်ကျယ်ပြန့်ပြန့် သင်ချင်လို့ စီစဉ်တာပါ ခင်မ. . မနှစ်ကလာလည်တုန်းက. .

ပန်းလေးမှာလိုက်လို့. . သူ Sponsor တောင်ပို့ပြီးနေပြီ"

"နေစမ်းပါဦး. . ကိုယ်ပြောနေတာက. . ကိုယ့်ကို ဆေးကပ်တွေ မသုံးတော့ပါဘူးဆိုပြီး ညာခံထားရတဲ့ကိစ္စပါကွ. . ဘာလို့ မင်း၊ ပြင်သစ်ကိုသွားချင်တဲ့ကိစ္စကို ဆွဲထည့်ရလဲ. ."

"ဆွဲထည့်တာမဟုတ်ဘူး. . ကိုကို။ ဒီကိစ္စနဲ့ ပတ်သက်နေတဲ့ အကြောင်းပြောတာ. . ပန်းလေးနောက်လထဲမှာ ပြင်သစ်သွားရဖို့ အဆင်သင့်ဖြစ်နေပြီ ကိုကိုရဲ့. ."

ကိုယ်သည်. . ရပ်တည်နေသော ကမ္ဘာမြေကြီး တစ်ခုလုံးချာချာလည်သွားသလား ထင်မှတ်ရလောက်အောင် အံ့သြတုန်လှုပ်သွားရတော့သည်။

"လုပ်ရက်လိုက်တာ. . လုပ်ရက်လိုက်တာ. . လေ





ဘာတီရယ်။ မင်းကမင်းစိတ်ထင်တာတွေ ဘယ်သူ့ကိုမှ အသိမပေးပဲ လုပ်နေတာကြည့်စမ်း. မင်းမှာ လင်ယောကျ်ား ရှိတယ်. . သူ့ဆီမှာ ခွင့်တောင်းသင့်တယ်လို့ ဘာလို့ ခေါင်းထဲမှာ နည်းနည်းမှ ထည့် မစဉ်းစားပေးခဲ့နိုင်တာလဲ. .

ကိုယ့်ကိုမင်း. . ဂရုမစိုက်ခဲ့ဘူး. . သံယောဇဉ်လဲ မထားခဲ့ဘူး. . ကိုယ် သိတယ်. . မင်း"

" မဟုတ်ဘူးကိုကို. . ပန်းလေးကျောင်းတစ်နှစ်လောက်ပဲသွားတက်ပြီး ပြန်လာမှာပါ တစ်သက်လုံး ကိုကို့ဇနီးဘဝနဲ့ပဲ ရပ်တည်မှာပါ. . ကိုကို့ကို ကြိုပြောရင် ကိုကို ခွင့်မပြုမှာ စိုးလို့ အားလုံးပြီးစီးသွားမှ အသိပေးတာပါ. ."

"ကိုကိုက. . မင်းဘာလုပ်လုပ်အမြဲခွင့်လွှတ်ခဲ့လွန်းတော့. . မင်းက ဂရုမစိုက်တော့ဘူးပေါ့. . ကိုကိုက ငပေါကြီးဖြစ်သွားပြီပေါ့. .

ငါလုပ်ချင်တာလုပ်မယ်. . ပြီးမှပြောရင်ရတယ် ဆိုတဲ့အဆင့်မှာ ရှိနေပြီပေါ့. . ဟုတ်လား. ."



www.burmeseclassic.com

www.burmeseclassic.com



လေဘာတီ သည် သူမဘက်မှာ ဘယ်လောက်မှား မှား ဒါကိုမှားတယ်လို့ ကို မမြင်ချေ။ ကိုကို. . တမင်ပြဿနာ ရှာတာ. . သူလိုချင် တဲ့ ကလေးကို မရတော့လို့ ပြဿနာ ရှာတာဟု မြင်လေသည်။

"ကိုကို. . အပြစ်မရှာနဲ့ ပန်းလေးက. . ကိုကို့ကို အမြဲဦးစားပေးတာ ကိုကိုသိပါတယ်. . ဒီလိုကိစ္စလေးဖြစ်တာ နဲ့ ပန်းလေးရဲ့စိတ်က ကိုကို့အပေါ် အဲဒီလောက် ညံ့ဖျင်းတဲ့ စိတ်ထားနေတာမျိုး ရှိတယ်လို့ စွပ်စွဲလိုက်ဖို့ မသင့်ပါဘူး. ."

"ဩော်. . ကိစ္စလေးတဲ့ ကိုယ့်မိန်းမတစ်ယောက် လုံး နိုင်ငံခြားမှာတစ်နှစ်လောက်သွားနေမဲ့ ကိစ္စကို ကြုံမသိ ရတာဟာ. . ကိစ္စသေးသေးလေးလားကွ. . သဘောမတူ ဘူးကွာ. . မင်းလုံးဝသွားစရာမလိုဘူး. . ကိုယ်, လုံးဝခွင့်မပြု ဘူး. ."

"ကိုကိုက. . ငါ့မိန်းမငါပိုင်တယ်ဆိုပြီး. . အနိုင် ကျင့် နေတာ. . အခွင့်အရေးတွေလိုက်ပိတ်နေတာ. . ကိုကိုမတ





ရားဘူး. . ."

လေဘာတီမှာ. . ခံပြင်းသွားလျှက်. . ပြန်အော် လိုက်မိသည်. . ။ ကိုကိုက. . သူ့ကို ဝေဖန်နေသော လေဘာ တီ့ကို နာနာကျည်းကျည်းစိုက်ကြည့်ရင်း အံကိုတင်းတင်းကြိတ် ကာ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လျှက်. .

"မတရားတာ ဘယ်သူလဲဆိုတာမင်း. . စဉ်းစား ပါ. . လေဘာတီ။ တစ်နှစ်ခွဲတိတိငါ့အနားမှာ နေပြီး. . ငါ့အပေါ် အမျိုးစုံလိမ်လည်လှဲ့ဖျားထားတဲ့. . မိန်းမတစ် ယောက်ပါလားလို့. . သိလိုက်ရတဲ့အတွက် ငါ့. . ရင်ထဲမှာ ဘယ်လောက်နာနေမလဲ. . မင်းကိုယ်ချင်းစာမယ် မထင် ဘူး. .

ဒါပေမဲ့. . တစ်ခုတော့. . ငါပြောမယ်. . မင်း ငါ့အရိပ်အောက်ကနေ ဘယ်မှ သွားခွင့်မပြုနိုင်ဘူး. . မင်း မသွားရအောင် ငါကနည်းမျိုးစုံနဲ့တားမှာပဲ လေဘာတီ"

လေဘာတီသည် မျက်ရည်တွေ ပေါ



www.burmeseclassic.com

www.burmeseclassic.com



ကာ ကိုကို့ကို ပြန်လည်နာကြည်းလျက် အသံကုန်အော်ပစ်လိုက်သည်မှာ..

"ကိုကို့ကို သိပ်မုန်းတယ်.."

ဟူသော ရင်ထဲက မပါသည့် အနိုင်စကားတစ်ခုတည်း။

ဘုန်းတေဇောမှာ.. ထိုစကားတစ်ခွန်းအတွက် နာကျင်ထိခိုက်သွားတော့သည်။ တစ်သက်လုံးယုံကြည်ထားခဲ့ဖူးသော.. "ချစ်ခြင်း" တစ်ခုကို တွေဝေသွားတော့သည်။

သူ့ကလေး.. ကိုယ့်အပေါ် မချစ်ခဲ့ပဲ.. မိဘအလိုကျ။ ဒါမှမဟုတ်.. ချစ်သူတစ်ဦးတစ်ယောက်မှ မရှိခဲ့သူပီပီ.. မိဘစီမံတာပဲ နာခံမည်ဟု ဆုံးဖြတ်ထားခဲ့၍ပဲလား..

ကိုယ့်ကို.. လက်ခံဖို့ခေါင်းညိတ်ခဲ့တယ်ဆိုတာ ဟာကိုယ့်အပေါ် ချစ်နိုင်လို့ လက်ခံခဲ့တာမဟုတ်ခဲ့ဘူးပေါ့..။

ကိုယ်တိုင်တောင် ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် 'မုန်းတယ်' ဆိုတဲ့စကားကို လွယ်လွယ်ကူကူမပြောရက်ခဲ့





သော်ငြား.. သူ့ကလေးကတော့ နှုတ်ထွက်လွယ်သတဲ့..။

ကိုယ့်အပေါ် အချစ်မရှိခဲ့သော.. သံယောဇဉ်နည်းပါးခဲ့သော ကိုယ့်ရဲ့မျှော်လင့်ချက်တွေကို လိမ်ညာရက်ခဲ့သော ချစ်သူကို.. နှမြောတသစွာ တစ်ချက်ကြည့်လျှက် ကျောခိုင်းခဲ့မိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

ဒီနေ့နှင့်ပါဆိုလျှင် ကိုကိုပြန်မလာသည်မှာ တစ်ပတ်ပြည့်လေပြီ။ အကြီးအကျယ်စကားများပြီးနောက်. . အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ကားကိုမောင်းထွက်သွားစဉ်ကတော့. . စိတ်ဆိုးတုန်း ခဏအပြင်ရှောင်ထွက်သွားတယ်ပဲ ထင်ခဲ့တာ. . ။

ညသန်းခေါင်ထိတိုင်. . ပြန်မလာသောအခါမှာ. အနည်းငယ်စိတ်ပူပေမဲ့. . ကိုကိုစိတ်ညစ်ညစ်ဖြင့် သူငယ်ချင်းတစ်ယောက်ယောက်အိမ်မှာ အချိန်ဖြုန်းပစ်လိုက်သလား အရက်တွေ သောက်ပြီး. . အဲဒီသူငယ်ချင်းအိမ်မှာပဲ အိပ်



လိုက်သလား. . စသဖြင့် ဟိုတွေးဒီတွေးဖြင့် မျှော်လင့်မှုနေ့ မှေးကနဲတချက်အိပ်၊ တစ်ချက်နိုး. . မနက်လင်းတော့ နံဘေးမှာ ကိုကိုမရှိပါလားလို့ နိုးနိုးချင်းသိလိုက်ရတဲ့အခါ ရင်ထဲ မှာ အတော့်ကို လှစ်ဟာသွားခဲ့ရပါသည်။

ခေါင်းတွေမူးဝေဝေ နောက်ကျိကျိဖြင့် ရေမိုးချိုးသန့်စင်ကာ. . ကိုကိုဘယ်အချိန်များ ပြန်လာမလဲလို့. . ဘာအလုပ်မှတောင် ထိုင်မလုပ်အားပဲ အိမ်ဝမှာ ကျောက်ချသလိုထိုင်၍ မျှော်မိသည်။

မျှော်ရတဲ့အလုပ်ဟာ. . သိပ်မောတာပဲ. . သိပ်ပင်ပန်းတာပဲ. . လို့. . ခုမှသေသေချာချာခံစားတတ်လာတာဖြစ်သည်။

အမြဲတစေ. . ကိုကိုအိမ်အပြန်ကို အထူးတလည်မျှော်လိုက်ရသည်. . ရက်လဲမရှိဖူးခဲ့။ ကိုကိုက မနက်ဆိုလဲ အလုပ်ခဏသွား. . ထမင်းစားချိန်ကျတော့. . တခါတရံ အိမ်ပြန်လာစားတတ်သလို. . တခါတရံတော့. . (အဲဒီ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



တရုံများစွာမှာတော့) လေဘာတီကို ထမင်းချိုင့်နဲ့အတူတူ ကိုကိုရုံးခန်းသို့လာစေပြီး ထမင်းအတူတူစားဖို့ကိုလည်း ကိုကိုက သဘောကျစွာ အမြဲတောင်းဆိုသဖြင့်.. ထမင်းစားချိန်တွေဆိုလဲ.. လေဘာတီနဲ့ ကိုကိုက တခါမှ တကွဲတပြားမဖြစ်ဖူးခဲ့။

ထမင်းစားပြီး.. စကားစမြည်ပြောရင်.. ကိုကို့အလုပ်တွေ ပုံနေတာမြင်ရင်တော့.. လေဘာတီက အတင်းမရမက ခွင့်တောင်းပြီး အိမ်ကို ပြန်လာရပါသည်။

"အလုပ်ကများတာများ.. မဆန်းပါဘူး ပန်းလေးအနားမှာရှိလဲ ကိုကိုလုပ်တတ်ပါတယ်ကွ.."

လို့ဆိုပေမဲ့.. ကိုယ့်ကို လူကဲ့ရဲ့စရာ.. လူပြောစရာဖြစ်တဲ့အထိ.. ယောက်ျားကို စိတ်မချနိုင်လို့ တစ်ဖဝါးမှ မခွါတော့ဘူးဆိုတာမျိုး.. ရုံးဝန်ထမ်းတွေ ပြောတာလဲ.. မခံချင်။

ဒါနဲ့ပဲ.. ထမင်းအတူတူစားပြီးတာနဲ့.. နေ့လည်တစ်နာရီလောက်ဆို.. သူမပြန်လာပြီး သိပ်တောင်မကြာ..





သုံးနာရီနဲ့လေးနာရီလောက်ဆို ကိုကို.. ပြန်ရောက်ချလာတော့တာပဲ..။

ကဲ.. ဒါဖြင့်.. ဘယ်မှာလဲလေဘာတီတို့ ကြာကြာခွဲဖူးတဲ့အချိန်.. ဘယ်တုန်းကရော.. ကိုကို့ကို တမေ့တမောထိုင်စောင့်ရတာမျိုးများ ရှိဖူးသလဲ မေးရင်လုံးလုံးမရှိခဲ့ဖူးပါဟု ဖြေရမည်။

အိမ်ထောင်သက် .. တစ်နှစ်ကျော်အောင် တစ်ခါမှ ကြာကြာမခွဲဖူးသော ကိုကို့ပြန်အလာကို မျှော်လင့်တကြီးမစောင့်မျှော်ခဲ့ဖူးသော .. သူမအတွက်.. ပထမဦးဆုံးအကြိမ် အတွေ့အကြုံမှာ ပြင်းထန်စွာ နှိပ်စက်ခံရတော့လေသည်။

တစ်နေကုန်သွားလဲ.. ကိုကိုပြန်မလာလျှင် စိတ်ပူလာကာ.. ကိုကို့မိတ်ဆွေ.. သူငယ်ချင်းတွေရဲ့ ဖုန်းတွေတစ်ခုချင်း... ကောက်လှည့်မေးမြန်းမိချေပြီ။

"ကိုဘုန်းလား.. မသိဘူးခင်ဗျ.. ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



မဆုံတာတောင်ကြာလို့ . . သူ့ဆီတောင်ကျွန်တော်သွားတွေ့မလို့ စိတ်ကူးနေတာ . . ”

“ဦးဘုန်းတေဇော . . ဒီနေ့တစ်နေ့လုံး . . ရုံးခန်းလဲ မလာပါဘူး . . ဒါကြောင့် . . ကျွန်မက စက္ကုတေရီ တစ်ယောက်အနေနဲ့ ဘာများဖြစ်လို့လဲ အလုပ်ကိစ္စတွေဘာ ဆက်လုပ်မလဲဆိုတာ . . သိချင်လို့ ခုပဲ ဖုန်းဆက်မေးတော့မလို့ ရှင် . . ”

“ကိုဘုန်း . . ကျွန်တော့်ဆီ မလာဘူးခင်ဗျ”

“ကိုဘုန်းလား . . မနေ့ကတောင် မနက်ပိုင်းမှာ ဆိပ်ကမ်းကုန်တင်ကုန်ချလာ စစ်ဆေးတုန်း . . ဆုံလိုက်သေးတယ် အခုထိတော့ မဆုံဖြစ်သေးဘူး . . ”

“ဟာ . . စိတ်မပူပါနဲ့ . . မလေဘာတီ . . တစ်နေရာရာ . . ခရီးလွန်နေတာပဲဖြစ်မှာပါ . . ကျွန်တော်လဲ သိသလောက် စုံစမ်းပေးပါ့မယ် . . ”

တစ်ဦးချင်းစီက အဖြေများမှာ လုံးဝအားတက် စရာ





ပင် မရှိ။ ဘာသတင်းအစအနမှပင် မပါခဲ့ချေ။

လူကြီးတွေ သိမှာစိုးသဖြင့် ကိုကို့မိဘအိမ်နှင့် မေမေတို့ အိမ်ကိုလဲ ဖုန်းဆက်မမေးရဲပြောလဲမပြောရဲ။ ဘာကြောင့် စကားများကြရသလဲဆိုတာ သိကြလျှင် ဘုရား . . ဘုရား . .

လေဘာတီမှာ သူမ၏အပြစ်ကို သူမဘာသာ ဘုရားတ, ကာလူကြီးတွေကို ရင်မဆိုင်ရတော့သတဲ့။

ဘယ်လောက်ထိအောင်များ . . အပြစ်ပြောလိုက်ကြမလဲ။ အားလုံးဟာ လေဘာတီများတယ်ဟူ၍ တသမတ်တည်း ဝိုင်းအပြစ်ပြောခံရမှာ . . ။

နှစ်ရက် . . သုံးရက် . . လေးရက်ဟူသော နေ့တွေ ကုန်ကုန်သွားတိုင်း . . လေဘာတီသည် ကိုကိုမရှိသည့် နေ့တွေကို တုန်လှုပ်ချောက်ခြားစွာ ရေတွက်လျှက် ရင်ဆိုင်လာရတော့သည်။

“ပြန်လာပါတော့ ကိုကိုရယ် ပန်းလေးလွမ်းပြီ” လို့ . . ခဏခဏ ရေရွတ်သည်မှာ . . နေ့တစ်နေ့၏



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ပေါင်းများစွာ . . ။

"ကိုကိုကျေနပ်တဲ့အထိ တောင်းပန်ပါ့မယ် . . ကိုကို ရယ် . . "

ဟု ကိုကိုအိပ်နေကျခေါင်းအုံးကို ပွေ့ဖက်ငိုညီးကား တဖွဖွတောင်းပန်မိပြန်သည်။

ရုတ်တရက်လန့်နိုးသွားတိုင်း . . ကိုယ့်နံဘေးမှာ အေးစက်နေသော မွေ့ယာပြင်ကလွဲလို့ ဘာမှမရှိမှန်း သတိတရ စမ်းလိုက်ရတိုင်း . . ကြေကွဲရပါသည်။ တခါတရံများစွာတွေမှာ ကိုကိုရှိနေတယ်လို့ . . ယောင်ယမ်းပြီး လက်နဲ့ လှမ်းထိလိုက်တဲ့အခါ . . လေဟာနယ်တစ်ခုကိုသာ စမ်းမိတိုင်း ရင်ထဲမှာ စူးစူးရှရှ နာသွားရစမြဲ . . ။

"ဒီအတိုင်း နေနေလို့မဖြစ်ပါဘူး . . တူမကြီးရယ် တစ်ခုခုလုပ်ပါကွယ် . . လူကြီးတွေသိလို့ ဆူချင်လဲဆူပေ့စေ ပေါ့အသိပေးလိုက်ပါတော့ . . သမီးရယ် . . ။

ရက်သိပ်ကြာလာရင် . . မကောင်းပါဘူး . . လက်





လွန် . . ခြေလွန်တွေဖြစ်ကုန်ရင် ဒေါ်ကြီးအိမ်မှာရှိရက်သားနဲ့ သူတို့ဘာလို့ မသိရကောင်းလဲဆိုပြီး . . မောင်ဘုန်းမိဘတွေက ဒေါ်ကြီးကို အပြစ်ပြောနေပါ့မယ် . . "

ခြောက်ရက်မြောက်နေ့မှာ . . အိမ်ဖေါ်အဒေါ်ကြီး က အကြံပေးလာပါသည်။

"မောင်ဘုန်းငယ်ငယ်ထဲက ဒေါ်ကြီး . . သူတို့နဲ့နေလာတာပါ . . မောင်ဘုန်းက စိတ်ဆိုးခဲပါတယ် . . လူတစ်ယောက်ရဲ့အပြစ်ဘယ်လောက်ကြီးကြီး . . ခွင့်လွှတ်သည်းခံနိုင်လွန်းတဲ့သူပါ . . တူမကြီးကို သူ့ . . ခွင့်လွှတ်မှာပါ . . စိတ်မပူပါနဲ့။ စိတ်ပြေလက်ပျောက်ခဏရှောင်နေတာဖြစ်မှာပါကွယ် . . ကိုယ့်ဘက်ကသာ အမှားနောက်တစ်ခါ မရှိအောင် လူကြီးတွေကို ခေါ်ပြီး ဒီပြဿနာဖြစ်ခဲ့တာကို ကြိုအသိပေးထားပါလား . . "

လေဘာတီက . . ဒီအကြံကို လက်ခံဖို့ဆုံးဖြတ်လိုက်ရတော့သည်။ တစ်ပတ်ပြည့်သည့်မနက်တွင် လေဘာတီ က



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မိဘတွေကို အရင်ကိုယ်တိုင်သွားပြောဖို့ ဆုံးဖြတ်ပါသည်။

ဒါပေမဲ့. . မနက်ခင်းတစ်ခုမှာ လေဘာတို့ရဲ့ နှလုံးသားတွေ ရိုက်ချိုးခံရတော့တာ။

"အစ်မ. . ဒီမှာ ကျွန်မခြံထဲဆင်းပြီး အမှိုက်ရှင်းမလို့ လုပ်တုန်း. . ခြံဝကနေ ဘယ်ကလူမှန်းမသိဘူး. . လူတစ်ယောက်က . . ကျွန်မကို လက်ယပ်ခေါ်ပြီး. .

စာတစ်စောင်အတင်းပေးတယ်. . ကျွန်မက မယူဘူးဆိုပြီး အတင်းထွက်ပြေးတော့ ဦးဘုန်းတေဇောပေးခိုင်းလိုက်တာဆိုပြီး အဲဒီလူက ခြံထဲပစ်ထည့်သွားတာနဲ့ ယူလာခဲ့ပါတယ်. ."

လေဘာ့တီမှာ. . စာအိတ်ကို တုန်တုန်ယင်ယင်လက်များဖြင့် လှမ်းယူလိုက်ပြီး. .

"အဲဒီလူရော. . အဲဒီလူ ခေါ်လိုက်. . သူဆီက သိရင်သိမှာပေါ့. . ကိုကို. . ဘယ်မှာနေနေလဲဆိုတာ. . သူ



သိမှာပေါ့. . မြန်မြန်ထွက်ခေါ်လိုက်. . ."

"ကျွန်မလဲသိတယ်. . . အစ်ကိုကြီးနာမည်ကြားကြားချင်း စာတောင်မကောက်သေးပဲ အတိုင်းလိုက်အော်ခေါ်တာ အဲဒီလူက. . ကားမောင်းပြီး ထွက်သွားလို့ ခေါ်လို့မရဘူး. ."

"ကားက ဘာကားလဲ"

"ကက"

"ဟဲ့. . နံပါတ်ကရောသိလား. ."

"ကကနံပါတ်. . ဟင့်အင်း. . ကျွန်မလူကို မဲခေါ်နေတာနဲ့. . နံပါတ်အသေအချာမကြည့်မိဘူး. . အငှားကားဆိုပြီး ကကမှန်းပဲ သတိထားမိလိုက်တယ်"

"ဟယ်"

"ကဲပါတူမကြီးရယ်. . မောင်ဘုန်းက တစ်ခုခုအကြောင်းကြားတာလဲဖြစ်ရင်ဖြစ်မှာပေါ့. . စာဖောက်ကြည့်လိုက်ဦး. ."

www.burmeseclassic.com

www.burmeseclassic.com



လေဘာတီသည် စာအိတ်ကို အလျင်စလို ဖေါက်ဖတ်လိုက်ပါသည်။

".လေဘာတီ

နောက်သုံးပတ်ကြာရင် မင်း..

ပြင်သစ်မှာ ကျောင်းသွားတက်ရတော့မယ်ဆိုတာ

ကိုယ်သိပြီးပါပြီ..မင်းစိတ်သဘောကျ မင်းဖန်တီး

ပြီးပြီပဲ..

စိတ်ချမ်းသာသလိုစီစဉ်ပါ..

လုပ်ချင်တာလုပ်ပါ..ကိုယ်..မင်းကို ခြိမ်းခြောက်

ခဲ့သလိုမျိုး..မင်း,..သွားခွင့်မရအောင်လဲ..

မတားမြစ်တော့ပါဘူး.. မင်းကို လွတ်လပ်ခွင့်

အပြည့်ပေးပါတယ်.. ဘုန်းတော်ဇောကြောင့်

လေဘာတီဆိုတာဖြစ်လာတာမဟုတ်သလို

လေဘာတီကြောင့် ဘုန်းတော်ဇောဆိုတာဖြစ်လာ

တာမဟုတ်ပါဘူး.. ကိုယ့်ဘဝကိုယ်..အသီးသီးဖန်တီးနေ





ကြတာပါ..ဒီတော့ ကိုယ်လဲမင်းစိတ်ကြိုက်ဖန်တီးခွင့်ပေးပါတယ်..ဒီအိမ်ကို ကိုယ်ပြန်လာစရာအကြောင်းမရှိလို့ ပြန်မလာတော့ပါဘူး.. ကိုယ့်ကိုလဲ မင်း, တွေ့ချင်မယ်မထင်ဘူး..

.ဒီတော့ ကိုယ်တို့ ခပ်ဝေးဝေးနေကြတာပဲ ကောင်းပါတယ်.. မင်း,ရသင့်ရထိုက်တာမှန်သမျှတွေ တောင်းဆိုချင်သမျှတွေ ကိုယ့်ရဲ့ရှေ့နေဆီမှာတင်ပြပါ..ကိုယ်..အားလုံးလိုက်လျောပါ့မယ်.. ကဲ..ကိုယ့်ဘက်ကတော့ ဒီလောက်ပဲ မှာစရာရှိပါတယ်..

ဘုန်းတေဇော"

လေဘာတီသည် စာလုံးများကို မယုံကြည်နိုင်လောက်အောင် မျက်လုံးပြူးကြည့်ရင်းမှ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်ကျဆင်းလာတော့သည်။

ကိုကို့ကို လွမ်းရလို့..စိတ်ပူရလို့ ငိုရပေါင်း[illegible]

ပြီးမို့.. မျက်ရည်တွေလဲ ကုန်နေပါပြီ။ ဒီတစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပဲနဲ့ သူ့အလိုလိုကျလာတဲ့ မျက်ရည်တွေဟာ . . မျှော်လင့်ချက်တွေ အကုန်, ကုန်ခန်းသွားရခြင်းတွေလဲ . . ပါဝင်ပါလိမ့်မည်။

လေဘာတီသည် . . သူမရင်ဆိုင်နေရသော အဖြစ်အပျက်များထဲမှာ . . အရုပ်ကြိုးပြတ်လို့တည်း . . ။

* * *

"ဖြစ်မှဖြစ်ရလေတယ် . . မြေးရယ် . . "

"ဘာ . . ဖြစ်မှဖြစ်ရလေတာပဲ အမေရဲ့ . .

အဲဒါ . . အမေ့မြေးမိုက်တာရှင့် . . မိုက်တာ သိပ်ရှက်ဖို့ကောင်းတာပဲနော် . . ဟိုဘက်မိသားစုကို ဘယ်လောက်မျက်နှာပူဖို့ ကောင်းလဲ . . ကိုယ့်သမီးလုပ်ပုံမဟုတ်တော့ မအေနဲ့အဘွားပဲ . . သွားလေးတွေဖြီးပြီး အောက်ကျို့ရတယ်ဟင်း . . "

"ဟိုဘက်မလဲ . . သူတို့သားကြီး ဘယ်ရောက်နေမှန်း





မသိသေးလို့ ဟိုရှာဒီရှာဖြစ်ကုန်ကြပြီ . . ညည်းတို့တော်တော်ဒုက္ခပေးပါလား လေဘာတီရယ်"

"ကိုကို . . ဘယ်သွားမှန်း . . တီ, တကယ်မသိလို့ပါ . တီ,လဲ တွေ့ချင်တာပဲ . . တီ,တောင်းပန်ချင်တယ်ဆိုတာတကယ်ပြောတာပါ . . "

"အခုမှ . . မှားတယ်ဆိုပြီး တောင်းပန်ချင်လို့ ဘယ်ရမလဲ . . လေဘာတီရယ် . . သမီးဟာ မေမေ့သမီးလုပ်နေပြီးတော့ ဘာလို့ . . ဒီလောက်မိုက်ရသလဲ . . မိဘသိက္ခာကျတယ်ကွယ်"

လေဘာတီမှာ . . မိခင်နှင့်ဘွားအေတို့၏ ဆူပူအပြစ်တင်ခြင်းတွေကို . . ခေါင်းငုံ့ခံလျှက် ကိုကို့ကို အရမ်းတွေချင်နေခဲ့ရသည်။

"မေမေ့ဆီပဲ . . လာနေပါရစေ"

လို့ . . ငိုကြီးချက်မဖြင့် . . အထုတ်ဆွဲကာ . . [illegible]

တာ . . ဖတ်ပြိုးပြိုးခြင်း . . ဟိုအိမ်က ဆင်းချလာသော သ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေ့စက မိခင်ရောအဘွားပါ.. ထိတ်ထိတ်ပြာပြာဖြစ်ကုန်တော့၏..

အကြောင်းစုံသိ လျှင် မေမေတို့မှာ စိတ်တွေပူပန်ကုန်လျှက်.. ကိုကို့မိဘတွေဆီ ချက်ချင်းဖုန်းဆက်ပြီးပြီးချင်း ဆယ့်ငါးမိနစ်အတွင်း.. မိသားစုနှစ်ခုမျက်နှာချင်းဆိုင်တွေ့ဆုံဖြစ်ကြတော့သည်။

"သားကြီး.. ဘယ်မှာများသွားနေနေသလဲ.."

ကိုကို့မေမေက.. စိတ်ပူစွာ ရေရွတ်တာလဲ တစ်ပိုင်း။ လေဘာတို့ကို ပွင့်ပွင့်လင်းလင်းထုတ်ပြောကာ.. အပြစ်မပြောသော်ငြား.. အနည်းငယ်မျှပင်.. ခွင့်လွှတ်နိုင်ခြင်း မရှိမှန်း.. သူမ နားလည်ပါသည်။

"ဒါကြောင့်.. ငါ့ဆီခုတလောသားကြီး ဖုန်းတချက်တောင်ဆက်ပြီး.. အလုပ်အကြောင်း မတိုင်ပင်ပါလားလို့ ခုမှပဲ အဖြေပေါ်တော့တယ်.. ကုမ္ပဏီကိစ္စအတွက်ဆို.. တစ်ပတ် သုံးရက်လောက်ကို ငါနဲ့ဖုန်းချင်းအဆက်အသွယ်လုပ်





ပြီး.. ဖြေရှင်းနေကျ.. သူ.. လုံးဝမဆက်တော့.. မေးစရာမရှိဘူး.. ထင်ပြီး ပေါ့ပေါ့လျော့လျော့စဉ်းစားမိတာ, မှားတယ်.."

"ယွန်းတောင် အဲဒီနေ့က အစ်ကိုကြီးတို့ ယွန်းရဲ့ဆရာမကြီးဆီ ဆေးခန်းလာပြမယ်လို့ ပြောထားတာနဲ့ ဆရာမကြီးကိုတောင် ကြိုအသိပေးထားသေးတယ် ဆရာမကြီးကညည်းအစ်ကိုစုံတွဲမလာဖြစ်ဘူးလို့ ပြောတော့ ယွန်းလဲ.. ယွန်းဒီအပတ်စာမေးပွဲပြီးမှ.. သွားမေးဦးမယ်ဆိုပြီး မေ့ထားတာ"

အထူးသဖြင့်.. ကိုကို့ရဲ့ညီတော်မောင်မှာ အစတည်းက လေဘာတီလုပ်ငန်းနှာမည်ကြီးလူသိများခြင်း လေဘာတို့ကို လူသိများနေခြင်း ဟိုစာအုပ်ပါ.. ဒီဂျာနယ်ပါ နှင့် ဖက်ရှင်လောကထဲ ဝင်ရောက်ခြင်းကို မကြည်သူပီပီ ခနဲ့တဲ့တဲ့ဝေဖန်တာပဲ.. ခံရပါသည်။

"အစ်ကိုကြီးကို.. ကျွန်တော်အစတည်းက သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေးသားပဲ. . သူက. . မိန်းမတစ်မျက်နှာ . . မိန်းမစကား တစ်ခွန်းပဲ ခေါင်းထဲထည့်တာကိုး. . "

"ဟဲ့. . သားငယ်. . ကျော်ဇော ဘာလို့ရှိုင်းရှိုင်း စိုင်းစိုင်း ပြောရတာလဲ. . လူကြီးတွေပြောရမဲ့ကိစ္စ. . မင်း, ဝင်မပါနဲ့. . "

"ကဲ. . ကဲ ဒီအတိုင်းနေနေလို့ ဘာမှ မထူးဘူး. . သားကြီး သတင်းရသလောက် စုံစမ်းမှပါ. . သူ. . ဘယ်နေရာတွေမှာ အိမ်ဝယ်ထားတာရှိလဲ. . စုံစမ်းပါဦး. . အဲ့ဒီတွေမှာ. . သွားနေနေတာပဲ ဖြစ်မှာပါ. . "

"လေဘာတီ. . သမီးသိသလား. . ခုနောက်ပိုင်း သားကြီး. . ဘယ်မှာ အိမ်ခန်းဝယ်တာမျိုး ရှိလဲ. . "

"မသိဘူး. . ဖေဖေ. . ကျွန်မ. . ဟို, ကျွန်မ. . ကိုကို ပြောတာလောက်ပဲသိတာ အကုန်ပြောပြီးပါပြီ. . "

"သူပြောမှပဲနားထောင်သလား. . သမီးမေးကြည့်တာရောမရှိဘူးလား. . "





"ကျွန်မ. . တစ်ခါမှ စ, မမေးဖူးပါဘူး. . ကိုကိုပြောမှ နားထောင်တာပဲရှိတယ်. . "

ကိုကို့မေမေက. . တစ်ဘက်လှဲ့ကာ မျက်နှာကို မဲ့လိုက်မှန်း လေဘာတီမြင်လိုက်ရာ ရင်ထဲတွင် အောင့်သွားခဲ့ပါသည်။

ကိုကို့ကို ယုံကြည်လို့. . ကိုကိုက. . သူမအပေါ် ဘယ်တုန်းကမှ မညာခဲ့လို့ (သူမ, ကသာညာခဲ့တာ) ကိုကို့ကိစ္စတွေကို စပ်စုရာကျမှာစိုးလို့. . သူမကလောဘဇောနည်းခဲ့လို့. . ကိုကိုဘယ်လောက်ငွေကြေးရှိသလဲ. . ဘာတွေဝယ်ထားသလဲဆိုတာ. . မေးကိုမမေးမိခဲ့ပါ. . ။

အဲ့ဒီအတွက် သူမ လုံးဝမမှားဘူးဟု လေဘာတီတယုံကြည်နေပါသည်။

"အေးလေဖြစ်ပြီးမှတော့. . ဘာတတ်နိုင်မလဲ"

ကိုကို့အမေက. . ဤတစ်ခွန်းပဲပြောကာ. . အားလုံးကို ကျောခိုင်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လေဘာတီ . . သမီး စိတ်ကျေနပ်သလိုပဲ လုပ်ပါ . . အမေတို့က ဘာမှဝင်မပါပါဘူး . . သမီးတို့နှစ်ယောက်စလုံး ကျေနပ်မယ်ဆိုရင် . . ဘယ်နေရာကပဲ ရပ်ရရပ်ရ ဟုတ်ပြီ လား . ."

နောက်ဆုံးတော့ . . လေဘာတီမှာ ခေါင်းတစ်ခုလုံး အတွေးတွေဖြင့် ပြည့်ခဲလျှက် . . ကျန်ရစ်ရတော့၏ . .

* * *





# အပိုင်း (၉)



www.burmeseclassic.com

www.burmeseclassic.com



(၁၅)

"သားကြီး . . မင်းတစ်ခုခုတော့ ပြီးပြတ်အောင် ရှင်းရှင်းလိုက်နော်. . နောက်မှ မင်းနောင်တရနေမယ်. ."

ကိုယ်က. . မေမေ့အကြံကို လက်မခံချင်ပါ။ ခေါင်းခါရမ်းလျှက်. .

"သူကမှ. . ကွာရှင်းဖို့စကားမစတာ ကျွန်တော်. ."

"ဘာလဲ. . မင်းက မပြတ်နိုင်ဘူးပေါ့. ."

ကိုယ်က. . မချိတရိပြုံးကာ. . ခေါင်းညိတ်မိလေသည်။

"အံမယ်လေးနော်. . ကိုယ့်ကို လင်ယောကျ်ားရယ်လို့ နေရာပေးပြီးခေါင်းထဲတောင် မထည့်ခဲ့တဲ့ မိန်းမဆိုတာ





ပြန်တွေးပါဦးကွယ်. ."

"ကျွန်တော်က. . သူ့ကိုစပြီး သဘောကျလို့ ကျွန်တော်ကိုယ်တိုင် တောင်းရမ်းယူခဲ့တာပါ. . ကျွန်တော်ကစပြီးတော့ မကွာရှင်းချင်ပါဘူး. . သူ့ဆန္ဒရှိရင်သာ ကွာပေးမှာပါ ကျွန်တော့်ဘက်က. . စပြီး လမ်းခွဲဖို့. . ခေါင်းထဲမှာမရှိပါဘူး သူ. . ဘာလုပ်လုပ်ခွင့်လွှတ်တယ်. . သူစိတ်ချမ်းသာသလို လုပ်ပါစေဆိုပြီး ခွင့်ပြုလိုက်ပြီးပြီပဲ"

"ကောင်မလေးက. . မနက်ဖြန်ပဲ. . ပြင်သစ်သွားတော့မတဲ့. . ဖေဖေ့လဲ အံ့သြတယ်. . သားကြီးအပေါ် လုံးဝ သံယောဇဉ်နည်းလိုက်တာကွယ်. ."

"သူ့အမေနဲ့ဘွားအေလဲ မျက်ရည်နဲ့ မျက်ခွက်ပဲတဲ့ ယွန်းက စပ်စပ်စုစု. . အဲဒီ့အိမ်တခေါက်သွားတော့ . . လေဘာတီတော့ မတွေ့ခဲ့ဘူး. . အဘွားကြီးနှစ်ယောက်က သမီးအကြောင်းတိုင်တန်းငိုယိုနေတာနဲ့ စိတ်မကောင်းဖြစ်ပြီး ပြန်လာတယ်. ."

"ပြင်သစ်ကို ဘာလို့ ဒီလောက်သွားချင်ပြီး အိမ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်းပညာကို လောဘတကြီး သင်ချင်ရတာလဲ.. ဟိုက ခေါ်တဲ့ သူငယ်ချင်းကရော.. မိန်းကလေးမှ ဟုတ်ရဲ့လား.."

"မိန်းကလေးပါ.. ခင်မမတို့ သူတို့ သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပဲ.. အဲ့ရပြီးမှ ကွဲကွာသွားကြတာ.. ဟိုက သူ့ကို သိပ်ခင်တာ.. သူဘာလုပ်ချင်ချင် ကူညီဖို့က အဆင်သင့် မှန်တယ် မှားတယ်တောင် မကြည့်ပဲ.. လောဘတို့ ဆန္ဒပဲ ကြည့်တယ်တဲ့.."

ယွန်းက.. ကိုယ့်ကို စိတ်မကောင်းသလို လှမ်းကြည့်ရင်း.. သူမ, သိလာသမျှတို့ကို ဖြေရှင်းပေးသဖြင့်.. ကိုယ်က ညီမဖြစ်သူအား ကျေးဇူးပင်တင်မိသည်။

အားလုံးက.. ချစ်သူလေးကို ဘယ်လောက်ပဲ အပြစ်တွေတင်တင်.. ကိုယ်ကတော့.. အပြစ်မယူ။ အပြစ်လဲမတင်။ ချစ်သူ စိတ်ချမ်းသာရင်ပြီးရော သူ.. လုပ်ချင်တာလုပ်ပါစေ..

ကိုယ့်ကို မချစ်ပဲ.. ဘုမသိဘမသိ.. လူကြီးတွေ အကြံနဲ့.. အိမ်ထောင်ကျခဲ့ရပြီးမှ စိတ်ဆင်းရဲနေခဲ့ပြီး ထွက်





ပေါက်ရှာခဲ့တာဟု ကိုယ်.. နားလည်နေပြီတည်း။

"မင်း.. တစ်နေ့ကျရင်.. နောက်ထပ်မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ပြုဖြစ်ခဲ့တဲ့ အခါမှာ.. သူနဲ့ အခုလောလောဆယ်.. ကိစ္စပြတ်အောင် မလုပ်ထားခဲ့မိတာကို နောင်တရနေမှာ စိုးလို့.. မေမေကအကြံပေးတာပါ သားကြီးရယ်.."

ပန်းလေးနေရာမှာ.. တခြားတစ်ယောက်တဲ့ ဟင့်အင်း.. မဖြစ်နိုင်။ ဘဝတစ်ခုလုံးပုံပြီး ချစ်ထားခဲ့တာ နောက်တစ်ယောက်ကို ထပ်ချစ်ဖို့မှ မရှိတော့တာ..။

"ကောင်မလေးက ပြန်မလာဖြစ်ပဲ အပြီးနေချင်ရင်လဲ နေမယ်ထင်တယ်.. အဲဒါဆိုရင်တော့လဲ နောက်ပိုင်းကိစ္စဟာ သိပ်ပြဿနာမဖြစ်ပေမဲ့ ပြန်လာခဲ့ရင်တော့.. မင်းတို့ ရှင်းကြလင်းကြရင်ကောင်းမယ်သားကြီး..။

သင်တန်းက တစ်နှစ်တက်ရမှာ.. မှတ်လား တစ်နှစ် ကြာလို့ ပြန်လာတဲ့အခါတော့ သားကြီးလဲ စိတ်တွေအနည်ထိုင်နေမှာပါ အဲဒီကျမှ လုပ်သင့်တာလုပ်ပေါ့..

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍. . လုံးလုံးပြန်မလာတော့ရင်လဲ ကိုယ့်ဘက်က အရင်စီစဉ်ပြီး. . ကိစ္စတွေ ဖြတ်သင့်ရင်ဖြတ်. . လို့ ဖေဖေခုတည်းက အကြံပေးပြီးပြီ. . သားကြီးသေသေချာချာ ခေါင်းထဲထည့်ပေးထားတော့ကွာ. . ”

ပန်းလေး. . ပြန်မလာတော့ရင်တဲ့. . ။ ကိုယ့်ရင်ခွင်ထဲကို ပြန်မလာရင် ပြန်မလာပဲနေပါ. . တစ်ပြည်တစ်မြေကြီး ခြားပြီး ပြန်မလာပဲနေတဲ့ အထိတော့ မခွဲရက်ပါ။

ကိုယ်. . ရပ်တည်နေရာမြေကြီး ကိုယ့်ကိုလွှမ်းမိုးထားသော ကောင်းကင်၊ ကိုယ်ရှူရှိုက်ရာလေထုထဲမှာ. . ကိုယ့်ချစ်သူလဲ. . အတူတူရှိနေခဲ့ရင်ပဲ. . ဘယ်လောက်စိတ်ချမ်းသာရမလဲ. . ။

ကိုယ့်. . ရင်ခွင်ထဲမှာ. . မင်း. . မနေချင်ရင်မနေပါနဲ့။ အတင်းခေါ်မထားရက်ပါဘူး. .

ဒါပေမဲ့. . ကမ္ဘာကြီးတစ်ခုခြားပြီးတော့. . ကိုယ်နဲ့ဝေးရာကို ပြေးရတာမျိုးကို . . ကို. . ည်ဘာကြောင့်ရယ်မသိ ခံနိုင်ရည်မရှိသေးချေ။



အိပ်ရာထဲမှာ. . တလူးလူးတလွန့်လွန့်အချိန်ကုန်ကာ. . နောက်တစ်နေ့ကို ပင်ပန်းကြီးစွာ စောင့်ဆိုင်းနေခဲ့ရပါသည်။

“မနက်. . ဆယ့်တစ်နာရီ TG ဖလိုက်နဲ့ပဲ သွားမယ်. . Bangkuk Transit” တဲ့ ညီမဖြစ်သူက. . အတိအကျသိလာသဖြင့် ကိုယ်က. . ပန်းလေးထွက်ခွာမည့် အချိန်ကို ကြိုသိထားခဲ့သည်။

လေဆိပ်ကို ဘာပဲဖြစ်ဖြစ် မနက်ကိုးနာရီခွဲတော့ ရောက်ကိုရောက်ရမှာပဲ. .

ကိုယ်. . တစ်နေရာရာကနေ. . ခိုးကြည့်ချင်သေးတယ်. . တစ်နှစ်တိတိ သို့မဟုတ်. . တစ်သက်လုံး ပြန်မမြင်ချင်မှ မြင်ရမဲ့ ချစ်သူမျက်နှာကလေးကို. . ခဏဖြစ်ဖြစ် မြင်ချင်သေးသည်။ မနက်ကို ဘယ်သူမှ မနိုးခင်အစောကြီးထဲက အိမ်က ခိုးထွက်ရပါဦးမည်. .

* * *

www.burmeseclassic.com

www.burmeseclassic.com



## (၁၆)

လေဆိပ်သို့ ရောက်သောအခါ ကိုးနာရီခွဲနေပြီ။ သယ်ပိုးစရာဆိုလို့.. ဘာမှများများစားစားမပါပဲ.. သေတ္တာတစ်လုံး.. ပုခုံးမှာလွယ်သော အိတ်တအိတ်သာ ရှိသော သူမမှာ လိုက်ပို့နှုတ်ဆက်သူ မည်သည့်တစ်စုံတစ်ဦးမှလဲ မရှိခဲ့။

"ကိုယ်လုပ်ချင်တာကို ပြောမရဆိုမရလုပ်တဲ့ သမီးကို ငါ့ အသိအမှတ်မပြုတော့ဘူး.." လို့ မေမေက ဒီမနက်မှာ အတိအလင်းပြောသလို..

"ငါ့မြေး.. ဘာပယောဂဝင်လို့ ဒီလောက်ထိ မိုက်သွားရသလဲကွယ်.."



ဟူ၍ ဘွားအေကတော့ မျက်ရည်သုတ်လျက် တစ်ခွန်းပြောကာ.. အိမ်ခန်းထဲ ဝင်ပြီးရှောင်သွားခဲ့သည်။

လုပ်ချင်တာ.. လုပ်တာမဟုတ်ဘူး.. လေဘာတီကို ကိုယ်လုပ်ချင်တာလုပ်နေတယ်လို့ ဝေဖန်ကြသူတွေကိုလည်း ဘာမှ ပြေရှင်းမနေချင်တော့ဘူး။

လေဘာတီဟာ သူမကိုယ်သူမ.. ဘာလုပ်ရမှန်းကို မသိတော့လို့.. ခြေဦးတည့်ရာ လျှောက်လုပ်နေတော့တာပဲဖြစ်လေသည်။

ပန္နည်းတွေ.. စစ်ဆေးချိန်တွယ်ပြီးသည့်အခါ သူများတွေလို.. အလွမ်းသယ်စရာ.. နှုတ်ဆက်စရာတွေ ရှိမနေသော.. လေဘာတီတစ်ယောက်သာ အေးအေးဆေးဆေး ထိုင်စောင့်သူဖြစ်နေခဲ့သည်။

တကယ့်တကယ်.. သွားရတော့မယ်.. အားလုံးကို ခွဲသွားရတော့မယ်.. ဆိုတဲ့အခါ ဘယ်လောက်ပဲ နှင်တင်းထားသည်ပဲ ဆိုဆို.. တိတ်တဆိတ် မျက်ရည်သုတ်နေမိတော့သည်။

www.burmeseclassic.com



အထူးသဖြင့်. . ကိုကို့ကို မခွဲနိုင်တာပဲ ဖြစ်သည်။ ကိုကို့ကို အရမ်းချစ်မှန်း. . ကိုကိုက မခန့်မှန်းတတ်ခဲ့ပေမဲ့ သူမကတော့. . ရင်ထဲမှာ အချိန်ပြည့် အဲဒီစကားကို ရေရွတ်နေသူတည်း. .

ကိုကို. . မျှော်လင့်ထားတာထက် ကိုကို့ကို ပန်းလေးက အရမ်းချစ်နေခဲ့တယ်ကိုကို. . လို့ ဘယ်တော့မှ ပြောပြနိုင်ခွင့်မရတော့ပြီတည်း။

လေယာဉ်ပေါ်တက်ရချိန် နီးလာလေလေ. . ခြေလှမ်းတွေက သိသိသာသာ အားအင်ချို့နဲ့ လာလေလေ. . လေယာဉ်ဆီ ပို့ပေးသော ဘတ်စ်ကားနားကို ရောက်ကို မရောက်ချင်တော့. . ။

တတ်နိုင်သမျှ အချိန်တွေကို ဆွဲထားချင်သေးသည်။

ကိုကိုက. . ပန်းလေးကို အရမ်းချစ်တာ. . လို့ ကိုကို ပြောသာပြောတယ်. . တကယ့်တကယ်ကျတော့ ကိုကို တကယ်မချစ်နိုင်ပါဘူး. . ဒီလောက်ထိ အဆက်အသွယ်ဖြတ်သံယောဇဉ်ဖြတ်နိုင်တယ်ဆိုတာဟာ. .



"ဘတ်(စ)က. . ဒီအခေါက်နောက်ဆုံးပါပဲ. . လေယာဉ်ထွက်ချိန်နီးနေပါပြီ"

တာဝန်ရှိသူတစ်ဦး၏ ပြောသံကြောင့် ဒီတခေါက်တော့. . မဖြစ်မနေ ကားပေါ်တက်ရတော့မည်ဟု ဆုံးဖြတ်ရပါသည်။

သားရေအိတ်ကို ပုခုံးပေါ်မှာ လွယ်လိုက်သည်။ သေတ္တာကတော့ ကိုယ်တိုင်မသယ်တော့ပဲ ပစ္စည်းသယ်တဲ့အထဲ[illegible] ပးလိုက်ပြီးပြီမို့. . သိပ်မလေးလံလှသော ပုခုံးလွယ်[illegible]သော. . သူမသယ်ဖို့. . ယူထားလိုက်တာဖြစ်၏။

ထဲမှာ. . ကိုကိုနဲ့သူမတို့ ဓါတ်ပုံတွေပါတယ်. . လေယာဉ်ခရီးစဉ်တလျှောက်လုံးရော နားနေချိန်တွေရော. . မကြာခဏထုတ်ကြည့်နိုင်ဖို့ တမင်. . ဒီအိတ်ကို ယူထားတာ။

ကားပေါ်တက်ခါနီးတွင် လက်ဝှေ့ယမ်းပြနေသူများရှိရာ အပေါ်ထပ်ကို ဖြတ်ကနဲမော့ကြည့်လိုက်ချိန်တစ်ချက်လေးပါပဲ. .

"ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



ဟု . . သူမအသံထွက်ခေါ်လိုက်မိသည်အထိ . . အံ့ဩသွားရပါသည်။ လူပေါင်းများစွာထဲမှာ . . ငါးပေဆယ့်တစ်လက်မတိတိ မြင့်မားသော ကိုကို့ကို ထင်းကနဲမြင်လိုက်လေသည်။

သူမမျက်လုံးများနဲ့ မမျှော်လင့်ပဲ ဆုံသွားသဖြင့် ကိုကိုသည် ကမန်းကတန်းပုန်းကွယ်လိုက်ပုံရသည်။ ရပ်ကြည့်နေပေမဲ့ . . ထပ်မတွေ့ရတော့ . . လေဘာတီသည် ရင်တွေ တဒိုင်းဒိုင်းခုန်လျှက် ခြေတွေလက်တွေ အေးစက်တုန်ယင်လာပြီး မျက်ရည်တွေ တလဟောစီးကျလာကာ . .

"ကိုကို"

ဟု ခပ်ကျယ်ကျယ်ထပ်ခေါ်လိုက်မိပြန်သည်။

"ကားထွက်တော့မယ် . . အစ်မကားပေါ်တက်ပါတော့ခင်ဗျာ"

လေဘာတီသည် သူမကိုယ်သူမ ဘာလုပ်နေလို့ လုပ်မိမှန်းပင် . . မသိ။ ခေါင်းတွေ ချာချာလည်အောင် မူးနောက်နေတာလဲမသိ။ အမြင်အာရုံတွေ မှုန်ဝါးလာတာလဲ





မသိ . . ဘာမှမသိ . . မသိတော့ပြီ။

မျက်ဝန်းအစုံကို မှိတ်ချလိုက်သောအခါ အားလုံးကို သူမ . . မေ့သွားခဲ့တော့သည်။

* * *

သတိရရချင်း သူမ . . ထိတ်လန့်တကြားပင် . . ရန်းထလိုက်လျှင် . .

"ပန်းလေး"

ဟု ခပ်ဖွဖွ ခေါ်လိုက်သံတစ်ခုကြောင့် လေဘာတီသည် . . အသံကိုရှာဖွေဖို့ သိပ်တော့ မကြိုးစားလိုက်ရချေ။ ဘာကြောင့်လဲဆိုတော့ . . သူမ . . မှီခိုနေမိခဲ့ရာ . . ရင်ခွင်နွေးနွေးမှာ . . အဲဒီအသံရှင်ရဲ့ ရင်ခွင့်တစ်ခုပဲဖြစ်နေခဲ့၍တည်း။

"ကိုကို"

"မငိုနဲ့ . . မငိုနဲ့ ပန်းလေး . . ဒီဖလိုက်မှိုလိုက်လို့

www.burmeseclassic.com



စိတ်မပူပါနဲ့တဲ့. . ဒီက တာဝန်ရှိတဲ့ လူတွေက အဆင်ပြေသလို စီစဉ်ပေးဖို့ ကိုကို့ကို လာတိုင်ပင်ပြီး ပါပြီး ပန်းလေးသွားဖို့ ကိုယ်အားလုံးပဲ လိုက်စီစဉ်ပေးပြီးပြီ"

"မဟုတ်ဘူး. . မဟုတ်ဘူး. . ကိုကိုရဲ့. ."

လေဘာတီသည် ခုထိ ပြုံးနေနိုင်ဆဲ. . သူမအပေါ် အလိုက်သိနေဆဲ. . ကိုကို့လက်မောင်းတွေထဲ အားကိုးတကြီး ဖက်တွယ်ကာ. . ငို၍ တိုင်တည်မိတော့သည်။

"ကိုကို့. . ပန်းလေးကို ခွင့်လွှတ်ပါ. . ကိုကိုရဲ့ ကိုကို့ကို မခွဲနိုင်ဘူး. . ကိုကို့နားကဘယ်မှ မသွားနိုင်ဘူး. . သိရဲ့လား. . ကိုကိုက စွန့်ပစ်လိုက်တာ ခံရလို့. . ကိုယ့်ဘာသာဘာဆက်လုပ်ရတော့မှန်း မသိတော့တာမို့ ကြံမိကြံရာ လျှောက်လုပ်နေတာပါ. .

ပန်းလေး. . ပြင်သစ်ကို တကယ်သွားချင်တဲ့စိတ် မရှိတော့ပဲ. . ခြေဦးတည့်ရာ လျှောက်သွားသလို ပုံစံနဲ့သွားတာပါ. . ကိုကိုရဲ့. . ။ ကိုကို. . ပြန်လက်ခံမယ်ဆိုရင်. . ပန်းလေးတို့ကို့ဆီမှာပဲ ပြန်နေပါရစေနော်. . ပန်းလေးဘဝက ကိုကိုမရှိရင် မဖြစ်တော့ဘူး. .

ကိုယ့်ဘဝကိုယ်အသီးသီးဖန်တီးနေကြတာပါလို့. ကိုကိုက ဖန်ဆင်းမှ ပန်းလေးဆိုတာဖြစ်လာရတာပါ, .

ဘုန်းတော်ဖေ့ကြောင့် လေဘာတီဖြစ်လာရတာပါ, ကိုကိုရယ်"

ကိုယ်သည် အသံတိတ်လျှက်. . ခေါင်းညိတ်ပြပေမဲ့ ပန်းလေးတ. . မမြင်နိုင်။ ကိုယ့်ကို ခပ်တင်းတင်းဖက်တွယ်ကာ ငိုလို့ကောင်းဆဲတည်း။

လေဆိပ်အဆောက်အအုံ၏ ရုံးခန်းထဲမှာပဲ ရှိနေသေးသော သူတို့နှစ်ယောက်ရဲ့ အဖြစ်သနစ်ကို နှစ်ဘက်မိဘတွေ ရင်သပ်ရှုမောအောင် ခွင့်လွှတ်လက်ခံအောင်, ကျေနပ်နားလည်အောင်. . ရှင်းပြပေးဖို့. . ချစ်သူရှေ့က မားမားရပ်ဖို့အတွက် ဘုန်းတော်ဖေမှာ ကြိုတင်အစီအစဉ်ဆွဲနေရပါသည်။

ခုလောလောဆယ် ချစ်တဲ့ပန်းပွင့်လေးတစ်ပွင့် လန်းဆန်းကြည်လင်သွားစေဖို့ အားပေးချော့မော့ရပါဦးမည်။







www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရဲ့ပန်းလေးကို. . အမြဲတမ်းခွင့်လွှတ်ထားပါတယ်. . "

ရင်ထဲက. . ပြန်ပြောလိုက်သော. . စကားသံများကို ချစ်သူ. . မကြားနိုင်ပေမဲ့ ချစ်သူနားလည်နေပြီးသား ဆိုတာ. . ယုံကြည်လျှက်. . ကိုယ့်နှုတ်ဖျားက မည်သည့်စကားလုံးမှ မပြောဖြစ်သော်ငြား ရင်ထဲမှာတော့. . စကားလုံးများစွာ ပြောနေခဲ့လေပြီ။



ရှင်မိုး(ဆေးတက္ကသိုလ်)

*20 th October*

*Tuesday, 1998.*



www.burmeseclassic.com